www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# ပြိတ္တ


ကျောက်ပြာသာဒ်သခင် ကကြီးရှင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ခံချက်

ဤဝတ္ထုတွင်ပါဝင်သော ဇာတ်သဘင်၊အငြိမ့်နှင့် ပတ်သက်သောအချက်အလက်များမှာ

(၁) ရှေးဟောင်းသီချင်းနှင့်ဇာတ်သဘင်သမိုင်း၊
(လူထုဒေါ်အမာ)

(၂) မြန်မာတို့ဇာတ်ပွဲ
(ရွှာစားစိန်တင်ဟန်)

တို့ရေးသားပြုစုသောစာအုပ်များ၌ပါဝင်သော အချက်အလက်တို့ကို မှီငြမ်းကိုးကားရေးသားခြင်းဖြစ်ပါ ကြောင်းဝန်ခံပါသည်။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- လူအတော်များများသည်
  အခြားသူများထံမှ
  အကောင်းဆုံးကို အလိုရှိကြသည်၊
  မိမိထံမှ အကောင်းဆုံးပေးရန်တော့
  မေ့လျော့ကာ မသိကျိုးကျွံပြုထားတတ်ကြပေ၏။

- မျက်ရည်ကျခြင်းသည်
  မျက်လုံးကို ဆေးကြောပေးသည်ဟုသာ
  သဘောထားလိုက်ပါ၊
  စိတ်အနာတရဖြစ်ခဲ့လျှင်လည်း
  နောက်ထပ် စိတ်သစ်လူသစ် ဖြစ်လာစေရန်
  ပြောင်းလဲပေးခြင်းဟုသာ သဘောထားလိုက်ပါ။

- သစ်ပင်၏ ရှင်သန်ခြင်းသည်
  သေဆုံးခြင်းအတွက်သာ ဖြစ်သည်။
  မျိုးစေ့ကောင်းတစ်ခု ချန်ထားခဲ့လျှင်တော့
  နောက်ထပ် သစ်ပင်ပေါင်းများစွာ
  ထပ်မံပေါက်ပွားလာစေနိုင်ပါသည်။

# ဒဿနလက်ဆောင်

- မိုးရေစက်များကို သယ်ဆောင်လာသော
  လေနုအေးကို နှစ်သက်လျှင်
  ပျက်စီးတတ်သော လေနီကြမ်းဒဏ်ကိုလည်း
  ကြံ့ကြံ့ခံနိုင်အောင် အသင့်ပြင်ထားရပေမည်။

- ချစ်ခြင်းမေတ္တာဟူသည်
  အသည်းနှလုံး၏ ခံစားမှုပင်ဖြစ်သည်။
  ဘဝအကြောင်းအရာများ မည်သို့ပင်
  ဖြစ်ပျက်နေစေကာမူ
  ချစ်ခြင်းမေတ္တာအား မထိနိုက်စေသင့်ပေ။

- မှားယွင်းမှုပေါင်း များစွာတို့တွင်
  မိမိမှားယွင်းနေမှန်း သိသော်လည်း
  မသိကျိုးကျွံပြုကာ
  ဆက်လက်မှားယွင်းနေခြင်းသာ
  အများဆုံးဖြစ်သည်။

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ လူတစ်ယောက် ဒုက္ခရောက်နေသောအခါ
အပြစ်တင်သောစကား မဆိုပါနှင့်
မကူညီနိုင်လျှင်သော်မှ
ကရုဏာတရား ပွားပေးလိုက်ပါ၊

❖ အသက်ရှင်သန်နေခြင်းမှာ
တိုးတက်မှု ရှာဖွေရန်အတွက် ဖြစ်သည်၊
အသက်ရှည်နေပါသော်လည်း
တိုးတက်မှု ဘာတစ်ခုမှ မရခဲ့လျှင်
အသက်ရှင်နေသော်လည်း
သေနေသူကဲ့သို့ ဘဝဆုံးရှုံးရပေလိမ့်မည်၊

❖ လမ်းမှားပေါ်ရောက်နေတဲ့အခါ
မှန်မှန်သွားနေလို့ မရပါဘူး၊
မြန်မြန်ပြေးသင့် ပြေးရပါသည်၊
လမ်းမှန်ပေါ်ရောက်နေလျှင်တော့
မှန်မှန်သာသွားပါ၊
မြန်မြန်သွားလျှင် ခြေချော်တတ်ပါသည်၊

BURMESE CLASSIC

# ဒဿနလက်ဆောင်

❖ အိမ်ထောင်မပြုသေးခင်
ရွေးချယ်မှုအားလုံး သင့်တာဝန်သာ ဖြစ်တယ်၊
အိမ်ထောင်ကျပြီးလျှင်တော့
ကံကြမ္မာက ဆက်ပြီး တာဝန်ယူပေးပါလိမ့်မယ်၊

❖ လူတစ်ယောက်ရဲ့ရိုးသားမှုကို သိချင်ရင်
အခြားသူကို မေးရန်မလိုပါ၊
သူ့ကိုသာမေးကြည့်ပါ၊
ရိုးသားမှုအကြောင်း များများပြောလျှင်
မရိုးသားသူ ဖြစ်ပါတယ်၊

❖ လှောင်အိမ်ထဲကငှက်သည် အစာရှာဖွေဖို့ မလိုပေ၊
အပြင်မှာနေသောငှက်က အစာရှာဖွေရသည်၊
ဒီတော့ အပြင်မှာရှိသည့်ငှက်က အတွင်းဝင်ချင်သည်၊
အတွင်းရောက်နေတဲ့ငှက်က အပြင်ထွက်ချင်သည်၊
အိမ်ထောင်ပြုခြင်းသည် ဒီသဘောမျိုးသာဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ပွဲကြိုကျသောပရလောကသားများ

အခန်း(၂) ပွဲရေးတန်းမှ အကြွေးရောင်းသူ

အခန်း(၃) ကိုလိုနီခေတ်တာလ အငြိမ့်ထောင်ခြင်း

အခန်း(၄) လူမိုက်များဖျက်သဖြင့် ပွဲပျက်ရသောအကြောင်း

အခန်း(၅) တောနက်ထဲမှ ဝါရမိရှင်

အခန်း(၆) သရဲဝင်ဖျက်သဖြင့် ပွဲပျက်ရသောအကြောင်း

အခန်း(၇) ပွဲကြည့်သူမရှိဘဲ ကခဲ့ရသော အငြိမ့်ပွဲ

အခန်း(၈) တောနက်ထဲမှ ထူးဆန်းသောနေရာ

အခန်း(၉) ကျောက်ပြာသာဒ်ရွာမှ စောမာလာ

အခန်း(၁၀) ပွဲဦးကျိုးသော ပွဲဦးထွက်ည

အခန်း(၁၁) မင်းသမီးမဟုတ်သော မင်းသမီး

အခန်း(၁၂) သရဲကြောက်သော လူမိုက်များ

အခန်း(၁၃) ရုပ်ပြောင်းနာမ်ခွာ ဝိညာဉ်လောကမာယာ

အခန်း(၁၄) လွမ်းမောဖွယ်ရာ ဇာတ်သဘင်ပညာ

အခန်း(၁၅) ကျောက်ပြာသာဒ်သခင် ကကြိုးရှင်

အခန်း(၁၆) အချစ်သို့မဟုတ် ကကြိုးဆင်သောအရာ






# အခန်း(၁)

# ပွဲကြိုကျသော ပရလောကသားများ

အချိန်ကာလမှာ '၁၉၃၅'ခုနှစ် ဝန်းကျင်တစ်ဝိုက် ဖြစ်သည်။

ထိုအချိန်ကာလမှာ ရန်ကုန်မြို့တစ်ဝိုက်တွင် လူမိုက်များ ကြီးစိုးနေသော အချိန်ကာလဖြစ်ပြီး၊ နေရာအနှံ့အပြားခွဲ၍လည်း ဒုစရိုက်လုပ်ငန်းများက တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ် ပေါက်နေသော အချိန်မျိုးလည်း ဖြစ်ပေသည်။

ဥပမာအနေဖြင့် ရေးရလျှင် မိုးဦးကျအချိန်ရောက်လျှင်

www.burmeseclassic.com



နေရာအနှံ့အပြားတွင် ပေါ်ပေါက်လေ့ရှိသော မှိုပွင့်များကဲ့သို့ တစ်နေရာပြီးတစ်နေရာ ပေါ်ပေါက်နေခြင်းမျိုး ဖြစ်ပေသည်။

မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်နေသော အင်္ဂလိပ်မျက်နှာဖြူများအနေဖြင့်လည်း ကာလကြာလာသည်နှင့်အမျှ ၎င်းတို့၏ အုပ်ချုပ်မှုဩဇာအာဏာ မှေးမှိန်လာသောကြောင့် မျောက်အမြီးနှင့်မျောက်ချည်၊ ငါးကြင်းဆီနှင့်ငါးကြင်းကြော် ဆိုသကဲ့သို့ နေရာအတော်များများတွင် လက်သပ်မွေးထားသော လူမိုက်များအားကိုးဖြင့် စီမံအုပ်ချုပ်နေရသည့် အခြေအနေမျိုးသို့ ရောက်နေကြလေသည်။

အင်္ဂလိပ်များအနေဖြင့် မြန်မာနိုင်ငံအား သိမ်းပိုက်ရခြင်း အကြောင်းရင်းမှာ မြန်မာနိုင်ငံနှင့်နိုင်ငံသားတို့အား တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့ ရည်ရွယ်ချက်မျိုးမရှိဘဲ မြန်မာနိုင်ငံမှ ထွက်သော သယံဇာတပစ္စည်းများကို ရသမျှသယ်ဆောင်ယူရန်သာ ဖြစ်သောကြောင့် ယခုကဲ့သို့ ရန်ကုန်မြို့ပေါ် အနှံ့အပြားတွင် ဒုစရိုက်မှုများ မှိုလိုပေါက်နေပြီး လူမိုက်ကြီးများ တစ်ဗိုလ်တစ်မင်း ထူထောင်ပြီးနေကြသော်လည်း မသိဟန်ဖြင့် လစ်လျူရှုနေကြနေခြင်း ဖြစ်ပေသည်။

ထိုနယ်မြေများတွင် တာဝန်ကျသော ပုလိပ်အရာရှိများနှင့် ပုလိပ်များကလည်း ခေတ်ကာလ မကောင်းသောအချိန်တွင် ၎င်းတို့အတွက် အန္တရာယ်ဖြစ်စေမည့် အကြောင်းများကို ရှောင်ရှားလျက် လူမိုက်ကြီးများနှင့် မိတ်ဖက်ပြုကာ ပေးသမျှယူ၊ ကျွေးသမျှစားသော ဘဝမျိုးဖြင့်သာ နေခဲ့ကြလေသည်။





ထိုအချိန်ကာလတစ်ဝိုက်တွင် ရန်ကုန်မြို့တွင် လာရောက်နေထိုင်သူ မများလှသေးပေ။ နေထိုင်သူအများစုတို့မှာလည်း ကုလားနှင့်တရုတ်လူမျိုးတို့သာ များလေသည်။

တရုတ်လူမျိုးတို့မှာ လမ်းမတော်၊ သံဈေး၊ လသာ၊ တရုတ်တန်း၊ ဘိန်းတန်းတစ်ဝိုက်မှာပင် အနေများကြပြီး ရန်ကုန်တစ်မြို့လုံး ကုလားလူမျိုးက အများဆုံးနေထိုင်ကြသည်။

မြို့လည်တစ်ဝိုက်ဖြစ်သော ရွှေဘုံသာ (ယခင်ကချစ်တီးတန်း) ပန်းပဲတန်း၊ ကျောက်တံတား စသောရပ်ကွက်များတွင် ကုလားလူမျိုးများချည်းသာ နေကြသည်။

မြို့လယ်သာမကဘဲ မြို့စွန်ရပ်ကွက်များ ဖြစ်ကြသော ရေကျော်၊ ကြက်တန်း၊ သိမ်ဖြူ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ တာမွေ စသောနေရာများအပြင် သင်္ဃန်းကျွန်းဘူတာတစ်ဝိုက်မှာပင် ကုလားလူမျိုးများချည်းသာ အနေများကြလေသည်။

ရန်ကုန်မြို့၏ အုပ်ချုပ်ရေးနယ်ပယ်မှာလည်း ပုလိပ်အဖွဲ့၏ လက်အောက်၌ရှိသည် ဆိုငြားသော်လည်း ပြည့်ပြည့်ဝဝ အာဏာသက်ရောက်မှုမျိုးတော့ မရှိပေ။

ထိုအချိန်က ရန်ကုန်မြို့ကို သုံးပိုင်းခွဲ၍ ဒီ. ဝိုင်. အက်စ်. ပီ ခေါ် ရဲဝန်ထောက်သုံးယောက်က တာဝန်ယူ၍ စီမံအုပ်ချုပ်ခဲ့ကြလေသည်။

ရန်ကုန် အရှေ့ပိုင်း ၊ အလယ်ပိုင်း ၊ အနောက်ပိုင်းဟူ၍ သုံးပိုင်းခွဲကာ သက်ဆိုင်ရာဝန်ထောက်များက စီမံအုပ်ချုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ၎င်းတို့ချည်းအုပ်ချုပ်၍တော့ မရပေ။

ထို့ကြောင့် နယ်မြေအလိုက် တစ်ဗိုလ်တစ်မင်း နေကြသည့် လူမိုက်ကြီးများကို အားကိုးကြရသည်။

၎င်းတို့နှင့် အပေးအယူ လုပ်ထားခဲ့ကြရသည်။

ရန်ကုန်မြို့တွင် လူမိုက်တစ်ခေတ် ထွန်းကားခဲ့ရာ ကုလားလူမိုက်များက စတင်ခဲ့ခြင်းဖြစ်ပေသည်။

ကုလားလူမိုက်ခေတ်ကို စတင်ထူထောင်ခဲ့သူမှာ ကုလားသူဌေး မတ်စတီးခန်း ပင်ဖြစ်သည်။

နောက်ပိုင်းမှ မြန်မာလူမိုက်များ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

(ထိုလူမိုက်ကြီးများအကြောင်းကို အခြားရေးသားပြီးခဲ့သော စာအုပ်များတွင် ပြည့်စုံစွာရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်သဖြင့် ထပ်မံမဖော်ပြတော့ပေ။)

မတ်စတီးခန်း ကောင်းစားစဉ်က ဗိုလ်တစ်ထောင်ဘက်မှာ လူမိုက်ဘွဲ့ခံထားသော ကုလားသူဌေး မန်မဆာရှိသည်။

ထိုအချိန်က ယခု(၁၁)လမ်းဟုခေါ်သော ဖက်တန်း. . (ပိုက်တန်း)လမ်းထဲမှာ လူမိုက်တစ်ဦးရှိသည်။

ပုဏ္ဏားဘထွန်း ဆိုသူဖြစ်သည်။ ပုလိပ်မှတ်တန်းအချို့တွင် ပုဏ္ဏားဘထွန်းဟုလည်း ရေးသားဖော်ပြခဲ့ကြသည်။

ထိုလူမိုက်များ ကြီးစိုးအုပ်ချုပ်သောခေတ်မှာ ရန်ကုန်မြို့တွင် နှစ်အတော်ကြာအောင်ပင် ရှိခဲ့လေသည်။

နောက်ပိုင်းရောက်တော့ မြန်မာလူမျိုးများထဲမှာ လူမိုက်





နှစ်ဦး ပေါ်လာသည်။ ထိုလူမိုက်နှစ်ဦး ပေါ်လာပြီးနောက်တွင် ရှေ့ကပေါ်ခဲ့သော ကုလားလူမိုက်များ မှေးမှိန်သွားခဲ့ကြလေသည်။ ထိုနှစ်ဦးမှာ တစ်ဦးက လမ်းမတော် ဖိုးတုတ်ဖြစ်ပြီး၊ ကျန်တစ်ဦးက ဗိုလ်တစ်ထောင် ငမိုး ဖြစ်ပေသည်။

နောက်ပိုင်းရောက်တော့. . လမ်းမတော်ဘက်မှာနေသော လမ်းမတော် ဖိုးတုတ်နာမည်က တဖြည်းဖြည်းနှင့် ထင်ပေါ်လာပြီး ဗိုလ်တစ်ထောင်ဘက်မှာနေသော ဗိုလ်တစ်ထောင် ငမိုး နာမည်က မှေးမှိန်သွားခဲ့လေသည်။

ဝတ္ထုအစပိုင်းတွင် လူမိုက်ကြီးများအကြောင်းကို အစပျိုးရေးသားနေခြင်းမှာ ထိုအကြောင်းကိုရေးသားလိုခြင်းတော့ မဟုတ်ပေ။

လူမိုက်ကြီးတစ်ဦးနှင့် ဆက်စပ်နေသော အငြိမ့်ပွဲ၊ ဇာတ်ပွဲများ တည်ထောင်လျက် စီးပွားရှာနေသည့် ပွဲစားနှင့် ဇာတ်တည်ထောင်သူများအကြောင်းကို ရေးသားလိုသောကြောင့်ပင်ဖြစ်၏။

(၁၉၃၅)ခုနှစ်ဝန်းကျင်တစ်ဝိုက်လောက်က ကျုံးကြီးလမ်းနှင့် လမ်းမတော်တစ်ဝိုက်လောက်တွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲထူထောင်လျက် စီးပွားရှာသူတို့ များစွာရှိခဲ့ကြလေသည်။

လမ်းမတော်နယ်မြေဟု သတ်မှတ်သောနေရာမှာ. . မြောက်ဘက်တွင် သရက်တောကျောင်းတိုက် အပါအဝင်၊ ယခုဆေးကျောင်း၏ မြောက်ဘက်လမ်းမှ ယခုဂေါ်ဒဝင်လမ်း. .၊ တောင်ဘက်ကမ်းနားလမ်း၊ အနောက်ဘက် သခင်မြပန်းခြံရှိ



www.burmeseclassic.com

www.burmeseclassic.com



သော နေရာအထိ ကျယ်ဝန်းလေသည်။

လူမိုက်များက သူ့နေရာနှင့်သူ၊ သူ့ပိုင်နက်နှင့်သူ နေကြကာ မိုက်ကြေးခွဲကြသည်။

လူမိုက်ကြီးများက ဒုစရိုက်လုပ်ငန်းများ လုပ်နေကြသော်လည်း ဝင်ငွေအတွက်ပြရန် အလုပ်တစ်ခုခုတော့ ပြထားကြရသည်။ ထိုအချိန်က လမ်းမတော်နယ်မြေတွင် လူမိုက်ခေါင်းဆောင်နှစ်ယောက် ရှိခဲ့သည်။

လမ်းမတော်၊ သံဈေး၊ မော်တင်၊ ကီလီတစ်ဝိုက်ကို လမ်းမတော်ဖိုးတုတ်က သူ့ပိုင်နက်နယ်မြေဟု သတ်မှတ်ထားသည်။ ပုဏ္ဏားဘထွန်းက ကမ်းနားလမ်းတစ်ဝိုက်တွင် ကြီးစိုးထားသည်။

လူမိုက်ခေါင်းဆောင်နှစ်ယောက်စလုံးမှာ လူမိုက်တပည့် များစွာဖြင့် ဒုစရိုက်လုပ်ငန်းများဖြင့် စီးပွားရှာ စားကြသော်လည်း အမှုတစ်ခု ပေါ်ပေါက်လာပါက လုပ်ငန်းရှိကြောင်း သက်သေပြနိုင်ရန်အတွက်တော့ . တရားဝင်စီးပွားရေးတစ်ခုခု ထူထောင်ထားကြသည်။

အခြားစီးပွားရေးတော့ မဟုတ်ပေ။ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ထူထောင်ထားကြခြင်းပင်ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်ကလည်း အငြိမ့်ပွဲ ဇာတ်ပွဲငှားရမ်းပေးသော လုပ်ငန်းတစ်ခုကို ဗန်းပြထူထောင်ထားပြီး နောက်ကွယ်က ဒုစရိုက်လုပ်ငန်းများ လုပ်သည်။ ပုဏ္ဏားဘထွန်းကလည်း အငြိမ့်တည်ထောင်ထားသည်ကို ဗန်းပြပြီး နောက်ကွယ်





မှ လောင်းကစားဝိုင်းများ ပြုလုပ်ကာ အသက်မွေးဝမ်းကျောင်းပြုလေသည်။

လမ်းမတော် တိုက်နယ်ဟုခေါ်သော လမ်းမတော်ဂါတ်၊ အလုံဂါတ်နှင့် ကန်တော်မင်ဂါတ်တို့ကို အုပ်ချုပ်သော ရဲအင်စပက်တော်မင်းမှာ ထိုလူမိုက်ကြီးများနှင့် အဆက်အသွယ် မကင်းဘဲ ပေးသမျှယူ၊ ကျွေးသမျှစားနေရပေရာ ၎င်းတို့ပြုလုပ်နေသော ဒုစရိုက်မှုများကိုလည်း မသိကျိုးကျွံ ပြုထားခဲ့ရလေသည်။

ထိုအချိန်က ရန်ကုန်မြို့စွန်ရပ်ကွက်များမှာ ပျော်ပွဲရွှင်ပွဲများရှိလျှင် အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ငှားရမ်းလေ့ရှိကြသဖြင့် အငြိမ့်၊ ဇာတ်ထူထောင်ထားသူတို့ လုပ်ငန်းကောင်းကြသည်။

မိုးရာသီလောက်သာ လေးငါးလနားကြပြီး ကျန်အချိန်များမှာတော့ လုပ်ငန်းကောင်းကြသည်။

နှစ်စဉ် တန်ဆောင်မုန်း၊ နတ်တော်လရောက်သည်နှင့် တရုတ်ပွဲ၊ ဦးရှင်ကြီးပွဲ၊ လွှတ်လပ်ရေးအောင်ပွဲ စသည်ဖြင့် ပွဲအမျိုးမျိုး အဆက်မပြတ် ကျင်းပကြရာ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ထည့်သွင်းကျင်းပကြလေသည်။

ထိုအချိန်ရောက်လာသောအခါ ရန်ကုန်မြို့၌သာမက ဒလ၊ ဆိတ်ကြီးခနောင်တို၊ တွံ့တေးစသော နေရာများအပြင် မြစ်ဝကျွန်းပေါ်မြို့များ၌ပါ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြလေသည်။

ကျွန်တော်တို့ ငယ်ရွယ်စဉ် မော်လမြိုင်ကျွန်းမြို့ (မော်ကျွန်းမြို့)၌ နေခဲ့စဉ်က ထိုကဲ့သို့သော အချိန်မျိုး ရောက်လာပါက များစွာပျော်ရွှင်ဖွယ် ကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီကျော်၍ သီတင်းကျွတ်လရောက်သည်နှင့် တာဝတိံသာ ဘုရားဆင်းပွဲ စတင်ကျင်းပသည်။

ပြီးလျှင် ဦးရှင်ကြီးနတ်ပွဲ ကျင်းပပေးရသည်။

ဦးရှင်ကြီးနတ်ပွဲ ကျင်းပသောအခါ ဇာတ်ပွဲဖြစ်စေ အငြိမ့်ပွဲဖြစ်စေ သုံးရက်ထည့်ပေးရသည်။

ဦးရှင်ကြီးနတ်ပွဲအတွက် ဇာတ်ကပြီးတော့ တရုတ်ပွဲ ကျင်းပကြသည်။ တရုတ်ပွဲ ကျင်းပတော့လည်း အငြိမ့်ပွဲဖြစ်စေ ဇာတ်ပွဲဖြစ်စေထည့်ပြီး ကျင်းပကြသည်။

ထိုနှစ်ပွဲပြီးတော့ လွှတ်လပ်ရေးအောင်ပွဲ၊ ပြည်ထောင်စုပွဲ စသည်ဖြင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဆပ်ကပ်ပွဲများ ဆက်တိုက်ဆိုသလို ဝင်လာကြသည်။

မိုးမကုန်သေးခင် ရှေ့ပိုင်းမှာဝင်သော ဇာတ်ပွဲအငြိမ့်ပွဲများမှာ သာမန်သာဖြစ်သည်။ နာမည်အသင့်အတင့်ရှိသော ပွဲများဖြစ်သည်။ ထိုပွဲများပြီးသွားတော့မှ နာမည်ကြီးလှသော ဇာတ်အဖွဲ့ အငြိမ့်အဖွဲ့ကြီးများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ရောက်ကပြကြရာ တစ်နွေလုံး ပွဲမပြတ်တော့ပေ။

ထိုအခေတ်အခါက နာမည်ကြီးကြသော ရွှေကျီးညို၊ ဦးအောင်မောင်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ စိန်မာဒင် စသော ဇာတ်ပွဲကြီးများကပြသောအခါ လူကြိုက်များကြသည်။

နောက်ပိုင်း မြို့တော်သိန်းအောင် ဇာတ်ရောက်လာပြီး ကပြသောအခါ. . အမြင်ဆန်းသောပြဇာတ် ဇာတ်လမ်းများကြောင့် လူကြိုက်များကြလေသည်။





ဇာတ်အဖွဲ့ကြီးများမှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တင်ဆက်ပုံချင်း မတူကြသဖြင့် အကြိုက်ချင်းလည်း မတူကြပေ။

ရွှေမန်းတင်မောင် ဇာတ်အဖွဲ့လာလျှင် ဗုဒ္ဓဝင်ဇာတ်လမ်းများကပြရာ ကောင်းလှသဖြင့် ကြိုက်ကြသည်။

စိန်အောင်မင်းဇာတ်အဖွဲ့ကျတော့ နောက်ပိုင်းဇာတ်ထုပ်များ ကပြရာတွင် အသံကောင်းလှသဖြင့် လူကြိုက်သည်။

မြို့တော်သိန်းအောင် ဇာတ်အဖွဲ့ကျတော့ အော်ပရာ၊ ပြဇာတ်စသော ပြကွက်များကို အမြင်တစ်မျိုးဖြင့် တင်ဆက်ပြသသဖြင့် လူကြိုက်များကြသည်။

မည်သို့ပင်ရှိစေ၊ ထိုအချိန်က နယ်မြို့ကလေးများတွင် ဇာတ်အဖွဲ့ကြီးများ လာရောက်ကပြပါက ရုံပွင့်၊ ရုံလျှံဖြစ်သည် အထိ အားပေးကြည့်ရှုကြလေသည်။

(၁၉၃၅)ခုနှစ်လောက်က မော်ကျွန်းမြို့ဧရိယာ နယ်နိမိတ်မှာ ယခုမြင်ရသော အနေအထားလောက် မကျယ်လှသေးပေ။

မဟာဝတ္ထုကံကျောင်း အနောက်ဘက် မြို့ပတ်လမ်းရှိသောနေရာ အနောက်ဘက်ရောက်ပါက ဟိုဘက်မှာ လယ်ကွက်များသာ ရှိတော့သည်။ ထိုမြို့ပတ်လမ်းဟုခေါ်သောလမ်းမှာ (၁၃)လမ်းနှင့် တစ်ဆက်တည်းဖြစ်သည်။

လမ်းဆုံးတော့ သုသာန်သို့ ရောက်လေသည်။

(၁၃)လမ်းမှာလည်း တာဝတိံသာ ဘုရားလမ်းရှိသောနေရာလောက်သာ လူနေအိမ်ရှိပြီး အနောက်ဘက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းများသာ ရှိတော့သည်။

စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း၊ သူဌေးကျောင်းတို့ လွန်လျှင်တော့ ဘာမှမရှိတော့ပေ။

လမ်းတလျှောက်လုံး ကြီးမားသော ကုက္ကိုပင်ကြီးများ အုပ်မိုးနေသောကြောင့် ညအချိန်ရောက်ပါက မှောင်မည်းနေလေတော့သည်။

မသာချသော လမ်းလည်းဖြစ်ပြန် လူသူမရှိသော လမ်းလည်း ဖြစ်သောကြောင့် ညအချိန်ရောက်လျှင် ထိုဘက်သို့ ဘယ်သူမှ မသွားဝံ့ကြတော့ပေ။

သရဲခြောက်သည်၊ ဥစ္စာစောင့်ပေါသည်ဟု နာမည်ကြီးသောကြောင့်လည်း တော်ရုံနှင့် မသွားမလာဝံ့ကြခြင်းပင် ဖြစ်ပေသည်။

သို့သော်လည်း အခြားအချိန်များ၌သာ သွားလာခြင်း မပြုကြသော်လည်း ရုပ်ရှင်ရုံများတွင် ရုပ်ရှင်ဇာတ်ကားကောင်းကောင်းပြသလျှင်သော်လည်းကောင်း၊ ကျောက်တိုင်ကွင်း၌ ဇာတ်ပွဲကောင်းကောင်း ကပြလျှင်သော်လည်းကောင်း ထိုလမ်းပေါ်၌ လူသွားလူလာများ ရှိပေသည်။

နောက်ပိုင်းကွက်သစ်များ ဖော်ပြီးသောအချိန်ရောက်မှ ဘုရားကြားနှင့် ကျောင်းကြားတွင် (၁၁)လမ်းနှင့်တစ်ဆက်တည်း ဖြစ်အောင် ဖြတ်လမ်းဖောက်ပေးလိုက်သောကြောင့် သွားရေးလာရေး အဆင်ပြေသွားကြသော်လည်း ထိုလမ်းမဖောက်ခင် အချိန်က အနောက်ဘက်မှာရှိသော လယ်ကွင်းများ၊ ရွာများတွင်





နေကြသူတို့မှာ မြို့ထဲသို့လာလိုလျှင် လူပြတ်သော မြို့ပတ်လမ်းမှတဆင့် သွားလာကြရသည်။

တစ်နေ့တော့ ကျောက်တိုင်ကွင်း ဇာတ်ရုံတွင် ဦးအောင်မောင်းဇာတ်ပွဲ ဝင်ရောက်ကပြလေသည်။

ထိုခေတ်အချိန်က ဇာတ်မင်းသားထဲတွင် ဦးအောင်မောင်းလောက် ခြေထိုးအကကောင်းသူ မပေါ်ခဲ့ပေ။ ခြေထိုးကောင်းလွန်းသဖြင့် "အောင်မောင်းခြေထိုး"ဟူသော စကားပင် ပြောစမှတ်တွင် ကျန်ခဲ့သည်။

ဦးအောင်မောင်း နောက်ပိုင်းကသော ဇာတ်ထုပ်များထဲတွင် ရှင်မွေးလွန်း မင်းနန္ဒာဇာတ်နှင့် ပန်းပဲမောင်တင့်တယ်ဇာတ်ထုပ်နှစ်ထုပ်မှာ အကောင်းဆုံးဖြစ်ပေသည်။

ပန်းပဲမောင်တင့်တယ် ဇာတ်ထုပ်ကလျှင် ဆိုင်းဆရာများပင် မျက်ရည်ကျရသည်ဟု ပြောကြသည်။

ကျောက်တိုင်ကွင်းမှာ ဦးအောင်မောင်းဇာတ်ပွဲသွင်းတော့ မြို့ပေါ်မှာသာမကဘဲ ရပ်ဝေးရပ်နီးနေရာများမှပင် လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် လာရောက်ကြည့်ကြသည်။

တုံးလှဲချောင်း အရှေ့ဘက်၊ အနောက်ဘက်မှာရှိကြသော ရွာများမှာ နေကြသူများကလည်း လှည်းဖြင့်လာသူလာ၊ ခြေလျင်လျှောက်လာသူကလာဖြင့် ပွဲကြည့်ရန် လာကြလေသည်။

တစ်နေ့သ၌ ည၉ဦးပိုင်းအချိန်လောက်တွင် အနောက်ဘက်လယ်ကွင်းများထဲတွင် စိန်မှတ်နှင့်စိန်လှတို့ ညီအစ်ကိုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စကား တပြောပြောနှင့် လျှောက်လာကြသည်။

သူတို့နှစ်ယောက်လာသောအချိန်တွင် မြို့ဘက်သို့သွားသော လမ်းပေါ်တွင် လူသွားလူလာ မတွေ့ရတော့သလောက်ရှင်းလင်းနေလေပြီ။

"လမ်းမှာအဖော်တောင် မတွေ့ရတော့ပါလား"

"ရွာဘက်ကသွားတဲ့သူတွေက မိုးမချုပ်ခင်ကတည်းကသွားနှင့်ကြရောပေါ့၊ ငါတို့နှစ်ယောက်မှာသာ အလုပ်တွေမပြီးလို့ အခုမှလာကြရတာ"

ဟု လျှောက်လာရာ မြို့ပတ်လမ်းရောက်တော့ သူတို့ရှေ့မနီးမဝေးမှ တဖြည်းဖြည်းလျှောက်သွားနေသော မိန်းကလေးနှစ်ယောက်ကို လှမ်းမြင်ရလေသည်။

ထိုလမ်းတစ်လျှောက်မှာ လမ်းမီးရောင်လည်းမရှိ။ အပေါ်မှလည်း ကုက္ကိုပင်ကြီးများ အုပ်မိုးနေသောကြောင့် လမ်းတလျှောက်လုံး မှောင်မည်းနေလေသည်။

သို့သော်လည်း ရှေ့မှတဖြည်းဖြည်း လျှောက်နေကြသော မိန်းကလေးနှစ်ယောက်ကိုတော့ ကောင်းစွာလှမ်းမြင်နေရသည်။

"ရှေ့မှာ မိန်းကလေးနှစ်ယောက်ပါလား"

"ငါတို့အတွက် အဖော်ရတာပေါ့၊ သူတို့ကို အမီလိုက်ရမယ်"

ဟုပြောပြီး ခြေလှမ်းခပ်သွက်သွက်ဖြင့် လိုက်သွားကြသူဌေးကျောင်းရှေ့ရောက်တော့ မီသွားသည်။





"ငါ့ညီမတို့က ဘယ်သွားကြမလို့လဲ"

စိန်မှတ်ကမေးလိုက်တော့ နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်ပြီး ပြုံးပြသည်။

"ပွဲကြည့်သွားမလို့ပါ"

"နှစ်ယောက်တည်းပဲလား၊ အဖော်တွေ မပါဘူးလား"

"အဖော်တွေက သွားနှင့်ကြပြီ၊ ကျွန်မတို့သာ အလုပ်မအားလို့ အခုမှထွက်လာကြတာ၊ အစ်ကိုတို့ရော ဘယ်သွားကြမှာလဲ ပွဲဈေးသွားကြမှာပဲလား"

"ဟုတ်ပါတယ်. . ပွဲကြည့်သွားကြမှာပါ၊ ငါ့ညီမတို့ နှစ်ယောက်တည်း ဖြစ်နေရင် အစ်ကိုတို့နဲ့အတူတူ ပွဲကြည့်ကြရင်မကောင်းဘူးလား"

စိန်လှက ဝင်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ သံသေတ္တာတံတားရောက်ရင် အဖော်တွေ စောင့်နေကြပါလိမ့်မယ်"

ဟု ပြန်ပြောသဖြင့် စိန်လှခမျာ ခဲလေသမျှ သဲရေကျဖြစ်သွားလေသည်။

"ဒါထက် ညီမတို့က ဘယ်ရွာကလာကြတာလဲ"

"မဝေးပါဘူး ဟိုးဘက်နားတင်ပါ"

မိန်းကလေးတစ်ယောက်က မြောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

"ဒီလမ်းဆုံးအောင်သွားရင် ကျွန်မတို့နေတဲ့နေရာရောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိန်မှတ်နှင့်စိန်လှတို့ နှစ်ယောက်စလုံး မျက်လုံးပြူးသွ
သည်။ မြို့ပတ်လမ်းဆုံးသောနေရာ၌ ရွာမရှိပေ၊ သုသာန်သာ
ရှိသည်။

"အဲ. . အဲဒီဘက်မှာ ရွာရှိသေးလို့လား၊ သုသာန်သာ
ရှိတော့တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မတို့လည်း အဲဒီသုသာန်မှာ
နေကြရသေးတယ်၊ ကျွန်မဆိုရင် သုသာန်ရောက်တာတော
သိပ်မကြာသေးဘူး၊ စောစောကမှ မြေကျင်းထဲက ပြန်ထလာ
ရေချိုး သနပ်ခါးလိမ်းနေလို့ နည်းနည်းကြာသွားရတာ"

ဟု ပြောကာရယ်ပြလေသည်။ ထိုသို့ရယ်ပြရင်းမှ
ပါးစပ်က တဖြည်းဖြည်းပြဲထွက်လာပြီး သွားများပေါ်လာ
တော့သည်။

"စိန်မှတ်ရေ လူမဟုတ်ဘူးဟေ့ သရဲမတွေဟ၊ လွှ
အောင်သာပြေးပေတော့"

ဟုပြောပြီး ထွက်ပြေးကြရာ သံသေတ္တာချောင်းကို ထိ
ထားသော တံတားပေါ်ရောက်တော့ ထိုနေရာမှထွက်လာသော
သရဲသဘက်များကို ထပ်တွေ့ရပြန်သည်။ နောက်မှလိုက်လာ
သော မိန်းကလေးနှစ်ယောက်မှာလည်း စောစောကတွေ့ရသော
ပုံပန်းသဏ္ဌာန်မျိုး မဟုတ်တော့ပဲ ပုံပျက်ပန်းပျက်ဖြစ်ကာ အနား
သို့ရောက်လာကြလေသည်။

"ပွဲကြည့်သွားရင် ငါတို့လည်းလိုက်မယ်"
"ပွဲကြည့်သွားရင် ငါတို့လည်းလိုက်မယ်"





လူသွားလူလာ ပြတ်လှသော မြို့ပတ်လမ်း တစ်နေရာ
မှာတော့ ကြောက်လန့်တကြား အော်သံဟစ်သံများ ပေါ်ထွက်
လာသော်လည်း လူနေအိမ် မရှိသောကြောင့် မည်သူမှ လာ
ရောက် အကူအညီမပေးနိုင်ကြတော့ပါပေ။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ပွဲသိမ်း
သဖြင့် ပြန်လာကြသော လူများက သံသေတ္တာတံတားပေါ်မှာ
မှုပ်ပျက်ဆင်းပျက်နှင့် သေဆုံးနေသော. . လူနှစ်ယောက်အ
လောင်းကို တွေ့ကြသဖြင့်. . သက်ဆိုင်ရာသို့ သွားရောက်အ
ကြောင်းကြားပေးရပေသည်။

ထိုအဖြစ်အပျက်မှာ ကျွန်တော်တို့ ငယ်ရွယ်စဉ်က မော်
ကျွန်းမြို့(မော်လမြိုင်ကျွန်းမြို့)တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အ
ပျက်တစ်ခုပင် ဖြစ်ပေသည်။

ပွဲကြိုက်သူတို့မှာ အချိန်မတော်သွားလာကြရသဖြင့်
သရဲသဘက်စသော ပရလောကသားများ၊ ဥစ္စာစောင့်များနှင့်
တွေ့ရကြုံရသည်ကတော့ အဆန်းတကြယ် မဟုတ်တော့ပါချေ။


ရှေ့အခန်းများတွင် ဇာတ်ထောင်၊ အငြိမ့်ထောင်သူ
များ၊ ဇာတ်သဘင်အဖွဲ့၊ အငြိမ့်အဖွဲ့များမှာ ပွဲကြိုက်သော ပရ
လောကသားများနှင့် တွေ့ကြုံရသောအကြောင်းများကို ဆက်
လက်ရေးသားဦးမည် ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၂)

# ပွဲဈေးတန်းမှ အကြွေးရောင်းသူ

မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့တွင် မြစ်ရေသည် ရေတက်ရေကျမရှိဘဲ အထက်ပိုင်းမှ အောက်ပိုင်းသို့သာ စီးဆင်းနေသော်လည်း မြစ်ဝကျွန်းပေါ် အရပ်ဒေသများမှာတော့ ရေတက်ရေကျရှိသည်။

အဘယ်ကြောင့်ဆိုသော် ဒီရေတက်သော ပင်လယ်အရပ်ဒေသနှင့် နီးသောကြောင့် ဖြစ်သည်။ ရေတက်ရေကျမှာ တစ်ရက်လျှင် လေးကြိမ်ရှိသည်။ မနက်(၆)နာရီမှာ ရေတက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် နေ့လည်(၁၂)နာရီရောက်လျှင် ရေပြည့်ပြီး ရေပြန်ကျသည်။ ညနေ(၆)နာရီတွင် ရေပြန်တက်ပြီး သန်းခေါင်ယံအချိန်တွင် ရေပြည့်သည်။

ထိုအချိန်တွင် ပြန်ကျသောရေသည် နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ ရေစစ်ချိန် ရောက်သွားပေပြီ။

ရေတက်ချိန်မှာ တစ်နေ့လျှင် တစ်နာရီကွာသည်။ လဆန်းတစ်ရက်နေ့တွင် နေ့လည်(၁၂)နာရီ အချိန်ရောက်မှ ရေတက်ပြီး၊ နှစ်ရက်နေ့ရောက်တော့ နေ့လည် တစ်နာရီရောက်မှရေပြန်တက်သည်။

တစ်ရက်လျှင် တစ်နာရီခြားပြီး ရေတက်ခြင်း၊ ရေကျခြင်း ရှိလေသည်။ ကျေးလက်တောရွာများတွင် နေထိုင်သူများမှာ သဘာဝနာရီကို အမှတ်အသားပြုပြီး အလုပ်လုပ်ရမည့်အချိန်ကို သတ်မှတ်ကြသည်။

ရှေးအခါက ကျေးလက်တောရွာများတွင် နေထိုင်ကြသူတို့မှာ လူတစ်ယောက်မှာ နာရီတစ်လုံးပတ်ဖို့နေနေသာ အချို့ရွာများတွင် တစ်ရွာလုံးမှာ နာရီတစ်လုံးမှ မရှိကြပေ။

အချို့ကျေးရွာများမှာတော့ ဘုန်းကြီးကျောင်းတွင် တိုင်ကပ်နာရီ လှူဒါန်းထားရာ နာရီသိချင်လျှင် ကျောင်းသို့ပြေးကြည့်ကြသည်။

အချို့ကျောင်းများကတော့ ထိုသို့လာမကြည့်ရအောင် တစ်နာရီတစ်ကြိမ်ကျ နာရီသံချောင်း သို့မဟုတ် အုန်းမောင်းခေါက်ပေးကြသည်။





ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများမှာ နံနက်အာရုဏ်တက်ချိန် အုန်းမောင်းခေါက်လျှင် နာရီအချိန်သာမကဘဲ နေ့နှင့်ရက်ပါသိစေရန် သင်္ကေတဖြင့် ခေါက်ပေးလေ့ရှိကြသည်။

ရှေးခေတ်အခါက ပြက္ခဒိန်မရှိသော နာရီမရှိသော ကျေးရွာများတွင် ဘုန်းကြီးကျောင်းမှခေါက်ပေးသော အုန်းမောင်းသံကို နားထောင်ကြည့်ရုံဖြင့် နေ့ရက်နှင့်နာရီကို သိကြရသည်။

အုန်းမောင်းခေါက်သံအဆုံးတွင် တစ်ချက်ခေါက်လျှင် တနင်္ဂနွေနေ့၊ နှစ်ချက်ခေါက်သံဖြင့် အဆုံးသတ်လျှင် တနလ်ာနေ့ စသည်ဖြင့် အမှတ်အသားပြုကြရပေသည်။

ဘုန်းကြီးကျောင်းမရှိသော ဝေးသောနေရာများတွင် နေထိုင်ကြသူများအတွက်ထည်း စက်နာရီ မရှိသော်မှ သဘာဝနာရီများရှိသဖြင့် ပူစရာမလိုပေ။

ဒီရေအတက်အကျ၊ ဘုတ်ငှက်အော်သံ၊ ကြက်တွန်သံတို့မှာ သူတို့အတွက် အချိန်ကိုပြောပြသော သဘာဝနာရီများပင် ဖြစ်ကြလေသည်။

ထိုကဲ့သို့သော သဘာဝကပြောပြသည့်နာရီကို မှတ်သားထားပြီး အလုပ်ခွင်ဝင်ကြရသည်။

လယ်ကွင်းများထဲသို့ သွားခြင်း၊ မြစ်ချောင်းများထဲဆင်းပြီး ငါးပုစွန်ရှာဖွေခြင်း၊ သစ်တောသို့သွားခြင်း စသော အလုပ်များ လုပ်ကိုင်ကြသည်။

မြစ်ချောင်းများထဲ သွားမည့်သူများမှာ ရေတက်ချိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေကျချိန်ကို သိထားရပေသည်။

အထက်ပိုင်းသွားမည့်သူမှာ ရေကျချိန်မှာ သွားလာ၍ မရပေ။ ရေတက်လာချိန်ကိုစောင့်ပြီးမှ သွားလာ၍ရသည်။ အောက်ပိုင်း အရပ်ဒေသမှာရှိသော သစ်တောများအတွင်းသို့ သွားမည့်သူများကတော့ ရေကျချိန်ကိုစောင့်ပြီး သွားလာကြရသည်။

သစ်တောများသို့ ထင်းဖြတ်၊ သစ်ခုတ်ရန်အတွက် သော်လည်းကောင်း၊ ငါးပုစွန်ရှာဖွေရန် သွားလာလိုသူများမှာ ရေကျချိန် သွားကြရသည်။

ပိုလ်ကလေးမြို့မှသော်လည်းကောင်း ၊ မော်ကျွန်းမြို့မှ သော်လည်းကောင်း လှေကြီးများဖြင့် အုပ်စုဖွဲ့ပြီး ထင်းဖြတ်ဆင်းသူတို့မှာ နံနက်ပိုင်းရေကျချိန်မှာ ရေစုန်အတိုင်း ဆင်းသွားလျှင် ရေပြန်တက်လာသော နေ့လည်ပိုင်း အချိန်ရောက်လျှင် လမ်းခရီးတစ်ထောက်သို့ ရောက်ပြီးနားကြရသည်။

လေမိုးသာသောနေရာတွင် နားကြပြီး . ထမင်းစားသောက်ပြီး တစ်ရေးတစ်မော အိပ်ကြသည်။

နေ့လည်ပိုင်း တက်သောရေက ညနေပိုင်းအချိန်ရောက်တော့ ပြန်ကျသည်။

ထိုအခါ လေမိုးသာလျှင် ဆက်သွားကြပြီး၊ လေမိုးမသာလျှင်ဖြင့် ညအချိန် မသွားကြတော့ဘဲ နောက်တစ်နေ့ နံနက်ရေကျတော့မှ ခရီးဆက်သွားကြသည်။

အောက်ပိုင်းဒေသမှာရှိသော သစ်တောများရှိရာသို့ နှစ်ရေကျဆင်းပါက ရောက်နိုင်ပေသည်။

ရှေးအခါက အောက်ပိုင်းဒေသတွင် ကနစိုသစ်တောကြီးများရှိစဉ်က တောသို့ထင်း ဖြတ်သွားကြသည်မှာ ပျော်စရာကောင်းလှသည်။

ထင်းပေါက်ခြမ်း တစ်ထောင်ကျော်၊ နှစ်ထောင်ပါသော ဘွန်းလှေကြီးများ နှစ်စင်း၊ သုံးစင်းအဖော်ပြုပြီးသွားကြခြင်း ဖြစ်သည်။

လှေတစ်စင်းပေါ်မှာ လူငါးယောက်၊ ခြောက်ယောက်ပါလာရာ လှေနှစ်စင်းသုံးစင်းဆိုပါက (၁၅)ယောက်ခန့် ဖြစ်သွားပြီး ပျော်စရာကောင်းသည်။

ထမင်းစားလျှင်လည်း လှေချင်းဆက်ထားပြီး ဝိုင်းဖွဲ့စားသောက်ကြသည်မှာ အတော်ပင် ပျော်စရာကောင်းလှပေသည်။

တောဆင်းသောအခါ လှေသုံးလေးစင်း အဖော်ပြုပြီး သွားလာ ကြခြင်းမှာလည်း တောထဲတွင် ကျား၊ ဆင် စသော တောတိရစ္ဆာန်များနှင့်တွေ့လျှင် လူများတော့ပို၍ အားရှိကြသော ကြောင့်ဖြစ်သည်။

သစ်တောတွင်းရောက်သောအခါ လှေကြီးများကို ရှေ့ဆင့်နောက်ဆင့် ဆိုက်ထားပြီး တောပေါ်တက်၍ အလုပ်လုပ်သောအခါမှာတော့ မိမိတို့နှစ်သက်သဘောကျသော နေရာများသို့ သွားရောက်လုပ်ကိုင်ကြလေသည်။

ရင်းတို့ အမိကဖြတ်ယူသောသစ်မှာ ထင်းအတွက်အသုံးပြုသော ကနစိုသစ် အမျိုးအစားပင်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ကနစိုသစ်များကို ခုတ်လှဲယူရာတွင် သစ်တောထဲမှာ ရက်ပေါင်း (၂၀)ကျော်ကြာအောင် နေကြရသည်။ အခန့်မသင့်ပါက တစ်လကိုးသီတင်းကြာချင်လည်း ကြာတတ်ပေသည်။

ထိခိုက်ဒဏ်ရာရခြင်းနှင့် အခြားရောဂါများ မရပါမှ ပုံမှန်အတိုင်း ပြန်နိုင်ကြပြီး၊ အကယ်၍အဖျားရောဂါ၊ ထိခိုက်ဒဏ်ရာရခြင်းများ ရှိပါက မထင်မှတ်ပဲ ပိုမိုကြာတတ်ပေသည်။

ထို့ကြောင့် တောဆင်းသူများမှာ ဆန်၊ ရိက္ခာနှင့် ဆေးဝါးတို့ကို လုံလောက်အောင် ယူဆောင်သွားကြရသည်။

လှေလေးပြီဆိုလျှင်တော့ မြို့သို့ပြန်လာကြသည်။

ထိုအချိန်မှာ သစ်တောဆင်းသော အလုပ်သမားများအတွက် ပျော်ရွှင်စရာကောင်းသော အချိန်အခါမျိုး ဖြစ်ပေသည်။

မိသားစုများနှင့် တစ်လကိုးသီတင်း ခွဲခွာနေကြရာမှ ပြန်လည်တွေ့ရတော့မည်မို့ ကိုယ်စီကိုယ်ငှ ပျော်ရွှင်နေကြခြင်း ဖြစ်သည်။

မတတ်သာသောကြောင့်သာ အကယ်၍သာ တတ်နိုင်ပါက ရေဆန်ပင်ဖြစ်စေ လှော်ခတ်၍ ပြန်ချင်စိတ်မျိုး ရှိကြပေသည်။

ထို့ကြောင့် ရှေးအခါက သစ်တောဆင်းကြသော အလုပ်သမားကြီးများက "အိမ်အပြန် ရေဆန်မရှိပေ" ဟူသော စကားမျိုးပင် ထားခဲ့ကြလေသည်။

တစ်နေ့သ၌ ဗိုလ်ကလေးမြို့ ထင်းပွဲရုံများမှ အုပ်စုဖွဲ့ပြီး တောဆင်းကြသော ထင်းဖြတ်သမား လှေသုံးစင်းမှာ လှေလေး





ဖြင့် မြို့သို့ပြန်တက်လာကြလေသည်။

၎င်းတို့ပြန်တက်လာသောရက်မှာ ရေထရက် မဟုတ်သဖြင့် ရေစီးမသန်လှပေ။

ထို့ကြောင့် ရေကျော်ကြီးဘက်မှ ညဦးပိုင်းအချိန် တက်လာကြရာ သန်းခေါင်ယံ ရေကျကာနီးအချိန် ရောက်တော့မှ ဖောင်ဝင်မြစ်ကို ကူးမိရုံသာရှိပေသေးသည်။

ထိုအချိန်ကာလက ကျွန်းညိုကြီးဘက်မှာပင် လူနေအိမ်ခြေမရှိကြသေးပေ။ ဖောင်ဝင်မြစ် ဖြတ်ပြီးသောအခါ ဦးဘရွှေက အားလုံးကြားအောင် အော်ပြောလေသည်။

"ရေကျတော့မယ်ဟေ့၊ ငါတို့ ထိပ်ချောင်းထဲ ဝင်နားကြရင်ကောင်းမယ်"

"ကောင်းတာပေါ့ အဘရွှေရာ၊ အဲဒီဘက်မှာ ဘာပွဲရှိသလဲ မသိဘူး ဆိုင်းသံဗုံသံတွေ ကြားနေရတယ်"

သန်းရွှေက ပြန်ပြောသည်။

သန်းရွှေပြောသဖြင့် အခြားလှေများကပါ နားစွင့်ကြည့်သောအခါ ဆိုင်းသံ၊ ဗုံသံများ ကြားကြရသဖြင့် ဝမ်းသာသွားကြလေသည်။

"ဟန်ကျပြီဗျို့ ရှေ့နားမှာ ဇာတ်ပွဲကနေတယ်ဗျ၊ လှေနားရင်းနဲ့ ပွဲတက်ကြည့်လို့တောင် ရမယ်ထင်တယ်"

ဟုပြောပြီး ခတ်လာကြရာ ရှေ့တစ်ကွေ့ကျော်သောအခါ ကမ်းနှင့်မနီးမဝေးနေရာတွင် မီးရောင်တထိန်ထိန်ဖြင့် ကျင်းပနေသော ပွဲဈေးတန်းကြီးကို လှမ်းမြင်ရသဖြင့် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားကြလေသည်။

ထို့ကြောင့် ထိုနေရာရောက်အောင် လှေခတ်သွားပြီး ကမ်းစပ်မှာပင် လှေရပ်နားကြလေသည်။

ပွဲကနေသောနေရာမှာ ကမ်းနှင့်မဝေးလှပေ။

လမုတောများ ကွယ်နေသဖြင့် ကမ်းပေါ်သို့ မမြင်ရ သော်လည်း မီးရောင်များကို မြင်နေရသည်။

လူသံလူသံများ ကြားနေရသည်။ ဇာတ်ပွဲမှတီးမှုတ် သီဆိုနေသော ဆိုင်းသံ၊ ဗုံသံ၊ သီချင်းသီဆိုနေသော အသံများ ကို အတိုင်းသား ကြားနေရသည်။

လှေများရပ်နားပြီးသောအခါ ပွဲကြိုက်သူများက ကမ်း ပေါ်တက်ပြီး ပွဲကြည့်ရန်ပြင်ကြသည်။

အချို့ကတော့ ပင်ပန်းနေသောကြောင့် မလိုက်ကြ တော့ပေ။ နောက်တော့ လူခြောက်ယောက်တို့မှာ မတော်လှေ ကလေးဖြင့် ကမ်းဘက်သို့ကူးသွားကြသည်။

စိန်မောင်ဆိုသူက ဦးဆောင်ပြီးတက်သွားကြခြင်းဖြစ်၏။ လမုတောများအစပ်တွင် လှေထားခဲ့ပြီး ကမ်းပေါ်တက်သွား သောအခါ မီးရောင်တထိန်ထိန်ဖြင့် စည်ကားလှသော ပွဲဈေး တန်းကြီးကို အရင်မြင်ရသည်။

ပွဲဈေးတန်းမှာတော့ ဈေးရောင်းသူအချို့သာရှိပြီး ဈေး ဝယ်သူများတော့ မများလှပေ။

အဘယ်ကြောင့်ဆိုသော် ညဥ့်နက်ပိုင်းပွဲထွက်နေပြီ ဖြစ် သောကြောင့် အားလုံးပွဲခင်းထဲ ရောက်နေကြပြီဖြစ်ရာ ပွဲခင်းထဲ





မှာ လူသွားလူလာရှင်းနေခြင်း ဖြစ်လေသည်။

စိန်မောင်တို့တတွေမှာ မီးရောင်မှိန်မှိန်ဖြင့် ရောင်းချ နေသော ဒေသထွက်အစားအသောက်များကို မြင်သဖြင့် စား သောက်ချင်သော်လည်း ငွေတစ်ပြားတစ်ချပ်မှ မပါသဖြင့် ဝယ် စားနိုင်ကြရှာပေ။

သစ်တောထဲမှာ တစ်လကိုးသီတင်းနေခဲ့ပြီး ယခုမှမြို့ ပြန်လာကြသူများ၌ ငွေမပါသည်ကတော့ အဆန်းတကြယ် ဆတ်တော့ပါချေ။

သို့သော် . . ခြောက်ယောက်သား ပွဲဈေးတန်းမှ ဖြတ် လျှောက်လာစဉ် ခင်းကျင်းပြသထားသော အစားအသောက် များကို မြင်ရသောအခါ ဝမ်းထဲမှ တကျို့ကျို့မြည်လာသည်အ ထိ ဆာလောင်မှုဖြစ်လာမိကြသည်။

မုန့်ဟင်းခါး၊ ခေါက်ဆွဲရောင်းသောဆိုင်များ၊ ငါးကင်၊ အသားကင်ရောင်းသောဆိုင်များ၊ ဒေသထွက် လက်လုပ်မုန့်များ ရောင်းချသော ဆိုင်များက တစီတတန်းပင် ရှိနေကြသည်။

အသားကင်၊ ငါးကင်ရောင်းသောနေရာကတော့ မီးဖို ကြီးပေါ်မှာ လတ်လတ်ဆတ်ဆတ်ကင်ထားသော၊ ဆတ်သား ကင်၊ တောဝက်သားကင်၊ ငါးကင်များ တင်ထားသည်။

ထိုနေရာမှထွက်နေသော ညှော်နံ့၊ အသားမီးကင်သော အနံ့များက နေရာတစ်ဝိုက်မှာ ပြန့်နှံ့နေသည်။

ထိုနေရာရောက်တော့ စိန်မောင်တို့မှာ သွားရေကျ များများ ဖြစ်နေကြသည်။ အသားများကင်ထားသော မီးဖိုနံဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အဝတ်ဟောင်းများ ခေါင်းမြီးခြုံထားသော အဘိုးကြီး တစ်ယောက်နှင့် အဖွားကြီးတစ်ယောက် ရှိနေကြပြီး ဆေးပေ့ လိပ်ကြီးများ မီးတရဲရဲထအောင် ဖွာနေကြသည်။

ထိုနေရာရောက်တော့ စိန်မောင်တို့ ခြောက်ယောက်မှ မတိုင်ပင်ရဘဲ ရပ်လိုက်ကြလေသည်။

"အသားကင်နံ့တွေကလည်း မွှေးကြိုင်နေတာပဲကွာ"

"ဟုတ်ပါရဲ့၊ ပွဲဈေးတန်းမှာ အသားတွေကို အခုလို လတ်လတ်ဆတ်ဆတ် ကင်ရောင်းတာ ဒီတစ်ခါပဲ တွေ့ဖူးသေး တယ်"

"တောမှာတော့ ရှိတာကို ဖြစ်တဲ့နည်းနဲ့ ရောင်းကြတာ လည်းဖြစ်မှာပေါ့"

"ငါတော့ မီးဖိုပေါ်က အသားကင်တွေမြင်ရတာ ဗိုက်ထဲ မှာ လှည်းတွေမောင်းသလို တဝုန်းဝုန်း ဖြစ်နေပြီကွ"

"ပိုက်ဆံမှ မပါကြတာ ဘာနဲ့ဝယ်စားကြမှာလဲ"

ထိုကဲ့သို့ အချင်းချင်းပြောဆိုနေသော အသံများကို မီးဖို နားမှာထိုင်နေသော အဘိုးကြီးက ကြားသွားဟန်ရှိသည်။ ဦး ခေါင်းပေါ်မှာ ခြုံထားသော စောင်အဟောင်းကို ဖယ်ပြီး မော့ ကြည့်လေသည်။

"အသားငါးတွေက လတ်လတ်ဆတ်ဆတ် ကင်ထား တာ ဝယ်စားကြပါဦး"

ဟု လှမ်းပြောသည်။

"စားတော့ စားချင်ပါရဲ့ အဘရယ်၊ ကျုပ်တို့က အခုမှ





တောထဲက ပြန်တက်လာကြတာဆိုတော့ ပိုက်ဆံတစ်ပြားမှ ပါကြလို့ ခက်နေတာ"

"မပါတော့လည်း စားသွားကြပေါ့. .၊ အခုမပါလည်း နောက်တစ်ခေါက် တောဆင်းလာလို့ကြုံရင် ဝင်ပေးကြပေါ့"

ထိုကဲ့သို့ သဘောကောင်းစွာဖြင့် လှမ်းပြောသဖြင့် အံ့ ဩသွားကြလေသည်။

"ဒါထက် အဘက ဘယ်နေရာမှာ နေတာလဲ"

"ငါ့နာမည်က ဦးနက်ကျော်လို့ ခေါ်တယ်၊ ဒီနားမှာပဲ နေတာ ကြာလှပေါ့၊ ဘယ်သူ့မေးမေး ရပါတယ်"

"ဒီလို ကြွေးမှတ်ပြီးပေးရင်တော့ စားချင်ပါတယ်၊ ကျုပ် တို့က ဒီလမ်းမှာ တစ်လတစ်ခေါက်၊ နှစ်ခေါက် အမြဲသွားလာ နေတာပါ၊ နောက်တစ်ခေါက် တောဆင်းလာရင် ဆက်ဆက်ဝင် ပေးပါ့မယ်"

ဟုပြောဆိုပြီး မီးဖိုနံဘေးမှာပင် ခြောက်ယောက်သား ဝိုင်းဖွဲ့ထိုင်ကြကာ မီးဖိုပေါ်မှာကင်ထားသော အသားကင်၊ ငါး ကင်တို့ကို ယူ၍ စားသောက်ကြလေတော့သည်။

သူတို့စားသောက်နေကြသည်ကို အဘိုးကြီးက ဘာ တစ်ခွန်းမှ ဝင်မပြောဘဲ စောင်ပိုင်းကို ခေါင်းပေါ်ပြန်ခြုံထားပြီး ဆေးပေ့လိပ်ကြီးကို မီးရဲရဲဖြင့်ဖွာကာ ဆောင့်ကြောင့်ထိုင်လျက် ကြည့်နေလေသည်။

စိန်မောင်တို့တတွေမှာလည်း တောထဲမှာ ရက်အတော် ကြာအောင် နေခဲ့ကြသည့်ရက်အတွင်းမှာ အသားဟင်း ငါးဟင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်း မစားခဲ့ကြရသဖြင့် ယခုလို မမျှော်လင့်ပဲ တွေ့သောအခါ ဈေးနှုန်းပင် မေးမနေတော့ဘဲ အားရပါးရ စားကြလေတော့သည်။

အသားကင်၊ ငါးကင်တို့မှာလည်း လတ်လတ်ဆတ်ဆတ်အသားများကို ကင်ထားခြင်းဖြစ်သောကြောင့် ရနံ့များက မွှေးပြီး စားသောက်ရသည်မှာလည်း အရသာရှိလေသည်။

ထို့ကြောင့် တက်ညီလက်ညီပင် စားသောက်ကြရာ နောက်ဆုံးမှာတော့ မီးဖိုပေါ်မှာ ကင်ထားသော အသားကင် ငါးကင်အားလုံး ပြောင်သွားလေတော့သည်။

"ကဲ.. စားကောင်းကောင်းနဲ့ စားလိုက်၊ သောက်လိုက်တာ အဘရောင်းတဲ့ အသားကင်၊ ငါးကင်တွေ အာလုံးကုန်သွားပြီ"

"ကုန်သွားတော့လည်း ပြန်ရှုံရှိမပေါ့"

"ဒါထက် အားလုံး ဘယ်လောက်ဖိုးရှိသလဲ အဘ"

စားသောက်ပြီးတော့မှ စိန်မောင်က ဈေးမေးသည်။

"မများပါဘူး၊ ငါက ဒါတွေ တောထဲက အလကားရတာပဲ မင်းတို့လာမှသာ ကြည့်ပေးကြပေတော့"

ဟု ပြောဆိုကာ နံဘေးမှာချထားသော တောင်းထဲသို့ ပစ္စည်းလေးများ ပြန်ထည့်ပြီးနောက် တောင်းကိုထမ်းကာ ထိုနေရာမှ ထွက်သွားလေတော့သည်။ ထိုအခါမှ စိန်မောင်တို့တတွေလည်း ပွဲခင်းရှိရာဘက်သို့ ဆက်လျှောက်လာကြလေသည်။

"ငါတို့ကို ဘယ်ကလာလို့ ဘယ်မှာနေမှန်း မသိဘဲနဲ့များ





ကြွေးရောင်းလိုက်တာ အံ့ဩစရာပဲ"

တစ်ယောက်က ပြောသည်။

"ဈေးရောင်းတဲ့ အဘိုးကြီးကြည့်ရတာတစ်မျိုးပဲ၊ စုန်းသညာတွေဘာတွေ တတ်ချင်တတ်မှာ၊ ဒါကြောင့် စိတ်ချလက်ချ ကြွေးရောင်းလိုက်တာ ဖြစ်မှာပေါ့"

"ဒါပေမယ့် ဒီလိုရောင်းတဲ့သူကို လိမ်လို့တော့ မကောင်းဘူး၊ နောက်တစ်ခေါက် တောဆင်းလာရင်တော့ သူ့ကြွေး ဝင်ပေးရမယ်"

ဟု ပြောဆိုပြီး ပွဲခင်းရှိရာဘက်သို့ လာကြလေသည်။ ပွဲခင်းထဲမှာတော့ ပွဲကြည့်နေသောပရိသတ်က အတော်များပေသည်။ အောက်လင်းဓါတ်မီးများ ထွန်းထားသော ဇာတ်စင်ပေါ်မှာတော့ မင်းသမီး၊ မင်းသားတို့က မြိုင်ထန့်စပ်ပါးသွားကပြနေကြလေသည်။

စိန်မောင်တို့တတွေလည်း လူလွတ်သောနေရာတွင် ဝင်ထိုင်ပြီး ပွဲကြည့်ကြသည်။

သို့သော် ကောင်းစွာမကြည့်နိုင်ကြတော့ပေ။ တစ်ညသုံး လှေခတ်ခဲ့ရသောကြောင့် ခြေကုန် လက်ပန်းကျကာ ပင်ပန်းနေသည်ကတစ်ကြောင်း၊ အလကားစားခဲ့ရသော အသားကင်၊ ငါးကင်တို့ကို တစ်ဝတစ်ပြဲ စားသောက်ခဲ့ကြသောကြောင့် အဆော်ဗိုက်လေးနေပြီ ဖြစ်သည်ကတစ်ကြောင်းကြောင့် အိပ်ငိုက်နေကြလေပြီ။

အချိန်ကလည်း သန်းခေါင်ယံကျော်ခဲ့ပြီး၊ အမှုက်တက်



www.burmeseclassic.com

www.burmeseclassic.com



ချိန် ဝင်ရောက်တော့ပေမည်။

ထို့ကြောင့် ပွဲခင်းထဲရောက်ပြီး မကြာခင်မှာပင် ခြောက်ယောက်သား ဘယ်လိုမှ မဟန်နိုင်တော့ဘဲ တခေါခေါနှင့် အိပ်ပျော်သွားကြလေတော့သည်။

နားထဲမှာတော့ ဆိုင်းသံဗုံသံများ သဲ့သဲ့ကြားနေရသေးသည်။ နောက်တော့မှ ပျောက်သွားခြင်းဖြစ်သည်။ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားကြသည် မသိပေ။

နောက်တစ်နေ့ မနက်မိုးလင်းတော့ လှေမှလူများ လိုက်လာပြီး အတင်းနှိုးတော့မှ ပြန်နိုးလာကြတော့သည်။

"ပွဲသိမ်းသွားပြီလား"

အိပ်ချင်မူးတူးဖြင့် မေးလိုက်သည်။

"ဘယ်မှာလဲ ပွဲ၊ မင်းတို့ဘယ်နေရာမှာ အိပ်နေကြတယ် ဆိုတာလည်း ထကြည့်ပါဦး"

ဦးဘရွှေက ပြောတော့မှ အိပ်ချင်မူးတူးဖြင့် ထကြည့် သောအခါ သူတို့ရောက်နေသော နေရာမှာပွဲခင်း မဟုတ်တော့ ပေ။ လမုတောများနှင့် လယ်ကွင်းစပ်မှာရှိသော သုသာန်တစ် သို့ ရောက်နေကြခြင်း ဖြစ်တော့သည်။

အလောင်းတင်သောစင်များ၊ အဝတ်စုတ်များ၊ မြေ များ မြင်တော့မှ သုသာန်မြေမှန်း သိကြရခြင်းဖြစ်တော့သည်။

"ပွဲခင်း ဘယ်ရောက်သွားပြီလဲ"

"အစကတည်းက ပွဲခင်းက တကယ်မဟုတ်လို့ပေါ့။ နေရာမှာရှိတဲ့ ကျွတ်တွေက အယောက်ဆောင်ကပြနေတဲ့ပွဲ ဖြ





မှာပေါ့၊ တော်သေးတာပေါ့ အသက်မသေကြလို့"

ဦးဘရွှေက ပြောလိုက်သည်။

"ဒါဖြင့်. . ညကဝယ်စားခဲ့တဲ့ အသားတွေ၊ ငါးတွေက ည်း တကယ်မဟုတ်ဘူးပေါ့"

စိန်မောင်က မျက်လုံးပြူး၊ မျက်ဆံပြူး အမူအယာဖြင့် ပြောလိုက်လေသည်။ ထိုအခါ ဦးဘရွှေက. . .

"လူမရှိတဲ့သုသာန်မှာ ဘယ်သူက အသားကင်၊ ငါးကင် ရောင်းဝံ့မှာလဲ၊ မင်းတို့စားတာတွေလည်း ကျွတ်တွေရောင်း တဲ့ မကောင်းတာတွေ ဖြစ်မှာပေါ့"

ဟု ပြောလိုက်ရာ စိန်မောင်တို့ ခြောက်ယောက်မှာ ယခု တော့မှ ထွေးရအခက်၊ အန်ထုတ်ရအခက် ဖြစ်ကုန်ကြလေတော့ သည်။

နောက်တော့ လှေရှိရာသို့ ပြန်ဆင်းလာကြသည်။ နံနက် ခင်း ရေတက်ပိုင်း ရေတက်ချိန်ရောက်သဖြင့် လှေပြန်ထွက် သောအခါ စိန်မောင်တို့ ခြောက်ယောက်မှာ တစ်ယောက်တစ် လှည့်စီ ဝမ်းသွားနေကြသောကြောင့် အလုပ်ကိုပင် မလုပ်နိုင်ကြ တော့ပေ။

လူသူမနီးသောနေရာများတွင် ပွဲကြိုက်သော ကျွတ်များ ၏ လှည့်စားမှုကလည်း ကြောက်စရာကောင်းလှပေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ကိုလိုနီခေတ်ကာလ အငြိမ့်ထောင်ခြင်း

ရှေ့အခန်းများတွင် နိဒါန်းပျိုးရေးသားခဲ့သည့်အတိုင်း (၁၉၃၅)ခုနှစ် ဝန်းကျင်တစ်ဝိုက်လောက်က ရန်ကုန်မြို့ကျုံးကြီးလမ်းနှင့် ဒါလဟိုဇီလမ်း(ယခုမဟာဗန္ဓုလလမ်း)တစ်ဝိုက်တွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲထူထောင်ပြီး စီးပွားရှာသူ အများအပြားရှိခဲ့ပေသည်။

အများအားဖြင့်တော့ မြစ်ဝကျွန်းပေါ် အရပ်ဒေသမှ သဘော်များ အဝင်အထွက်များသော ကီလီ၊ ကျုံးကြီးလမ်း၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မတော်၊ ညောင်ပင်လေးဈေး တစ်ဝိုက်တွင် ပွဲငှားသူများ ရှိကြလေသည်။

ထိုအချိန်က ပွဲထောင်သောလောကတွင် ထိုခေတ်အခါက နာမည်ကြီးခဲ့သော လူမိုက်ကြီးများလည်း ပါဝင်လေသည်။ ခေါင်ချုပ်တန်း (၁၃)လမ်းဘက်တွင် ပုဏ္ဏားဘထွန်းရှိပြီး ကြောင်တစ်ရာလမ်း (၁၄)လမ်းဘက်တွင် လမ်းမတော်ဖိုးတုတ်ရှိလေသည်။

၎င်းတို့နှစ်ဦးစလုံးမှာ လောင်းကစားဝိုင်းနှင့် ဒုစရိုက်လုပ်ငန်းများမှ ဝင်ငွေရှိကြသော်လည်း အလုပ်တစ်ခုခု ဗန်းပြသောအနေဖြင့် ဇာတ်ပိုင်ရှင်၊ အငြိမ့်ပိုင်ရှင်အဖြစ် အမည်ခံနိုင်စေရန် ထူထောင်ထားကြခြင်း ဖြစ်ပေသည်။

ခေါင်ချုပ်လမ်း (၁၃)လမ်းမှာနေသော ပုဏ္ဏားဘထွန်းမှာ လောင်းကစားဝိုင်းများပြုလုပ်ကာ ဝင်ငွေကောင်းနေသော်လည်း ပုလိပ်များက လာရောက်စစ်ဆေးသောအခါ အလုပ်ပြနိုင်စေရန် အငြိမ့်ထောင်ထားသည်။

ထိုနည်းတူစွာ ကြောင်တရာလမ်း (၁၄)လမ်းမှာ နေသော လမ်းမတော်ဖိုးတုတ်မှာလည်း ထိုနေရာတစ်ဝိုက်မှာ ရှိကြသော လူဆိုး၊ သူခိုး၊ ခါးပိုက်နှိုက်များထံမှသော်လည်းကောင်း ကားပိုင်ရှင်များထံမှသော်လည်းကောင်း၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲထောင်သူများထံမှ ကာကွယ်ကြေးဟုခေါ်သော ဆက်ကြေးကို အမြဲရရှိနေသူ ဖြစ်သည်။

ထိုခေတ်အခါက လမ်းမတော်ဖိုးတုတ်၏ ဝင်ငွေမှာ





တစ်လလျှင် တစ်ထောင်၊ နှစ်ထောင်ရှိပေသည်။ ကာကွယ်ကြေးဆက်ကြေး(ခေါင်းပုံဖြတ်သောကြေး)ဆိုသည်မှာ ဤသို့ဖြစ်သည်။

ထိုခေတ်အချိန်အခါက လူအစည်ကားဆုံးနှင့် ဒုစရိုက်မှုအများဆုံးနေရာကို ပြပါဆိုလျှင် လမ်းမတော်နယ်မြေတစ်ဝိုက်ကိုပင်ပြရမည်ဖြစ်၏။ ထိုနေရာတစ်ဝိုက်တွင် ဗမာအနည်းငယ်သာရှိပြီး တရုတ်နှင့်ကုလား အများဆုံးနေထိုင်ကြသည်။

သို့သော်လည်း တရုတ်၊ ကုလား၊ ဗမာနေသော ရပ်ကွက်ဟု အသိအမှတ်ပြုကြသည်။ ဂေါ်ရင်ဂျီများက လန်ချားဆွဲခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ ဖဲရိုက်ခြင်းနှင့် အရက်သောက်ခြင်းစသည်တို့ ပြုလုပ်ကြလေသည်။ ခေါ်တောကုလားများက လူစည်ကားသော (၁၅)လမ်း၊ (၁၆)လမ်းနှင့် သင်္ဘောအဝင်အထွက်များသော ကမ်းနားလမ်းတစ်ဝိုက်တွင် ကူလီထမ်းခြင်း၊ သင်္ဘောအလုပ်လုပ်ခြင်း၊ ကြက်ဥဘဲဥ၊ ကြက်ဘဲရောင်းဝယ်ခြင်း၊ ထမင်းဆိုင်ဖွင့်ခြင်း အစရှိသော အလုပ်များလုပ်၍ စီးပွားရှာကြလေသည်။

၎င်းတို့သည်လည်း အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း အစရှိသော အလုပ်များကိုလုပ်ကြသည်။ တရုတ်များကတော့ ဘိန်းပြောင်းထောင်ခြင်း၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်နှင့် ကုန်စုံဆိုင်များဖွင့်ခြင်း၊ လောင်းကစားနှင့် ပြည့်တန်ဆာလုပ်ငန်းတို့ကို တိုးတိုးတိတ်တိတ် လုပ်ကိုင်ကြသည်။

ရွှေမျက်နှာစာတွင် အရက်ဘား၊ ပျော်ပွဲစားရုံဟူ၍ နာ



www.burmeseclassic.com

www.burmeseclassic.com



မည်တပ်ထားသော်လည်း နောက်ဘက်ခန်းများတွင် လောင်းကစားဝိုင်းများနှင့် ဇိမ်ခန်းများဖွင့်ထားကြပေသည်။

ထိုအလုပ်ဖြင့် စီးပွားရှာသူတို့မှာ ပုလိပ်ကိုလည်း ကျေနပ်အောင်ပေးရသည့်အပြင် သက်ဆိုင်ရာနယ်မြေမှာ ကြီးစိုးနေသော လူမိုက်ခေါင်းဆောင်ကိုလည်း "ကာကွယ်ကြေး" ပေးထားရသည်။

ဆက်ကြေးမပေးသော ဆိုင်ဆိုလျှင် ဈေးရောင်းတော့မည့်အချိန်ရောက်တော့မှ ဆိုင်ထဲမှာ ရန်ပွဲများပေါ်ပေါက်ပြီး ဆူဆူပူပူဖြစ်သဖြင့် ဈေးမရောင်းရတော့ပေ။

ထိုသို့ဖြစ်ပြီဆိုလျှင် များစွာစီးပွားရေးနစ်နာပေတော့သည်။ ထိုအခါ . . လမ်းမတော်တစ်ဝိုက်တွင် ကြီးစိုးနေသော လမ်းမတော်ဖိုးတုတ်ထံသွားပြီး ကာကွယ်ပေးကာ တောင်းပန်ပြောဆိုကြရသည်။

"ဆရာကြီးရယ် ကျွန်တော်တို့ ပျော်ပွဲစားရုံလည်း ခိုက်ရန်ဖြစ်ပွားမှုမရှိအောင် စောင့်ရှောက်ပေးပါ ကာကွယ်ကြေးလည်း မှန်မှန်ပေးပါ့မယ်"

ထိုသို့ပြောပြီး ပေးသင့်တာပေးထားလျှင်တော့ ထိုဆိုင်မှာ ရန်မဖြစ်စေရန် လူမိုက်များက စောင့်ရှောက်ပေးကြသည်။

အခြားမှသော်လည်းကောင်း၊ အရက်မူးပြီး ဆူပူရန်ကားလျှင်သော်မှ ၎င်းတို့က ထိန်းသိမ်းပေးသဖြင့် ငြိမ်းပျောက်သည်က များလေသည်။

ကာကွယ်ကြေးဆိုသည်မှာ ထိုကဲ့သို့မျိုး ရရှိခြင်းဖြစ်





သည်။ ဆီတစ်ပိဿာ(၆)မူးသာရှိသော ခေတ်ကာလတွင် လမ်းမတော် ဖိုးတုတ်လို လူမိုက်ခေါင်းဆောင်တို့မှာ တစ်ရက်လျှင် (၅၀-၆၀) ဝင်ငွေရှိကြသည်။

သို့သော်လည်း သူတို့ချည်းသုံးရသည်တော့ မဟုတ်ပေ။

ပုလိပ်၊ အင်စပက်တော်၊ တရားသူကြီးစသော အစိုးရအရာရှိများကိုလည်း ရောက်လာလျှင် ကျွေးမွေးဧည့်ခံရသည်။

ပေးတန်တာပေး၊ ကျွေးတန်တာ ကျွေးရသည်။

တပည့်တပန်း လူမိုက်များကိုလည်း စားသောက်ဖို့ ခွဲပေးရသေးသည်။

၎င်းတို့အမှုဖြစ်ပြီး အချုပ်ထဲရောက်နေလျှင်လည်း . . ကိုယ့်စားရိတ်နှင့်ကိုယ် လိုက်ရှင်းပြီး နှုတ်ပေးရသေးသည်။

တရားရုံးမှာ အမှုဖြစ်လျှင်လည်း ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှု ပပျောက်အောင် ငွေလမ်းခင်းပြီး လိုက်ထံဆောင်ရွက် ပေးရလေသည်။

ထို့ကြောင့် လူမိုက်ကြီးများရသော ကာကွယ်ကြေးဆိုသည်မှာ ရလိုက်၊ ကုန်လိုက်နှင့် အဖတ်မတင်ဘဲ ရှိလေသည်။

တစ်ဖက်မှဝင်လာလျှင် တစ်ဖက်တွင်ပျောက်သွားလေ့ရှိသောကြောင့် ကြက်သောက်သည့်ရေကဲ့သို့ ဖြစ်နေပေတော့သည်။

ထို့ကြောင့် လမ်းမတော်ဖိုးတုတ်၊ ပုဏ္ဏားဘထွန်း စသောလူမိုက်ကြီးများက အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ထောင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ထောင်ထားခြင်းဖြင့် တစ်ဖက်မှဝင်ငွေရသလို တစ်ဖက်မှလည်း လုပ်ငန်းတစ်ခုပြု၍ ရပေသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း (၁၉၃၅)ခုနှစ်ဝန်းကျင်အချိန်က လမ်းမတော်၊ ကျုံးကြီးစသော နေရာတစ်ဝိုက်တွင် လူဆိုးလူမိုက်များ ပေါသလို ဇာတ်ပွဲအငြိမ့်ပွဲ တည်ထောင်၍ စီးပွားရှာကြသူတို့လည်း အများအပြားရှိကြလေသည်။

ဇာတ်ပွဲ၊ အငြိမ့်ပွဲ ထောင်ထားသူတို့ကလည်း နယ်မြေပိုင်သော လူမိုက်ကြီးများကို ကာကွယ်ကြေး ပေးထားကြရလေသည်။

အကယ်၍ ပေးမထားပါက ပွဲကနေစဉ် တစ်နည်းနည်းဖြင့် ဝင်ရောက်ဖျက်ဆီးသဖြင့် ပွဲပျက်တတ်ပေသည်။

ထိုအချိန်က ပွဲကရာတွင် သတိထားရသော အချက်တစ်ခုရှိသည်။ ကွင်းတစ်ကွင်းထဲမှာ လူမိုက်ကြီးများထောင်ထားသော ဇာတ်ပွဲသို့မဟုတ် အငြိမ့်ပွဲနှင့် စင်ပြိုင်မကမိစေရန် သတိပြုကြရသည်။

အကယ်၍မသိသဖြင့် ရက်ယူထားလျှင်ပင် ရက်ရွှေ့၍ကပေးရသည်။

လူမိုက်ကြီးများထောင်ထားသော ဇာတ်ပွဲ၊ အငြိမ့်ပွဲနှင့် စင်ပြိုင်ကလျှင်တော့ ပွဲလန့်ခြင်း၊ ပွဲခင်းထဲမှာရန်ဖြစ်ခြင်း၊ ခဲကျခြင်းများကြောင့် ပွဲပျက်ရသည်က များလေသည်။

ထို့ကြောင့် ရှောင်ကြခြင်းဖြစ်သည်။

ထိုအချိန်က ကျုံးကြီးလမ်းတစ်ဝိုက်တွင် အငြိမ့်ပွဲ၊ ဇာတ်





ခဲ့ထူထောင်သောလုပ်ငန်းဖြင့် စီးပွားရှာကြသော ဇာတ်ပိုင်ရှင်များထဲတွင် ဦးစိန်လှမြင့်ဆိုသူလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ဦးစိန်လှမြင့်မှာ မွန်ပြည်နယ်ဘက်တွင် နေစဉ်ကပင် ဆိုင်းပွဲ၊ အငြိမ့်ပွဲကလေးများ ထူထောင်ပြီး စီးပွားရှာခဲ့ရာ အတော်အတန်အဆင်ပြေခဲ့ပြီး နောက်ပိုင်းတွင် ရန်ကုန်မြို့အထိဆင်းလာပြီး အခြေချခဲ့ခြင်း ဖြစ်သည်။

၎င်းတို့မိသားစုတွင် ဇနီးဖြစ်သူ ဒေါ်မြလေးကြည်မှာ ခင်းသမီးတစ်လက် ဖြစ်ခဲ့ဖူးသောကြောင့် ထိုအလုပ်မှာ သူတို့သားစုနှင့် များစွာလိုက်ဖက်လှသည်ဟုပင် ဆိုရပေသည်။

ကျုံးကြီးလမ်းဘက်တွင် အိမ်တစ်အိမ်ကို ဝယ်ယူခဲ့ပြီး ထိုအိမ်မှာပင်နေ၊ ထိုအိမ်မှာပင် ပွဲလက်ခံရာဌာန ပြုလုပ်ထားလေသည်။ ဦးစိန်လှမြင့်မှာ သမီးပျိုတစ်ယောက်ရှိသည်။

နာမည်က မြဝင်းသူဖြစ်ပြီး အသက်အရွယ်က (၂၃)နှစ်ကျော် (၂၄)နှစ်ခန့် ရှိနေပေပြီ။

မြဝင်းသူက ရုပ်ရည်ချောသလောက် မာနကြီးသူ တစ်ယောက်ဖြစ်သည်။

သူမက ဖခင်ကိုယ်စား၊ ငွေကြေးမှအစ စီမံခန့်ခွဲမှုများကို ဆောင်ရွက်လေသည်။

မြဝင်းသူတို့ တည်ထောင်ထားသော အငြိမ့်မှာ မြသရဖူအငြိမ့်အဖွဲ့ပင် ဖြစ်လေသည်။

မြဝင်းသူအနေဖြင့် သူမ လုပ်နေရသော လုပ်ငန်းသ



www.burmeseclassic.com

www.burmeseclassic.com



ဘောအရ မျက်နှာချိုချိုဖြင့် သဘောကောင်းနေ၍မဖြစ်ပေ။

ဇာတ်အဖွဲ့တွင် အလုပ်လုပ်နေသော ဆိုင်းသမား၊ ဇာတ်သမားအချို့တို့မှာ စည်းကမ်းဖြင့်နေသူရှိသလို စည်းကမ်းမရှိဘဲ ဖြစ်သလိုနေသူများလည်း ရှိကြသည်။

ထို့ကြောင့် အလုပ်သဘောအရ မျက်နှာတည်တည်ဖြင့် ပြောဆိုဆက်ဆံသောအခါ သူမကို သဘောထားဆိုးသည်ဟု ယေဘူယျ သတ်မှတ်ကြခြင်း ဖြစ်ပေသည်။

မြဝင်းသူတို့ တည်ထောင်ထားသော "မြသရဖူ အငြိမ့်အဖွဲ့"မှာ ထိုခေတ်ထိုအချိန်က လူကြီးလူငယ်၊ ကာလသားကြိုက် အငြိမ့်အဖွဲ့ဖြစ်ပြီး ကပြသည့်နေရာတိုင်းမှာ အောင်မြင်မှုရလေသည်။

ပွဲလင်းရာသီရောက်သည်နှင့် တစ်နေရာပြီးတစ်နေရာ တစ်မြို့ပြီးတစ်မြို့ ကူးပြောင်းကပြကြရလေသည်။

မြသရဖူအငြိမ့်အဖွဲ့ကို လိုချင်လျှင် ရက်ကြိုတင်ပြီး စရံပေးမထားလျှင်၊ စာချုပ်မထားလျှင် စိတ်မချရပေ။

ခေါင်းဆောင်မင်းသမီး မြလေးတင်အပါအဝင် တစ်ဖွဲ့သားလုံးက တက်ညီလက်ညီ ကြိုးစားကြသောကြောင့် ထိုကဲ့သို့ အောင်မြင်မှုရခြင်း ဖြစ်ပေသည်။

သို့သော်လည်း အငြိမ့်အဖွဲ့ မန်နေဂျာဖြစ်သူ "ခင်မောင်ကျော်"ကတော့ ထိုကဲ့သို့ အောင်မြင်မှုရနေခြင်းမှာ ၎င်းစီမံခန့်ခွဲမှု ကောင်းသောကြောင့်ဟု ဂုဏ်ယူစွာပြောဆိုတတ်ပေသည်။

ခင်မောင်ကျော်သည် အသက်(၃၀)အရွယ် ပတ်ဝန်း





ကျင်သာရှိသေးပြီး နှုတ်ခမ်းမွေးစစနှင့် ပြဇာတ်မင်းသားနှင့်မခြား ဝတ်ဆင်နေထိုင်တတ်သူ တစ်ဦးဖြစ်သည်။

အငြိမ့်အဖွဲ့သားများအပေါ်မှာလည်း အခွင့်အရေး ယူတတ်သူဖြစ်သည်။

အထူးသဖြင့် အဖွဲ့တွင် အလုပ်လုပ်နေကြသော ယိမ်းသမများ၊ မင်းသမီးများကို ထိကပါးရိကပါး လုပ်လေ့ရှိသည်။ အားလုံးကတော့ မချစ်သော်လည်း အောင့်ကာနမ်း ဆိုသကဲ့သို့ သည်းခံပေးကြရသည်။

ခင်မောင်ကျော်မှာ အငြိမ့်အဖွဲ့ပိုင်ရှင် ဦးစိန်လှမြင့်၏ ယုံစားပေးခြင်း ခံရသူဖြစ်သောကြောင့်လည်း ထိုကဲ့သို့ သည်းခံကြရခြင်း ဖြစ်ပေသည်။

ခင်မောင်ကျော်ကတော့ အငြိမ့်အဖွဲ့မှာ ရှိကြသော မင်းသမီးများ၊ ယိမ်းသမများအပြင် အခွင့်အရေးရလျှင် ရသလို. . မြဝင်းသူကိုပါ ထိကပါးရိကပါး လုပ်ချင်သည်။

မြဝင်းသူကတော့ လက်မခံပေ။

"မြဝင်းသူရယ် နင့်မျက်နှာကြည့်လိုက်ရင် တစ်ခါမှ ကြည်ကြည်သာသာ မတွေ့ရဘူး၊ တစ်ခါတစ်လေများ ပြုံးပြုံးရွှင်ရွှင် နေစမ်းပါ"

"ကျွန်မသဘောနဲ့ ကျွန်မနေတာ. . ရှင်ကဘာဆိုင်လို့ လာပြောနေတာလဲ"

ထိုကဲ့သို့ ချက်ချင်းပြန်ပြောလိုက်တော့ မျက်နှာတစ်ချက် ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ခင်မောင်ကျော်က မမှုပေ။

"ငါက ကြည့်မကောင်းလို့ စေတနာနဲ့ ပြောတာပါဟ

"ကြည့်မကောင်းလည်း ကြည့်မနေနဲ့ပေါ့"

ထိုသို့ပြောပြီး နေရာမှထသွားလေရာ စကားဆက်ပြေ ၍မရတော့ပေ။ စိတ်ထဲမှာတော့. . .

"နင်ဘယ်လောက် မာနကြီးနိုင်မလဲ နေနှင့်ဦးပေါ့။ တ နေ့ကျရင်တော့ ခင်မောင်ကျော် လက်ထဲရောက်လာရစေမယ်

ဟု ကြိတ်ပြီး ကျုံးဝါးနေလေသည်။

တစ်နေ့တော့ ဦးစိန်လှမြင့်ရှိရာသို့ ခင်မောင်ကျေ ရောက်လာပြီးပြောသည်။

"ဦးလေး ကြည့်မြင်တိုင်ဘက်က စလင်းကွင်းမှာ ဈေ ပွဲတော်တစ်ခု ကျင်းပမယ်လို့ သတင်းကြားတယ် ခုနစ်ရက်ခုန လီ ကျင်းပမှာဆိုတော့ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေလည်း ကိုယ့်အ အစဉ်နဲ့ကို ဝင်ကလို့ရတယ်လို့ ပြောတယ်"

ထိုစကားကြားတော့ ဦးစိန်လှမြင့်က ကွမ်းဝါးနေရင်း စဉ်းစားနေလေသည်။

"ဈေးပွဲတော်ကို ဘယ်သူက ကျင်းပတာလဲ"

"စူရတီဘဇားဈေးကြီးပိုင်ရှင် ကုလားသူဌေး မတ်စ ခန်းတို့ ကျင်းပတာ"

စူရတီဘဇားဈေးကြီးမှာ အင်္ဂလိပ်ခေတ်က ကြည့်မြ တိုင် ဈေးကြီးလမ်းဟု ခေါ်သောလမ်း၌ရှိခဲ့သဖြင့် ထိုလမ်း ဈေးကြီးလမ်းဟု ယခုတိုင်ခေါ်ဝေါ်နေကြခြင်း ဖြစ်ပေသည်





"ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေကရော ဘယ်သူတွေ ဝင်မှာတဲ့ လဲ"

"သေသေချာချာတော့ မသိရသေးဘူး၊ ရန်ကုန်မြို့မှာ ရှိတဲ့ ဇာတ်တွေရော တခြားကဇာတ်အဖွဲ့တွေရော ကကြမယ် ဆိုင်တယ်"

တကယ်တော့ ခင်မောင်ကျော်မှာ ထိုအကြောင်းကို ဆနကာ ဘာမှသိပ်မသိသေးပေ။

စလင်းကွင်းမှာ ဈေးပွဲတော် ကျင်းပမည့်အကြောင်းနှင့် ဇာတ်ပွဲအငြိမ့်ပွဲများ ပါမည်ဆိုတာလောက်သာ ယေဘုယျ သိ ထားခဲ့ခြင်းဖြစ်ပြီး အခြားတော့ ဘာမှမသိခဲ့သေးပေ။

ဦးစိန်လှမြင့်ကတော့ စဉ်းစဉ်းစားစားပြောသည် ။

"ဈေးပွဲတော်ဆိုတော့ လူများများလာကြမှာပဲ၊ ဒါပေ မယ့် ငါတို့အငြိမ့်အဖွဲ့ ဝင်လာရင်တော့ ဇာတ်ကြီးတွေနဲ့ မတွေ့ စေနဲ့၊ နောက်ပြီး လူမိုက်တွေထောင်ထားတဲ့ ဇာတ်အဖွဲ့၊ အငြိမ့် အဖွဲ့တွေနဲ့ စင်ပြိုင်မကမိဖို့ အရေးကြီးတယ်"

ထိုအခါ ခင်မောင်ကျော်က မကျေမနပ်ဖြင့် ပြန်ပြော လေသည်။

"ဒီလူမိုက်တွေကတော့ အတော်တရားလွန်တယ်၊ ကိုယ့် ဘာသာ အငြိမ့်အဖွဲ့ထောင်ထားတော့လည်း သူတို့ကို ကာကွယ် ကြေးပေးရတယ်၊ သူတို့ထောင်ထားတဲ့ ဇာတ်ပွဲ အငြိမ့်ပွဲနဲ့တွေ့ပြီး စင်ပြိုင်ကမိရင်လည်း အနှောင့်အယှက် ပေးကြသေးတယ်"

"တိုးတိုးပြောပါကွာ. . ၊ အသံကြောင့် ဖားသေနေပါဦး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဦးလေးသဘောတူရင်တော့ . ကျွန်တော် အဖွဲ့ကို စလင်းကွင်းမှာ ဝင်ကချင်တယ်"

"တစ်ခြားပွဲဌားတာတွေနဲ့ ရက်မတိုက်ဘူးဆိုရင်တော့ ဝင်ကချင်လည်း ကပေါ့"

ဟု ခွင့်ပေးလိုက်သဖြင့် ခင်မောင်ကျော်လည်း အစီအစဉ်များပြုလုပ်ရန် နေရာမှထသွားလေတော့သည်။

ခင်မောင်ကျော်အနေဖြင့် အငြိမ့်ပွဲဝင်ကရန် စီစဉ်သောအခါ ထောင့်ပေါင်းစုံမှကြည့်ပြီး စီစဉ်ရမည်ဖြစ်သည်။

ပွဲဝင်မည့်ရက်တွင် နာမည်ကြီး ဇာတ်ကြီးများနှင့် ထိပ်တိုက်မတွေ့စေရန်သော်လည်းကောင်း၊ အထူးသဖြင့် လူမိုက်ကြီးများထူထောင်ထားသော အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် စင်ပြိုင်မကမိစေရန်သော်လည်းကောင်း အထူးသတိထားကာ စီစဉ်ရမည်ဖြစ်ပေသည်။





အခန်း(၄)

# လူမိုက်များမျက်သဖြင့် ပွဲပျက်ရသောအကြောင်း

ကြည့်မြင်တိုက်သည် ရှေးခေတ်မွန်ဘုရင်များ လက်ထက်ကပင် ရှိခဲ့သောနေရာဖြစ်သည်။ ခရစ်နှစ် (၁၄၇၀)ခုနှစ်၊ ဓမ္မစေတီမင်း လက်ထက်တွင် ရွှေတိဂုံစေတီတော် ဝတ္တကမြေ သတ်မှတ်ရာတွင် "အနောက်သို့လားသော် ကျေးမြင်တိုင်ကင်း၊ အင်းဝပေါက်ချောင်းအထိ. . ."

ဟု ရေးသားဖော်ပြထားသည်။ အလောင်းမင်းတရားကြီး ရန်ကုန်မြို့ကို တည်ထောင်စဉ်က လှေတော်ထမ်းအစုတို့ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မြင်တိုင်တွင် နေရာချထားပေးတော်မူသည်။

(၁၈၅၂) ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက်နေ့တွင် ဗြိတိသျှတို့သည် ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်သောအခါ ကြည့်မြင်တိုင်သည်လည်း ဗြိတိသျှလက်အောက်သို့ ကျရောက်သွား၏။

ထိုစဉ်က ကြည့်မြင်တိုင်မှာ ကမ်းခြေတစ်လျှောက် တည်ထားသော ရွာတန်းရှည်ဖြစ်ပြီး လမ်းကျဉ်းတစ်လမ်းသာ ရှိသည်ဟုဆို၏။

လူနေအိမ်များမှာ ခပ်နိမ့်နိမ့်၊ တဲစိတ်မြိတ်ချထားသည့် ဝါးတဲများသာ ဖြစ်ကြသည်။ ဝါးတဲများ၏ ကြမ်းပြင်ကိုမူ အုတ်နက်ခင်းလျက် အမိုးကိုမူ သက်ငယ်၊ ဓနိတို့ဖြင့် မိုးထားကြသည်။

ရန်ကုန်မြို့ဟောင်း၏ မြောက်ဘက်တံခါးမှ ထွက်၍ အုတ်လမ်းအတိုင်း တစ်နာရီကျော်ခန့် လမ်းလျှောက်သွားလျှင် ကြည့်မြင်တိုင်ရွာသို့ ရောက်ရှိနိုင်ပါသည်။

ကြည့်မြင်တိုင် ရွာအနီးတွင် ရှမ်းတိုင်းရင်းသားတို့ စခန်းချရာ အရပ်တစ်ခုရှိပြီး မြင်းအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြ၏။ မကြာမီ ယင်းနေရာ၌ လမ်းဖောက်လုပ်သောအခါ ရှမ်းလမ်းဟူ၍ အမည်တွင်ပါသည်။

ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်ကို ဆက်သွယ်ထားသည့် လမ်းမကြီးတစ်လမ်းကို ဗားကရာလမ်းဟု အမည်ပေးထားသည်။

ဗားကရာလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းဆုံ အရှေ့တောင်ယွန်းယွန်း၌ ဗားကရာတိုက်ကြီးရှိသကဲ့သို့ စမ်းချောင်း





ယ်အတွင်း ဗားကရာလမ်းထိပ်၌လည်း ဗားကရာတောရ ကျောင်းတိုက်တည်ရှိပါသည်။

ဗားကရာသည် မွန်ဘာသာ မယ်ကရား(ဘကရား)မှ င်းသက်လာပြီး "ချောက်ကမ်းပါး"ဟု အဓိပ္ပါယ်ရ၏။

ဗားကရာတိုက်နေရာတွင် ရှေးခေတ်မွန်ဘုရင်များ တ်ထက်ကပင် မွန်ရဟန်းတော်များ သီတင်းသုံးနေထိုင်ခဲ့ ၏။ ထိုစဉ်က တောတောင်ထူထပ်ပြီး ချောက်ကမ်းပါးများ၊ စ်ပင်ချုံပင်များဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။

ကုန်းဘောင်ခေတ်ဦးကာလတွင်. . ယခု ဗားကရား ချောက်နှင့် မလှမ်းမကမ်းရှိ မူလ ကျောင်းနေရာ၌ ကျောင်းသစ် ဆောက်လုပ်ပြီး သီဟိုဠ်ဆရာတော်တစ်ပါး သီတင်းသုံး နေ ထိုင်ခဲ့သည်။

သာယာဝတီမင်းလက်ထက်တွင်. . ကြည့်မြင်တိုင်မြို့ ကြီး ဦးမှိုင်းက ပရိယတ္တိစာသင်တိုက်ကြီး ဆောက်လုပ်လှူဒါန်း ကြောင်း လျှောက်ထားလာသဖြင့် (၁၈၄၆)ခုနှစ်၊ မတ်လအ င်း၌ ဘုရင်မင်းမြတ်က ခွင့်ပြုအမိန့်တော် ချမှတ်ပေးခဲ့သည်။

ဦးမှိုင်းသည် ကျောင်းဆောက်လုပ်ပြီးနောက် အမရပူရ နောက်မြောက်ဘက်ရှိ ဗားကရာတိုက်မှ ဆရာတော် ဉးအရိ သအား ပင့်ဆောင်လှူဒါန်းလိုက်၏။ ထိုစဉ်ကာလမှစ၍ ဗား ရာတိုက်၊ ဗားကရာတောရ စသဖြင့် အမည်တွင်လာခဲ့သည်။

စလင်းတိုက်သည် ပန်းပင်ကြီးလမ်းနှင့် မဏိမေခလာ မ်းဆုံ၌ တည်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

စလင်းမြို့ဇာတိ ဆရာတော် ဦးသီဟ ကျောင်းထိုင်ခဲ့သည်ကို အစွဲပြု၍ "စလင်းတိုက်"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

"အေးငြိမ်းခန့်ထည် စလင်းတည်"ဟူသော လင်္ကာအ မြန်မာသက္ကရာဇ် (၁၂၂၇)ခုနှစ် (၁၈၆၅)ခုနှစ်တွင် ဦးမောင်ပုနှင့် ဦးသာဦးတို့ ညီအစ်ကိုက မိမိတို့ပိုင် လေးဧက ကျယ်ဝန်းသော ခြံဝင်းအတွင်း၌ စတင်တည်ထောင်ခဲ့ကြပြီး စလင်းဆရာတော်အား ပင့်ဆောင်လှူဒါန်းခဲ့ကြခြင်း ဖြစ်၏။

စလင်းဆရာတော်မှာ ထိုစဉ်က ရဟန်း(၁၄)ဝါ ရှိပြီဖြစ်သည်။ ဗားကရာတိုက်၌ စာပေသင်ကြားပို့ချနေချိန် ဖြစ်ပါသည်။

ဆရာတော်သည် သက်တော်(၈၆)နှစ်အရွယ် (၁၉၁၇)ခုနှစ်၌ ပျံလွန်တော်မူခဲ့သည်။

စလင်းဆရာတော်ကို အစွဲပြု၍ စလင်းကျောင်းတိုက် အရှေ့ဘက် ကစားကွင်းကြီးကို "စလင်းကွင်း"ဟု အမည်ပေးခဲ့ကြသည်။

ကြည့်မြင်တိုက်ဘက်တွင် လူနေများလာသောအခါ ရန်ကုန်မြို့ စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသော ကုလားသူဌေးများက မျက်စိကျလာသည်။

စီးပွားရေးဈေးကွက် ချဲ့ထွင်လာကြသည်။ မြို့လယ်တွင် သိမ်ကြီးဈေး၊ သံဈေးစသော ဈေးများထူထောင်ပြီး၊ ကမာရွတ်ဘက်တွင် မတ်စတီးဈေးကြီးဖွင့်သည်။

ထိုမှတစ်ဖန် ကြည့်မြင်တိုင်ဘက်တွင် လူစည်ကားလာသောအခါ ယခု ဈေးကြီးလမ်းတွင် စူရတီဘဇားဈေးကြီး ထပ်





ဖွင့်လှစ်ကြလေသည်။

ယခု စလင်းကွင်း၌ပြုလုပ်သော ဈေးရောင်းပွဲတော်မှာ ဈေးကြီးများတွင် ရောင်းချရာ မစွံသောကုန်ပစ္စည်းကို ဈေးပေါပေါဖြင့် လာရောက်ရောင်းချသော ပွဲတော်ဖြစ်သည်။

ထိုဈေးပွဲတော်ကို ခုနစ်ရက် ခုနစ်လီကျင်းပရာတွင် လူအများ စိတ်ဝင်စားစေရန် ဇာတ်ပွဲ၊ အငြိမ့်ပွဲများလည်း လာရောက်ကပြစေသည်။

အချို့ကန်ထရိုက်များက ရုံဆောက်ပြီး၊ ရုံပွဲကသည်။ အချို့အငြိမ့်ပွဲ ဇာတ်ပွဲများကတော့ ဗလာပွဲကသည်။

ဗလာပွဲက ဖျာလက်မှတ်သာ ရောင်းချပြီး ရုံဝင်လက်မှတ်ခ မပေးရပေ။

ခင်မောင်ကျော့မှာ မြသရဖူအငြိမ့်အဖွဲ့ကို စလင်းကွင်းဈေးပွဲတော်ရက်တွင် ကပြရန် စီမံလေသည်။

ထိုကွင်းတွင် ဇာတ်ရုံကြီး နှစ်ရုံသာရှိသဖြင့် ရုံရက်မရသေး။ ခုနစ်ရက်ပတ်လုံး ဇာတ်အဖွဲ့ကြီးများက ယူထားသောကြောင့် ရုံသွင်းရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ဗလာပွဲ ဝင်ကရန်သာ ရှိတော့သည်။

ဗလာပွဲ ဝင်ကတော့လည်း သူလိုကိုယ်လို ဝင်ကချင်သူအဖွဲ့က များနေသဖြင့် ရက်ရအောင်ပင် မနည်းယူရလေသည်။

ဇာတ်စင်က တောင်ဘက်တစ်ခု၊ မြောက်ဘက်တစ်ခု ရှိသည်။ တစ်ညလျှင် နှစ်ဖွဲ့ကပြကြသည်။

ကံဆိုးချင်တော့ မြသရဖူအငြိမ့် ကမည့်ညတွင် တစ်


www.burmeseclassic.com

www.burmeseclassic.com



ဘက်စင်မှ ကပြမည့် အငြိမ့်အဖွဲ့မှာ လူမိုက်ခေါင်းဆောင် ပုဏ္ဏားဘထွန်း ထောင်ထားသော "ဝင်းဝင်းကြည်" အငြိမ့်အဖွဲ့ ကပြသောရက်ဖြစ်နေသည်။

မတတ်နိုင်တော့။ ရှောင်ပေးလို့လည်း အခြားရက်မရနိုင်တော့ပေ။

ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ရွတ်ဝင်ပြီး ကရလေသည်။ တကယ်တော့ မြသရဖူအငြိမ့်အဖွဲ့က နာမည်ရှိပြီး ပရိသတ်ရှိသော အငြိမ့်အဖွဲ့ဖြစ်သည်။

ပုဏ္ဏားဘထွန်း ထောင်ထားသော အငြိမ့်အဖွဲ့ကတော့ သာမန်အခြေအနေသာ ရှိသောကြောင့် လူကြိုက်မများလှပေ။ ထို့ကြောင့် ညဦးပိုင်းအချိန်မှာကတည်းက မြသရဖူအငြိမ့်စင်ရှေ့မှာ လူပြည့်နေပြီး၊ ဝင်းဝင်းကြည် အငြိမ့်အဖွဲ့ရှေ့မှာတော့ လူအနည်းသာ ရှိသည်။

ဖျာလည်း မရောင်းရပေ။ ပွဲထွက်သောအခါမှာတော့ ဝင်းဝင်းကြည် အငြိမ့်ကသော ဇာတ်စင်ရှေ့တွင် လူမရှိတော့ပေ။ မြသရဖူအငြိမ့်ကသော ဇာတ်စင်ရှေ့မှာတော့ ပရိသတ်များ ကျိတ်ကျိတ်တိုးနေလေတော့သည်။

အော်သံဟစ်သံ၊ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများက ဆူညံနေလေတော့သည်။

မကြာပါချေ။ ရှေ့ထွက်မင်းသမီး ထွက်လာပြီး ကရုံပင်ရှိသေးသည်။

အုတ်ခဲမိုး ရွာလေတော့သည် ။ ဘယ်နေရာက ဘယ်လို





ပေါက်လိုက်မှန်းမသိသော အုတ်ခဲအကျိုးအပဲ့များမှာ. . . ဘောင်းကင်မှ မိုးသီးမိုးပေါက်များပမာ ကျလာလေတော့သည်။

ပရိတ်သတ်များ အပေါ်သာမကဘဲ ဇာတ်ကနေသော ဇာတ်စင်ပေါ်ပါ ကျသဖြင့် ကနေရင်းနှင့်ရပ်ကာ ဘေးလွတ်ရာ ရှောင်ပြေးကြရလေသည်။

ပရိတ်သတ်များမှာလည်း အုတ်ခဲကျိုးများ ထိမှန်ခံရသဖြင့် လဲသူလဲ ထွက်ပြေးသူပြေးကြရာ ပွဲပျက်လေတော့သည်။

ဒဏ်ရာ ရသူများကိုလည်း နီးစပ်ရာဆေးရုံများသို့ တင်ပို့ကုသပေးကြရသည်။

မြသရဖူအငြိမ့်မှာ စလင်းကွင်း၌ ပွဲမကဖြစ်တော့ပေ။ ဝင်းဝင်းကြည် အငြိမ့်ကတော့ ဆက်ကသည်။

နောက်တစ်နေ့ ညဘက်အချိန်ရောက်တော့ ဝင်းဝင်းကြည်ကနေသော ပွဲခင်းထဲသို့ မြွေများဝင်လာသောကြောင့် ကြည့်သူများ ကြောက်လန့်တကြား ထပြေးကြရာ ပွဲပျက်လေတော့သည်။

အဲကောင်အကြီးအသေးမျိုးစုံတို့မှာ ပွဲကြည့်နေသူများကြားထဲသို့ တိုးဝင်လာပြီး မြင်သမျှ ကိုက်လေတော့သည်။

ထိုအခါ ဆူဆူညံညံ အော်ဟစ်သံများပေါ်လာရာ ကျန်သူများလည်း အထိတ်တလန့် ဖြစ်ကြရသည်။

"မြွေတွေ. . မြွေတွေ ဝင်လာပြီ"

ထိုအော်သံက အမှောင်ရိပ် တစ်နေရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မရှေးမနှောင်းမှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ပွဲခင်းထဲ မြွေတွေဝင်လာပြီဟေ့ ပြေးကြ၊ လွတ်အောင
သာ ပြေးကြ"

ဟူသော အော်သံများက ပွဲကြည့်နေသူများထဲမှ တ
နေရာပြီးတစ်နေရာ ပေါ်ထွက်လာလေတော့သည်။

ထိုအခါ ဖျာဝယ်ပြီး စိမ်ပြေနပြေထိုင်လျှက် ပွဲကြည
နေသူများမှ ကြောက်ကြောက်လန့်လန့်ဖြင့် ထကြလေသည်

ဇာတ်စင်နံဘေးမှ မတ်တပ်ရပ်ကြည့်နေသူတို့မှာလည
ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။

ထိုအခါ ဇာတ်စင်ပေါ်မှ တီးနေသော ဆိုင်းသံလည
ရပ်သွားသည်။ ကပြနေသူများလည်း ရပ်လိုက်ကြသည်။

မြွေများဝင်လာပြီဟူသော အော်သံနှင့် မရှေးမနှော
မှာ ပွဲခင်းထဲသို့ မြွေအကောင်အကြီးမျိုးစုံတို့ ဝင်လာကြသည

မည်သည့်နေရာမှ ဝင်ရောက်လာမှန်းတော့ မသိ
ပေ။ မြွေများကိုမြင်သဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် ထွ
ပြေးကြရာ လူချင်းတိုက်မိသဖြင့် လဲသူလဲ၊ ကွဲသူကွဲအပြင် 
ကိုက်ခံရသူများလည်းရှိသည်။

အချို့လည်း လဲကျသွားတော့မှ မြွေပေါ်ဖိမိသဖြင့် 
ကိုက်ခံကြရသည်လည်း ရှိသည်။

အဆုံးမှာတော့ ပွဲပျက်သွားသောကြောင့် ဆက်က၍မ
ကြတော့ပေ။

နောက်တစ်ရက်မှာတော့ မြွေထိသဖြင့် အဆိပ်သင့်က
သေဆုံးသွားသူ လေးငါးယောက်အထိ ရှိလေသည်။





ပထမည မြသရဖူအငြိမ့်ကစဉ် ခဲမိုးရွာချသူတို့မှာ အ
ခြားမဟုတ်ပေ။

ပုဏ္ဏားဘထွန်း လူမိုက်များ လက်ချက်ပင်ဖြစ်သည်။
နောက်ည ဝင်းဝင်းကြည် အငြိမ့်ကနေစဉ်မှာ မြွေများဝင်လာ
သော အကြောင်းကတော့ ဤသို့ဖြစ်သည်။

၎င်းတို့ ပွဲပျက်ခံရသော ပုဏ္ဏားဘထွန်း လက်ချက်ဖြစ်
ကြောင်း ရိပ်မိသဖြင့် ဦးစိန်လှမြင့်ကိုယ်တိုင် (၁၄)လမ်းမှာနေသော
လမ်းမတော်ဖိုးတုတ်ဆီသွားကာ အကျိုးအကြောင်းပြောပြပြီး
တိုင်ကြားလေသည်။

ထိုအခါ လမ်းမတော် ဖိုးတုတ်က. . .

"သူ ဆောင်ရွက်ပေးမည်" ဟု ကတိပေးလိုက်ပြီး ၎င်း
အပည့်များကို စေခိုင်းလိုက်သည်။

လူမိုက်များထဲမှာ ကုလားလူမိုက်များပါလေရာ မြွေအ
သမွယ်ပြသော ကုလားများထံမှ မြွေများကိုဝယ်ယူပြီး ပွဲကနေ
သောအချိန်ရောက်တော့မှ ပွဲခင်းထဲ လွှတ်ပေးလိုက်ခြင်းပင်
ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များကတော့ လူမိုက်များဖျက်သဖြင့်
ပွဲပျက်ခဲ့ရသော အဖြစ်အပျက်များပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# တောနက်ထဲမှ ပါရမီရှင်

လူဆိုးလူမိုက်များ ဖျက်သဖြင့် ပွဲပျက်ရသောအကြောင်းကို ရေးသားဖော်ပြပေးပြီးနောက်တွင် သရဲသဘက်များ ဝင်ရောက်နှောင့်ယှက်သောကြောင့် ပွဲပျက်ခဲ့ရသောအကြောင်းအရာ၊ အဖြစ်အပျက်တို့ကိုလည်း ရေးသားဖော်ပြပေးပါဦးမည်။

ရှေးအခါက ထွက်ဖူးသော တစ္ဆေသွန်ပေါင်းကျမ်းစာအုပ်ထဲ၌ပါသော အကြောင်းအရာတစ်ခုကို ဦးစွာဖော်ပြပေးပါမည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ်(၁၂၆၀)ပြည့်နှစ်လောက်က တောင်ငူနယ်ကို စီမံအုပ်ချုပ်ရသော မြို့အုပ်မင်းသည် အခါအားလျော်စွာ ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ကျေးရွာများသို့ လှည့်လည်သွားလာကာ အခွန်တော်ငွေကိစ္စများကို ကြပ်မတ်ဆောင်ရွက်ခြင်းပြုလေသည်။

တစ်ခါသော် တောင်ငူနှင့် (၇)မိုင်ခန့်ဝေးသော ရွာကြီးတစ်ရွာသို့သွားရာ မိုးချုပ်စအချိန်တွင် လမ်းတစ်နေရာ၌ စည်ကားသော ရွာတစ်ရွာကို တွေ့ရလေသည်။

ရွာအလယ်ပိုင်းသို့ရောက်သောအခါ မဏ္ဍပ်ကြီးတစ်ခုနှင့် ဇာတ်စင်တစ်ခု တွေ့ရပြီး ဇာတ်စင်ပေါ်၌လည်း မီးရောင်တထိန်ထိန်ထွန်းကာ ဇာတ်တပြနေလေသည်။

လူများကတော့ ဇာတ်စင်ရှေ့မှသော်လည်းကောင်း မဏ္ဍာပ်တွင်းမှသော်လည်းကောင်း ထိုင်လျှက် ရပ်လျက်ဖြင့် ပွဲကြည့်နေကြလေသည်။

မြို့အုပ်မင်းစီးလာသောလှည်းမှာ ထိုနေရာသို့ ရောက်သောအခါ မဏ္ဍာပ်ထဲမှ ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော မိန်းမကြီးတစ်ယောက်နှင့် အဖော်တစ်စုထွက်လာကြပြီး လှည်းရှေ့မှ တားကြသည်။ ရှေ့ဆုံးမှ ကြိုနေသော မိန်းမကြီးက. . .

"မြို့အုပ်မင်းဘုရား ကြုံကြိုက်နေတုန်းဖြင့် ခဏတဖြုတ်နားနေတော်မူရင်း ပွဲရှုစားတော်မူပါ"

ဟု ချိုသာသောအသံဖြင့် တားလာသောကြောင့် လှည်း





ကို ရပ်တန့်စေသည်။

ထိုသို့ နားလိုက်စဉ်မှာပင် မကြာခင် လက်ဖက်ရည်၊ ...မ်းဆေးလက်ဖက်နှင့် စားသောက်ဖွယ်ရာများ လာရောက်ပို့...သဖြင့် အမောပြေလက်ဖက်ရည်သောက်ရင်း၊ ကွမ်းစားရင်း...နှင့် ကပြနေသောပွဲကို ကြည့်နေကြလေသည်။

မိန်းမကြီးနှင့် အပေါင်းအဖော်တို့ကတော့ လှည်းနှင့်...နီးမဝေးမှာ ရပ်တံ့လျှက်နှင့် "စားပါ။ သောက်ပါ"ဟု တိုက်...ွန်းပြောဆိုနေကြလေသည်။

ဒင်းတို့ကြည့်နေသော အချိန်မှာပင် ဇာတ်စင်ပေါ်၌...င်းသားမင်းသမီး နှစ်ပါးသွားသောအခန်း ရောက်နေပေပြီ။ ...င်ထ သီချင်းဆိုပြီး ကပြပြီးသောအခါ နံဘေးမှာ ထိုင်နေသော ...ချက်က. . .

"ကောင်းပေ့ကွာ"

ဟု ဝမ်းသာအားရအော်လျှက် ထိုင်ရာမှ ထခုန်လေ...ာ ပြန်မကျတော့ပဲ အရပ်ကြီးသည်ခုန်သလောက် ရှည်ထွက်...ာလေတော့သည်။

ထိုအခါ ကြည့်နေသောပရိသတ်က တဝါးဝါး၊ တဟား...ားဖြင့် ပွဲကျနေကြလေသည်။

ထိုအခြေအနေကို မြင်သောအခါ မြို့အုပ်မင်းနှင့်တကွ...ောက်လိုက်နောက်ပါတို့မှာ များစွာအံ့သြသွားကြလေသည်။

ထိုအချိန်မှာ မင်းသားက မင်းသမီး ပုဝါစကိုဆွဲပြီး အ...ပေါ်သို့ မြှောက်လိုက်ရာ မင်းသားလက်တံမှာလည်း ဝါးတစ်ပြန်

www.burmeseclassic.com



စာမျှ ရှည်ထွက်သွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ တစ်ဖက်တွင် ထို

နေသော လူပျက်ကပါ. . .

“ဒါမျိုးမှ ကြိုက်သဟေ့”

ဟု ပြောဆိုကာ ထိုင်နေရာမှ ထခုန်လိုက်ရာ အရပ်ဖြ
က အဆမတန် ရှည်ထွက်လာပြန်လေသည်။

ပရိသတ်များကတော့ ထိုအခြေအနေကို သဘော
လွန်းသဖြင့် တဝါးဝါး၊ တဟားဟားဖြင့် ရယ်မောနေကြရာ
တောမသတ်နိုင်တော့သဖြင့် ရယ်နေသော ပါးစပ်ပေါက်များ
ကျယ်သည်ထက် ပိုကျယ်လာကြသည်။

ပါးစပ်ပြဲအောင် ရယ်ကြရသဖြင့် မျက်လုံးများမှာ
ထွက်လာကာ ရုပ်ပျက်ဆင်းပျက် ဖြစ်ကြလေတော့သည်။

ထိုအခြေအနေကို မြင်တော့မှ မြို့အုပ်မင်းနှင့်အဖွဲ့သ
များမှာ သရဲခြောက်နေမှန်း သိကြသဖြင့် ထိုနေရာမှ လှည်း
အမြန်မောင်း ပြေးကြရပေတော့သည်။

ထိုသို့မောင်းပြေးတော့မှ နေရာမှထလာကြပြီး. . .

“လိုက်ကြဟေ့ လိုက်ကြ၊ မလွတ်စေနဲ့”

ဟု ညာသံပေးကာ ပြေးလိုက်လာကြသဖြင့် နှစ်လုံးပြူ
သေနတ်ဖြင့် အကြိမ်ကြိမ်ပစ်တော့မှ လိုက်လာသောအုပ်စု
မှာ နောက်ဘက်၌ ကျန်ခဲ့ပေတော့သည်။

ထိုအဖြစ်အပျက်မှာ (၁၉၃၄)ခုနှစ်က ထုတ်ဝေခဲ့သော
ပဉ္စရုပ်တိုက်ပိုင်ရှင် ဦးခ ရေးသားခဲ့သော တစ္ဆေပုံညွှန့်ပေါ





၌ ဖော်ပြပါရှိသော အကြောင်းအရာတစ်ခုပင် ဖြစ်ပေ
သည်။

အချိန်ကာလမှာ (၁၉၃၅)ခုနှစ်ဝန်းကျင်အချိန်ကာလ
သည်။

ထိုအချိန်က အလယ်ရိုးမဟုခေါ်သော ပဲခူးရိုးမတော
မှာ မှိုင်းညို့လျက်ရှိပြီး သားရဲတိရစ္ဆာန်တို့လည်း များစွာရှိကြ
သည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားသော အချိန်ကာလတွင်
နိုင်ငံတွင် အရှည်ဆုံးလမ်းအချို့ ဖောက်လုပ်ခဲ့ကြသည်။
ကုန်-မန္တလေးတောက်လျှောက် သွားနိုင်သော ကားလမ်းနှင့်
ထားလမ်း၊ ပြည်မြို့နှင့် ရန်ကုန်မြို့သို့ တောက်လျှောက်သွား
နိုင်သော မော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့ပင် ဖြစ်

ထိုကဲ့သို့ မီးရထားလမ်းနှင့် မော်တော်ကားလမ်းတို့ ပေါ်
လာသောအခါ ကားလမ်းနှင့်မနီးမဝေး၊ ရထားလမ်းနှင့်
ဝေးနေရာတွင် ရွာများတည်ထောင်ပြီး နေထိုင်လာကြ

ကာလကြာတော့ နေထိုင်သူလူဦးရေ တိုးပွားလာသော
ရွာငယ်မှရွာကြီး၊ ရွာကြီးတော့မြို့ငယ်ကလေးများအသွင်
င်းလဲလာလေသည်။

ထိုအချိန်က ဒေးစွန်ပါတောင်နှင့် မနီးမဝေးတွင် စည်
သော ရွာကြီးတစ်ရွာရှိသည်။ ရွာအမည်က “အင်ကြင်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com



ရွာ" ဖြစ်သည်။

ရန်ကုန်-မန္တလေးသွား ကားလမ်းနှင့် မနီးမဝေးတွ

တည်ထားခြင်းဖြစ်ပြီး အိမ်ခြေပေါင်း တစ်ရာကျော်ခန့် ရှိ

သည်။

ထိုရွာကို စီမံအုပ်ချုပ်သော သူကြီးမှာ ဦးပန်းစိန်ဖြ

သည်။

ထိုရွာမှာ နေထိုင်ကြသူများမှာ လယ်ယာလုပ်င

အသီးအနှံစိုက်ပျိုးသောလုပ်ငန်း၊ အင်းထဲသွားပြီး သားငါးရှာ

သောလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ အမဲသားငါးရှာဖွေသေ

လုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများကို ရှာဖွေရောင်းချသေ

လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

ရိုးမသစ်တောကြီးမှာ သစ်မျိုးစုံ၊ ဝါးမျိုးစုံတို့ ပေါ

လှသဖြင့် လိုတာရှာဖွေယူနိုင်သော အချိန်ကာလဖြစ်သည်

ဝါးမျိုးစုံတို့ကို ရှာဖွေခုတ်ယူပြီး ရောင်းချသူများပင်

သောက်နိုင်လောက်သော အခြေအနေမျိုး ဖြစ်သည်။

နီမောင်တို့မိသားစုက အင်းကြင်းမြိုင်ရွာမှာ နေ

ကြလေသည်။

မိခင်ဖခင်တို့ ဖြစ်ကြသော ဦးဘရှိန်နှင့် ဒေါ်ကျင်

တို့အပြင် ညီတစ်ယောက်နှင့် ညီမတစ်ယောက်ရှိရာ စုစုပေ

(၅)ယောက် နေထိုင်ကြသည်။

ညီဖြစ်သူက ရင်မောင်ဖြစ်ပြီး အသက်(၂၀)အရွယ်

ရောက်နေသည်။





ညီမဖြစ်သူ ရင်မေကတော့ (၁၇)နှစ်လောက်သာ ရှိ

သေးသော အပျိုပေါက်အရွယ်သာ ရှိသေးသည်။

သူတို့မိသားစုတွင် လယ်တစ်ဧက ရှိသည်။ စပါးစိုက်

သာအချိန်တွင် စပါးစိုက်ပျိုးပြီး စပါးရိတ်သိမ်းပြီးလျှင်တော့

သီပေါ် အသီးအနှံများဖြစ်သော ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဆလတ်၊

မ်း၊ ခရမ်းချဉ်၊ ဖရဲသီး စသော အသီးအနှံများ စိုက်ပျိုးကြ

သည်။

လယ်မှထွက်သော စပါးက ဝမ်းစာရပြီး၊ အသီးအနှံများ

တော့ အိမ်လည်းစား၊ ပိုလျှံတာကိုလည်း ရောင်းချခြင်းဖြင့်

စ်ဖက်တလမ်းမှ ဝင်ငွေရကြလေသည်။

ထိုအလုပ်ကိုတော့ ဖခင်ဖြစ်သူ ဦးဘရှိန်နှင့်အတူ ရင်

မောင်နှင့်ရင်မေတို့ မောင်နှမနှစ်ယောက်က ဝိုင်းဝန်းလုပ်ကိုင်

ကြလေသည်။

နီမောင်ကတော့ ထိုအလုပ်များကို ရံဖန်ရံခါမှသာ လုပ်

ကိုင်သူဖြစ်သည်။

နီမောင်၏ဝါသနာက တောထဲဝင်ပြီး လုပ်ကိုင်ရသော

လုပ်များကိုသာ နှစ်သက်သဘောကျလေသည်။

ထိုရွာတွင် သူနှင့်အတွဲညီလှသော အခြားနှစ်ယောက်

သေးသည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင်ဖြစ်သည်။

နီမောင်ကအသက် (၂၅)နှစ်အရွယ်ခန့်ရှိပြီဖြစ်ရာ ကျန်

ယောက်ကလည်း သူနှင့်သက်တူရွယ်တူများ ဖြစ်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့သုံးယောက်က ညီအစ်ကိုမဟုတ်သော်လည်း ဉ
ရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကြသည်။

စိတ်သဘောတူညီမှု ရှိကြသည်။

အင်းကြင်းမြိုင် ရွာထိပ်ဘက်တွင် သစ်ခွဲစက်နှစ်လုံ
သည်။

အစိုးရထံမှ လိုင်စင်ယူထားပြီး အချို့သစ်များကို နိုး
ကာ ခွဲစိပ်ရောင်းချနေသော သစ်စက်များဖြစ်သည်။

တစ်ဦးက ကုလားလူမျိုးပိုင်သော သစ်ခွဲစက်ဖြစ်
ကျန်တစ်စက်ကတော့ ဗမာလူမျိုးပိုင်သော သစ်စက်ဖြစ်သည

နီမောင်တို့ သုံးယောက်က အခြားအလုပ်ရှိလျှင် အ
မှာလုပ်ပြီး၊ အခြားမှာမရှိလျှင်တော့ ထိုသစ်စက်များမှာ ဝင်
ကြသည်။

သစ်စက်များမှာ သာမန်သစ်စက်ငယ်ကလေးများ
ပြီး အစိုးရသတ်မှတ်ထားသော ကျွန်းသစ်အပါအဝင် သစ်
များကို ခုတ်လှဲရောင်းချခွင့် မရှိပေ။

အစိုးရက အသုံးမပြုလိုသဖြင့် ဖယ်ထားသော အပ
ခံသစ်များကိုသာ ခုတ်ယူပြီး ခွဲစိပ်ရောင်းချခွင့် ရှိကြသည်။

သို့သော်လည်း အပယ်ခံသစ်များကို ထုတ်ယူရင်းမှ
အခြားအကောင်းစား သစ်များကိုပါ ကြားညှပ်ခုတ်လှဲပြီး ခွဲ
ရောင်းချကြသည်။

တောအုပ်၊ တောခေါင်းများရောက်လာပြီး စစ်ဆေ





လျှင် ငွေနှင့်လက်ဆောင်များပေးပြီး မသိကျိုးကျွံ ပြုသွားစေလေ
သည်။

"ကျွန်တော်တို့က အစိုးရမင်းများ လိုင်စင်ချပေးထားတဲ့
အပယ်ခံသစ်တွေပဲ ယူတာပါ။ ဒီခွဲစိပ်ထားတဲ့ အသားတွေမှာ
အပြစ်အနာအဆာ ကင်းနေတာက လွှဆရာတွေက သစ်ခွဲတာ
တော်ကြလို့ပါ တောအုပ်မင်းရယ်"

ဟု ကျေနပ်အောင်ပြောပြီး ငွေပေးလိုက်လျှင် တော
အုပ်တောခေါင်းတွေမှာ ဘာမှမပြောသာတော့ပဲ ပေးတာယူပြီး
ပြန်သွားကြရသည်က များလေသည်။

နီမောင်တို့သုံးယောက်က မိုးရာသီ ရာသီဥတုမကောင်း
ပါက ထိုသစ်စက်များမှာ ဝင်ရောက်လုပ်ကိုင်ကြပြီး ရာသီဥတု
သာယာလာလျှင်တော့ သစ်စက်မှာ မလုပ်ကြတော့ပေ။

ရိုးမတောထဲဝင်ပြီး အမဲပစ်ခြင်း၊ ပျားဖွပ်ခြင်း၊ နွယ်ချို
အရဝေး စသောဆေးဖက်ဝင် ဆေးပင်ဆေးရွက်များ ရှာဖွေခြင်း၊
အင်တွဲ၊ ပွန်းညက် စသည်တို့ရှာဖွေခြင်း လုပ်ကိုင်ကြလေသည်။

ထိုအလုပ်များမှာ သူတို့သုံးယောက်စလုံး ဝါသနာပါ
သော အလုပ်မျိုးဖြစ်ပြီး ဝင်ငွေကလည်း ကောင်းလေသည်။

ရှာဖွေရသော ပစ္စည်းများကို စုဆောင်းထားပြီး များများ
ရလာပါက. . ရန်ကုန်မှာရှိသော ဖောက်သည်ဆိုင်များသို့ သွား
ရောက်ပို့ပေးကြသည်။

ကုန်စျေးတန်းမှာရှိသော ပရဆေးပစ္စည်း ကုန်ကြမ်း
ရောင်းချသော ဆိုင်ကြီးများကလည်း အလိုရှိသော ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



အား သူတို့ကို မှာကြားကြသည်။ ကြာလာတော့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်မှု ရှိကြကာ စီးပွားဖက်များ ဖြစ်နေကြသည်။

"နီမောင်ရေ ဒီတစ်ပတ်တက်လာရင် ပျားရည်နဲ့ နွယ်ရိုး များများရအောင် ရှာခဲ့ပါဦး၊ ဒီမှာရောင်းစရာပစ္စည်း သိပ်မရှိ တော့လို့"

ထိုသို့မှာလျှင် နောက်တစ်ခေါက် တောသို့သွားကြ သောအခါ ထိုပစ္စည်းများကို ဦးစားပေးရှာဖွေကြရပေသည်။

နီမောင်တို့အနေဖြင့် ရိုးမတောထဲမှ ပစ္စည်းများကို ရှာ ဖွေရောင်းချရသည် ဆိုသော်လည်း လွယ်လွယ်ကူကူ ရခဲ့သည် တော့ မဟုတ်ကြပေ။

တောတွင်းဝင်ပြီဆိုကတည်းက အသက်ကို ဖက်နှင့် ထုပ်ထားရမလို အန္တရာယ်များလှပေသည်။

ငှက်ဖျားရောဂါ၊ သားရဲတိရစ္ဆာန်တို့ အန္တရာယ်အပြင် အခြားကြောက်စရာကောင်းသော အန္တရာယ်မျိုးစုံတို့လည်း မြောက်များစွာရှိသည်။

အခြားတော့ မဟုတ်ပေ။ ပရလောကသားတို့၏ လှည့် စားမှုကြောင့် အသက်အန္တရာယ်နှင့် တွေ့ကြရခြင်းပင် ဖြစ်ပေ သည်။

ဒီနေရာမှာ ပြောစရာတစ်ခုတော့ရှိသည်။ အခြားမ ဟုတ်ပေ။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ရိုးမသစ်တောကြီးသုံး တန်ရှိသည်။

အရှေ့ရိုးမ၊ အလယ်ရိုးမနှင့် အနောက်ရိုးမတို့ဖြစ်ကြ





သည်။

ထိုရိုးမသုံးတန်တို့အပြင် အခြားတောင်တန်းကြီးများ၊ သစ်တောကြီးများ နေရာမလပ်ရှိသည်။

ရှေ့မှတ်တမ်းများအရ မြန်မာနိုင်ငံ၏ အကျယ်အဝန်း (၃၅)ရာခိုင်နှုန်းမှာ သစ်တောကြီးများက ဖုံးလွှမ်းထားသည်ဟု အဆိုရှိပေသည်။

ထိုကဲ့သို့ ထူထပ်စွာရှိသော သစ်တောကြီးများထဲတွင် သားရဲတိရစ္ဆာန်တို့ များစွာရှိသည်။

သဘာဝဘေးအန္တရာယ်တို့ ရှိကြသည်။

ထို့အပြင် ပရလောကသားတို့ နှောင့်ယှက်ဖျက်ဆီးမှု များလည်း ရှိကြပေသည်။

သစ်တောကြီးများထဲမှာ ပရလောကသားများ ရှိကြ သည်ကတော့ အဆန်းတကြယ် မဟုတ်လှပေ။

သို့သော် အခြားသစ်တောများထက် ပဲခူးရိုးမဟုခေါ် သော အလယ်ရိုးမက ပိုဆိုးသည်။

ဖမ်းစားမှုကလည်း ကြမ်းသည်။

ထိုကဲ့သို့ ဖမ်းစားမှုကြမ်းခြင်းမှာ အကြောင်းမဲ့တော့ မဟုတ်ပေ။

မြန်မာနိုင်ငံတွင် သိုက်ပေါင်း ကိုးသိန်းကိုးသောင်းကျော် ရှိသည်။

ထိုသိုက်များ၏ ဗဟိုချက်ဟုခေါ်သော သိုက်ချုပ်နေရာ မှာ ဒေးစွန်ပါတောင်ဝန်းကျင်တစ်ဝိုက်၌ပင် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သိုက်နန်းများနှင့် ဆက်သွယ်နေသော ပရလောကသားများ ပေါ်များနေခြင်းဆိုက မှားမည်မထင်ပေ။

ယခု ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကို အလယ်ရိုးမရှိခဲ့သောနေရာမှ ဖြတ်ဖောက်ထားခဲ့ကြသည်။

ထိုလမ်းမကြီးပေါ်မှာ မကြာခဏဆိုသလို လူပေါင်းများစွာ အစုလိုက်အပြုံလိုက် သေကြေပျက်စီးနေခြင်းမှာ သာမန်အကြောင်းတစ်ခုအနေဖြင့်တော့ မဟုတ်မှန်း ရိပ်မိလောက်ကြပေပြီ။

အကျွတ်အလွှတ်ပွဲများ လုပ်သောအခါ ကျွတ်ခွင့်ရသူတို့ ကျွတ်သွားကြပေလိမ့်မည်။

သို့သော် ထိုကဲ့သို့လုပ်ပြီး မရှေးမနှောင်းမှာပင် ထိုနေရာတစ်ဝိုက်မှာပင် အစုလိုက်အပြုံလိုက် ထပ်သေကြပြန်သည်။

ဒါကတော့ သာမန်တိုက်ဆိုင်မှု မဖြစ်နိုင်တော့ပေ။

ပြောချင်၊ ရေးချင်တာက အလယ်ရိုးမ သစ်တောကြီးမှာ အခြားနေရာမှာရှိသော သစ်တောများထက်ပိုပြီး ပရလောကသားတို့ နှောင့်ယှက်ဖျက်ဆီးမှု ကြမ်းတမ်းသည်ဆိုသော အကြောင်းပင်ဖြစ်ပေသည်။

နီမောင်တို့တတွေက ထိုကဲ့သို့ကြမ်းလှသော တောထဲဝင်ပြီး စီးပွားရှာဖွေကြရခြင်း ဖြစ်ပေသည်။

ထိုသို့ စီးပွားရှာဖွေကြရာမှာတော့ အနှောင့်အယှက်တို့နှင့်လည်း တစ်ခါတရံ ကြုံတွေ့ရပေသည်။

တစ်ခါက. . . နီမောင်မှာ စောထီး၊ ငမဲအောင်တို့ နှစ်





ယောက်နှင့် လမ်းခွဲပြီး ကျောက်သွေးရှာဖွေရန် ထွက်လာစဉ် စမ်းချောင်းတစ်ခုနားရောက်သောအခါ အမျိုးသမီးတစ်ယောက် သီချင်းဆိုနေသော အသံကို ကြားရလေသည်။

ဒါကလည်း ထူးဆန်းသည်တော့ မဟုတ်ပေ။ တောထဲမှာ မျှစ်ချိုး၊ မှိုရှာထွက်လာသော သီချင်းကြိုက်သည့် အမျိုးသမီးတစ်ယောက်ယောက်၏ အသံလည်းဖြစ်နိုင်ပေသည်။

*"ဟို. . ကမ်းပါးယံ တောင်ထက်က၊ မယ်ဇက်ကယ့် ခေါ်ယောင်၊ ရွှေဖိုးခေါင်၊ လွမ်းအောင်ခုနေ့၊ လွမ်းသီချင်း ငယ်ပေါ်၊ ကြွေးကြော်သံရှင့်၊ ကျူးတယ် ကျူးတယ် . . ကျူးတယ် ကျူးတယ်၊ ကျူးတယ်. . ကျူးတယ်. . လေ. . တော့အဝေး"*

*"သစ်ဆင့်သဇင် ဂမုန်းအင်၊ သဇင်လှိုင်ပျံ့မွှေးတယ်၊ မွှေးတယ်၊ မွှေးတယ်. . မွှေးတယ်၊ မွှေးတယ်. . မွှေးတယ် တော့. . အဝေး"*

သီဆိုနေသောအသံက မင်းသမီးတစ်ယောက် အသံကဲ့သို့ ချိုသာကြည်လင်ပြီး၊ ဆိုနေဟန်ကလည်း ကောင်းသည်။ ထိုသီချင်းသံကြားတော့ နီမောင်စိတ်ထဲမှာ ဆိုင်းထဲ၊ ဇာတ်ထဲလိုက်ဖူး၊ ကဖူးသော အမျိုးသမီး တစ်ယောက်ယောက် သီဆိုနေခြင်းပင် ဖြစ်မည်ဟု စိတ်ထဲမှ တွေးမိလေသည်။

သူလိုချင်သော ကျောက်သွေးကလည်း စမ်းချောင်းဘက်မှာသာ ရနိုင်သောကြောင့် အသံကြားရာဘက်သို့ ဆင်းသွားခဲ့သည်။

အချိန်က မွန်းလွဲပိုင်း အချိန်သာသာလောက်သာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သေးသဖြင့် တောထဲမှာ အလင်းရောင် ရနေသေးသည်။

စမ်းချောင်းတစ်ဝိုက်မှာတော့ အပေါ်မှသစ်ပင်ကြီးငယ်တို့ အုပ်မိုးထားသောကြောင့် အနည်းငယ် မှောင်နေသည်။

ထိုနေရာဘက်သို့ ရောက်သွားတော့. . သီချင်းသံက ပျောက်သွားလေသည်။

စောစောက သီချင်းသံကြားရသောနေရာမှာ ကျောက်တုံးကြီးနှစ်တုံးကြားမှပင် ဖြစ်သည်။

ယခု ထိုနေရာရောက်တော့ ဘယ်သူမှ မတွေ့ရတော့ပေ။

မိမိမလာခင်ကတည်းက ပုန်းနေလေသလားဟု ဟိုဟိုဒီဒီကြည့်တော့လည်း မတွေ့ရပေ။

ဒီတော့မှ သဘောပေါက်သွားသည်။ တောနက်ထဲတွင် အဖြေနှစ်မျိုးသာရှိသည်။ တစ်မျိုးက ရိုးရိုးသားသား တွေ့မြင်ရ၊ ကြားရခြင်းဖြစ်ပြီး၊ နောက်တစ်မျိုးကတော့ ပရလောကသားတို့ လှည့်စားခြင်းပင် ဖြစ်သည်။

အချို့ကတော့ တောခြောက်ခြင်း၊ တောမှောက်ခြင်းဟု သတ်မှတ်ကြသည်။

အမှန်တော့ တောခြောက်ခြင်း၊ တောမှောက်ခြင်းမှာ တောထဲမှာရှိသော နတ်များနှင့် ပရလောကသားတို့ နှောင့်ယှက်ကြခြင်းပင် ဖြစ်ပေသည်။ နီမောင်အနေဖြင့် ထိုအတွေ့အကြုံများနှင့် ကြုံတွေ့ခဲ့ဖူးသောကြောင့် ထိတ်လန့်ကြောက်လန့်နေခြင်းမရှိဘဲ၊ အလိုရှိနေသော ကျောက်သွေးရစေရန် လိုက်လံရှာဖွေလေ





တော့သည်။

ကျောက်သွေးမှာ အလွယ်တကူ ရှာဖွေတွေ့နိုင်သော ပစ္စည်းမျိုးတော့ မဟုတ်ပေ။

ကျောက်ချပ်၊ ကျောက်လွှာများကြားမှာ သွေးရောင်ကဲ့သို့ နီညိုရောင် စေးပျစ်ပျစ်အရေများ စိမ့်ထွက်နေခြင်းမှာ. . ကျောက်သွေးစိမ့်ခြင်းဖြစ်ပြီး ကျောက်သွေးအစစ်မှာ များစွာဆေးဖက်ဝင်လှပေ၏။

နီမောင်က စမ်းချောင်းနံဘေးမှာ ရှိနေသော ကျောက်တုံးကြီးများအောက်သို့သော်လည်းကောင်း၊ ကြားထဲသို့သော်လည်းကောင်း လိုက်လံရှာဖွေနေစဉ် စမ်းချောင်းရှိသောဘက်မှ ရေသံလိုလို ခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

မနီးမဝေးနေရာတွင်ရပ်နေသော. . အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

သူနှင့်သက်တူရွယ်တူလောက်ပင် ရှိသေးပြီး မျက်နှာအမူအယာက ချောမောပြေပြစ်သူဖြစ်သည်။

တစ်ပတ်လျှိုထုံးပြီး နောက်ဘက်သို့ချထားသော ဆံပင်ရှည်ကပင် ခါးလောက်ရောက်နေလေသည်။

ထိုအမျိုးသမီးမျက်နှာကိုမြင်တော့ တစ်နေရာမှာ မြင်ဖူးတွေ့ဖူးသည်ဟု စိတ်ထဲမှ ထင်လိုက်မိသည်။

သူလှည့်ကြည့်တော့ အမျိုးသမီးက ပြုံးပြသဖြင့် သူကလည်းရောယောင်ပြီး ပြန်ပြုံးပြလိုက်ရသည်။

"အစ်ကို ဘာတွေရှာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်သွေး ရှာနေတာပါ"

"ကျောက်သွေးလိုချင်ရင် ဒီနေရာမှာ မရနိုင်ဘူး၊ ချောင်းဖျားဘက်မှာတော့ တွေ့ခဲ့တယ်"

ထိုစကားကြောင့် စိတ်ထဲမှ ဝမ်းသာသွားလေသည်။

"ဘယ်နေရာမှာလဲ မှတ်မိရင် တဆိတ်လောက် လမ်းညွှန်ပေးပါလား"

"ကျွန်မလည်း အဲဒီဘက်ပြန်သွားမှာပါ၊ ဒါပေမယ့် မောသေးလို့ ခဏတော့ နားရဦးမယ်"

ဟုပြောပြီး သစ်ပင်ရိပ်မှာရှိသော ကျောက်တုံးတစ်တုံးပေါ် ဝင်ထိုင်သဖြင့် နီမောင်လည်း မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"ဒါထက် တောထဲလာတာ မင်းတစ်ယောက်ထဲလား"

"တစ်ယောက်တည်းတော့ ဘယ်လာဝံ့ပါ့မလဲ၊ အဖော်တွေတော့ပါတာပေါ့၊ သူတို့က ဟိုဘက်နားမှာ မှိုကျင်းတူးနေကြတယ်"

နီမောင်က မသိမသာ နားစွင့်ကြည့်တော့လည်း လူသံသူသံမကြားရပေ။

"ဒါထက် စောစောက သီချင်းဆိုသံကြားလိုက်မိတယ်၊ မင်းဆိုလိုက်တာလား "

သူမက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"အသံ အတော်ကောင်းတာပဲ၊ ဇာတ်ထဲ အငြိမ့်ထဲ လိုက်ဖူးသလား"





"ဟင့်အင်း. . မလိုက်ဖူးပါဘူး"

"မင်းသာ ဇာတ်မင်းသမီးလုပ်ရင် နာမည်ကြီးမှာပဲ"

"ဘာဖြစ်လို့လဲ"

"ရုပ်လည်းချော အသံလည်းကောင်းလို့လေ"

ထိုသို့ပြောသောအခါ ဖြူဖွေးသောသွားများ ပေါ်လာသည်အထိ သဘောကျစွာဖြင့် ရယ်နေလေသည်။

"ပြောရရင်တော့ ကျွန်မကလည်း ငယ်ငယ်ကတည်းက ဇာတ်မင်းသမီး၊ အငြိမ့်မင်းသမီး သိပ်လုပ်ချင်တာ တောထဲမှာနေရတာဆိုတော့ အဆက်အသွယ် မရှိလို့သာ နေနေရတာ"

ဟု ပြောပြသည်။

"မင်းရုပ်ရည်နဲ့ မင်းအသံကောင်းပုံမျိုးနဲ့ဆိုရင် သဘင်ပညာကိုသာ တတ်အောင်သင်ပြီးခဲ့ရင် နာမည်ကြီးတဲ့ မင်းသမီးတစ်လက်ဖြစ်လာမှာ အသေအချာပါပဲ"

"ကျွန်မကလည်း ဟိုဘဝက ပါရမီပါခဲ့လို့လားတော့ မပြောတတ်ပါဘူး အစ်ကိုရယ်၊ ဆရာသမားတွေနဲ့ သေသေချာချာ မသင်ဖူးခဲ့ပေမယ့် အဆိုအက ပညာတွေကို အတော်လေး တတ်ကျွမ်းနေခဲ့တယ်"

"အံ့သြစရာပဲ. . သဘင်ပညာဆိုတာ အလွန်ခက်တာ၊ ပါရမီ မပါရင် သင်တာတောင် မတတ်ကြဘူး"

"အမေပြောတာတော့ ကျွန်မက နာမည်ကြီး မင်းသမီးတစ်ယောက်သေပြီး ဝင်စားလာတာလို့ ပြောဖူးတယ်၊ ဒါကြောင့် ငယ်ငယ်ကတည်းက ကတဲ့အခါ စည်းကိုက်ဝါးကိုက် ကနိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆိုရင်လည်း စည်းဝါးမှန်အောင် ဆိုနိုင်တယ်၊ နောက်ပြီး ရှေးက မင်းသမီးကြီးတွေဆိုတဲ့ သီချင်းတွေကိုလည်း အားလုံး နေတယ်"

ထိုစကားကြားတော့ နီမောင့်စိတ်ထဲမှာ မအံ့ဩဘဲ မနေ နိုင်တော့ပေ။

လူဝင်စားများနှင့် ပတ်သက်သည့် ထူးခြားဆန်း ကြယ် သော အကြောင်းများကို လူကြီးများပြောသဖြင့် ကြားဖူး သင့်သ လောက်တော့ ကြားဖူးခဲ့သည်။

ယခု သူ့ရှေ့မှာထိုင်နေသော မိန်းကလေးမှာလည်း ထို ကဲ့သို့သော အံ့ဩဖွယ်ကောင်းသော သူများထဲတွင် တစ်ဦးအပါ အဝင် ဖြစ်ပေလိမ့်မည်။

လွန်ခဲ့သောနှစ်အနည်းငယ်က လူဝင်စားနှင့် ပတ်သက် သည့် ထူးခြားသော သီတင်းတစ်ပုဒ် ကြားခဲ့ဖူးသည်။

ဓမ္မကထိက ဘွဲ့ရ လေးနှစ်သားလေး မောင်ထွန်းကြိုင် အကြောင်း ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ပါရမီထူးသော ဓမ္မ ကထိက ကလေးတစ်ဦးသည် မြန်မာပြည်၌ ပေါ်ထွန်းခဲ့သည်။

ထိုပုဂ္ဂိုလ်ထူး ကလေးသည် အသက်အားဖြင့် လေးနှစ် သားအရွယ်၌ပင် ရှိသေးသော်လည်း ပါဠိတော်ကြီးများကို အမှား အယွင်းမရှိ ဖတ်ပြနိုင်ရုံမက မှားသောစာများကိုပင် ပြင်ပေးနိုင် စွမ်း ရှိလေသည်။

ထို့မျှမကသေးပါ။ မောင်ထွန်းကြိုင်သည် ထိုအရွယ်က





ားမှာပင် ဓမ္မစကြာတရားတော်ကိုပင် အထစ်အငေါ့မရှိ ချော ချောမောမော ဟောကြားနိုင်ပေသည်။

မောင်ထွန်းကြိုင်၏ မိဘများမှာ ဦးဘမောင်နှင့် ဒေါ် ယ်ရီတို့ ဖြစ်ကြသည်။

မောင်ထွန်းကြိုင်အား မြန်မာသက္ကရာဇ် (၁၂၈၁)ခုနှစ် ာသိုလဆုတ် (၂)ရက်နေ့ (အင်္ဂါနေ့) ည(၉)နာရီ အချိန်တွင် န်းတနော်မြို့အပိုင်၊ မင်းဆယ်ရွာ၌ ဖွားမြင်ခဲ့သည်။

ထိုသားငယ်ကလေး မောင်ထွန်းကြိုင်သည် ရူပလောက် အောင် အဆင်းလှရုံမက ကောင်းမြတ်သော လက္ခဏာ အင်္ဂါ အမျိုးမျိုးတို့နှင့်လည်းကောင်း၊ ကြီးမားသော ဘုန်းပညာနှင့် ည်းကောင်း ပြည့်စုံသူတစ်ဦး ဖြစ်လေသည်။

မောင်ထွန်းကြိုင် အသက်လေးနှစ်နှင့် ခြောက်လအ ွယ်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော် ခဲ့သည့် ဓမ္မတရားတော်ကို တရားနာ ပရိသတ်တို့အား ဟော ပြောနိုင်ခဲ့ပေသည်။

အဘိဓမ္မာ တရားတော်မြတ်ကို အရွယ်နှင့်မလိုက် အောင် ရဲရင့်စွာ ဟောပြောနိုင်သော မောင်ထွန်းကြိုင်၏ သတင်း ကို ကြားသိရသောအခါ ရပ်ဝေးရပ်နီးမှ လူကြီးလူငယ်များစွာ ည် မောင်ထွန်းကြိုင်ထံမှ တရားနာရန်ရောက်လာခဲ့ကြသည်။

လူသာမန်တို့ အလွယ်တကူ မသိနိုင်သည့် အဘိဓမ္မာ ရားတော်ကို ရှင်းလင်းစွာ ဟောပြနေသည့် မောင်ထွန်းကြိုင် ိ ပုဂ္ဂိုလ်မြတ်ကြီးတို့ကလည်း ကောင်းချီးသြဘာ အဖြာဖြာပေး



www.burmeseclassic.com

www.burmeseclassic.com



ကာ ချီးမွမ်းကြသည်။

မောင်ထွန်းကြိုင်သည် ကလေးအရွယ်မှာပင် ရွှေရော
အဆင်းကဲ့သို့ ဝင်းဝါစိုပြေသော အသားအရေရှိပြီး အသံလည်
အလွန်သာယာသည်။

မောင်ထွန်းကြိုင်သည် အသက် (၄)နှစ်(၆)လ အရွ
သာ ရှိသော်လည်း အဘိဓမ္မာတရားကို ပရိသတ်များ ရှင်းလ
စွာ နားလည်အောင် ဟောကြားနိုင်သည်ဟူသော သတင်းထူ
မင်းဆယ်ရွာ၏ အနောက်ဘက်ရှိ ယွမ်းကျောင်းတိုက်တွင်
တင်းသုံး နေထိုင်သော ဦးဇာဂရ အမည်ရှိ ဘုန်းတော်ကြီးသ
ကြွရောက်၍ မောင်ထွန်းကြိုင်အား မိမိ၏ကျောင်းသို့ ခေ
ဆောင်ခဲ့သည်။

ကျောင်းသို့ရောက်သောအခါ ဦးဇာဂရသည် မော
ထွန်းကြိုင်၏ ရှေ့ဖြစ်နောက်ကြောင်း ဘဝဟောင်းကို စေ့
စပ်စပ်မေးမြန်းသောအခါ ဆန်းကြယ်လှသော မောင်ထွန်းကြ
၏ ယခင်ဘဝဟောင်းအကြောင်းကို သိရပေတော့သည်။

မောင်ထွန်းကြိုင်သည် ရှေးယခင်ဘဝက ဤယွ
ကျောင်းတိုက်၌ နေ့ညမပြတ် ပိဋကတ်သုံးပုံကို သင်ကြားပို့
ပေးခဲ့သော "ဦးပဏ္ဍိစ္စ" အမည်ရှိ ယွမ်းကျောင်းဆရာတော်ဘုရ
ကြီး ဖြစ်ခဲ့ဖူးကြောင်း သိရှိရလေသည်။

ယွမ်းကျောင်းဆရာတော်ဘုရားကြီးဘဝက ကံကုန်
ယခုဘဝရောက်သော မောင်ထွန်းကြိုင်သည် ကိုးဆယ့်ခြော
ပါးသော ရောဂါဝေဒနာ ကင်းစင်သည်။ ရုပ်ရည်ချောမော





ဖြစ်သည်။

အသံသြဇာကောင်းသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မတရားတော်များကို လူပရိသတ်အား
ဟောပြောနိုင်စွမ်းရှိသည်။

မောင်ထွန်းကြိုင်၏ လူဝင်စားဘဝကို တွေ့မြင်ကြားသိ
သော သူတော်ကောင်းအပေါင်းတို့သည်လည်း မိမိတို့ အမှန်
တကယ် တရားအားထုတ်လျှင် လောကီ လောကုတ္တရာ နှစ်ဖြာ
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို ပေးစွမ်းနိုင်ပေ
သည်ဟူသော အမြင်သစ်များ တိုးပွားလာပြီး ကုသိုလ်ဒါနပွား
များကြပေသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် လူဝင်စား
များနှင့် ပတ်သက်သည့် အကြောင်းအရာများစွာတို့ ပေါ်ပေါက်
ခဲ့ပေသည်။

နီမောင်ကတော့ ဇင်းရွှေ့မှာရောက်နေသည့် မိန်းက
လေးပြောပြသည့် အကြောင်းအရာများမှာ ဟုတ်မဟုတ်၊ မှန်မ
မှန် သေချာစွာ မသိရသေးသော်လည်း ရုပ်ရည်ချောမောခြင်း
နှင့် အသံကောင်းခြင်းကတော့ လက်တွေ့မြင်ရကြားရပြီး ဖြစ်ပေ
သည်။

"မင်းနာမည် ဘယ်သူလဲ"

"ကျွန်မ နာမည်က စောမာလာ လို့ခေါ်ပါတယ်"

"ဘယ်ရွာမှာ နေကြတာလဲ"

"ဒီနေရာကသွားရင် သိပ်မဝေးပါဘူး၊ ရွာနာမည်က



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြာသာဒ်ရွာလို့ ခေါ်တယ်”

“ကျောက်ပြာသာဒ်ရွာ”

နီမောင်က ထိုနာမည်မျိုး မကြားဖူးသေးသောကြော
စဉ်းစားကြည့်နေသေးသည်။

“အစ်ကိုရောက်တဲ့အခါ လာလည်ပေါ့၊ ကဲ ကျွန်မလည်
အမောပြေသွားပြီ၊ အစ်ကို့ကို ကျောက်သွေးရနိုင်မယ့်နေ
လိုက်ပြပေးမယ်၊ ကျွန်မနောက်ကသာ လိုက်ခဲ့ပေတော့”

ဟုပြောပြီး ခေါ်သွားရာ နီမောင်လည်းနောက်မှ လို
သွားလေသည်။ ချောင်းဖျားဘက် တစ်နေရာရောက်တော့
ကျောက်တုံးကြီးများ အထပ်ထပ်ရှိသောနေရာတစ်ခုသို့ ညွှ
သဖြင့် အတွင်းသို့ဝင်ကြည့်ရာ သူလိုချင်သော ကျောက်ေ
ရည်များကို တွေ့ရလေသည်။

ကျောက်သွေးရေများကို ဝါးပိုးဝါးဖြင့် ပြုလုပ်ထားသေ
ဝါးဆစ်ဗူးများဖြင့် ခံယူပြီး ထိုနေရာကို အသေအချာ မှတ်သ
ထားခဲ့ပြီး အပြင်သို့ပြန်ထွက်လာသောအခါ စောမာလာဆိုသေ
အမျိုးသမီးကို မတွေ့ရတော့ပါချေ။







## အခန်း(၆)

# သရဲဝင်ပျောက်သဖြင့် ပွဲပျက်ရသောအကြောင်း

နီမောင်တစ်ယောက် ကျောက်သွေးရေများရလာသည်
ကိုတော့ စောထီးနှင့်ငမဲအောင်တို့က ဝမ်းသာကြသည်။

စောမာလာဆိုသော မိန်းကလေးနှင့် တွေ့ခဲ့သည့်ဆို
သော စကားကိုတော့ နှစ်ယောက်စလုံးက သဘောမကျကြပေ။

“သူလိုက်ပြလို့ ကျောက်သွေးတွေရခဲ့တာတော့ ကျေး
ဇူးတင်ရမှာပဲ၊ ဒါပေမယ့်. . တောနက်ထဲမှာ မိန်းကလေးတစ်
ယောက်တည်း အဖော်မပါဘဲနဲ့ လျှောက်သွားနေတာတော့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး"

"ဘယ်လိုမရှိတာလဲ"

"သာမန်လူ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ဥစ္စာစောင့်ပဲဖြစ်ဖြစ်၊ ကျတ်တွေပဲဖြစ်ဖြစ် လူယောင်ဆောင်လာတာ ဖြစ်မှာပေါ့"

ငမဲအောင်က ပြောသည်။

"ဒါဖြင့် နီမောင်ကို သဘောကျလို့ လာပြီးအကူအညီပေးသွားတာဖြစ်မယ်၊ ဒီလိုဆိုရင်တော့ မင်းသတိသာထားပေတော့၊ တော်ကြာ အနားကမခွာတော့ဘဲ တကောက်ကောက်လိုက်ကပ်နေမှ အခက်တွေ့နေဦးမယ်"

စောထီးကပါ ဝင်ပြောသဖြင့် နီမောင်က ပြုံးလိုက်သည်။

"လိုက်ကပ်နေတော့လည်း ပိုကောင်းတာပေါ့ကွာ၊ ငါတွေ့ခဲ့တဲ့ စောမာလာဆိုတဲ့ မိန်းကလေးကတော့ အတော်ချော အတော်လှတယ်"

နီမောင် စကားကြားတော့ နှစ်ယောက်စလုံး မျက်နှာရှုံ့မဲ့ သွားကြလေသည်။

"ကျတ်တွေ၊ ဥစ္စာစောင့်တွေ စတဲ့ပရလောကသားတွေဆိုတာ သူတို့ရုပ်တွေကို ချောမောလှပအောင် ဖန်ဆင်းယူလို့ရတယ်ဆိုတာ မင်းမကြားဖူးဘူးလား"

ထိုသို့စကားပြောနေစဉ် သူတို့နှင့်ခင်မင်သော မောင်ရွှေတို့ ရောက်လာကြသည်။

"နီမောင်ရေ မနက်ဖြန် သပြေကုန်းမှာ ဆိုင်းဝင်မယ်၊ ပဲခူးက နာမည်ကြီးဆိုင်းအဖွဲ့ပဲ"





"ဘာအတွက် ဆိုင်းသွင်းတာလဲ"

"ဘတော်ပျံ ရှိတယ်လေကွာ. . ၊ သပြေကုန်းရွာကကျောင်းထိုင်ဘုန်းကြီးရဲ့ ဖခမည်းတော်ကြီး မိုးတွင်းက ဆုံးသွားတာ မသင်္ဂြိုလ်သေးဘဲ ဒီအတိုင်းထားတာ အခုမှ ဘတော်ပျံလုပ်ပြီး သင်္ဂြိုလ်မှာကွ"

မောင်ရွှေက ပြောပြသည်။ ရှေးက ကျေးလက်တောရွာများမှာ ကျောင်းထိုင်ဘုန်းကြီးသော်လည်းကောင်း၊ ကျောင်းနေဘုန်းကြီးတစ်ပါးပါး ပျံလွန်တော်မူလျှင် ချက်ချင်းမသင်္ဂြိုလ်သေးဘဲ စပါးသိမ်းပြီး ခြေခင်းလက်ခင်းသာတော့မှ ဘုန်းကြီးပျံပွဲ ကျင်းပလေ့ရှိကြသည်။

ဘုန်းကြီးပျံပွဲများတွင် ဆိုင်းသွင်းခြင်း၊ ဆိုင်းပြိုင်ပွဲ ပြုလုပ်ခြင်း၊ ယိမ်းကချေခြင်း၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများထည့်ကာ ကျင်းပလေ့ရှိကြသည်။ ကျေးလက်တောရွာများမှာ ထိုပွဲမျိုးရှိမှ ဆိုင်းနားထောင်ရခြင်း၊ ပွဲကြည့်ရခြင်းဖြစ်ရာ တခမ်းတနားပြုလုပ်လေ့ရှိကြသည်။

ဘုန်းကြီးပျံသာမကပဲ ကျောင်းထိုင်ဘုန်းကြီး၏ မိခင်ဖခင်များ သေဆုံးလျှင်လည်း ချက်ချင်းမသင်္ဂြိုလ်ဘဲနှင့် ဘတော်ယာယ်တော်ပျံပွဲများ ကျင်းပကြလေသည်။

ယခု သပြေကုန်း ကျောင်းထိုင်ဘုန်းကြီး၏ဖခင် ကွယ်လွန်သွားသဖြင့် ဘတော်ပျံ ကျင်းပကြခြင်းဖြစ်သည်။

သပြေကုန်းရွာမှာ နီမောင်တို့နေသော အင်ကြင်းမြိုင်ရွာနှင့် မဝေးလှပေ။ မောင်ရွှေက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်းပွဲအပြင်၊ အငြိမ့်ပွဲလည်း ပါသေးတယ်၊ ယောင်ကျ မယ့် မင်းသမီးက ရန်ကုန်ကတောင် လာမှာတဲ့၊ နေပါဦး. . . မင်းသမီးနာမည်က ဘယ်သူများပါလိမ့်"

မောင်ရွှေက စဉ်းစားနေသောအခါ အနားမှာရှိနေ သောတစ်ယောက်က ဝင်ပြောသည်။

"ယူနီဗာစီ မြလေးကြည်"

ထိုစကားကြောင့် နီမောင် အံ့သြသွားလေသည်။

"ယူနီဗာစီ မြလေးကြည်ဆိုတဲ့ မင်းသမီးက ရှိသေးလို့ လား"

"ရှိလို့သာလာပြီး ယောင်ကျူးတာ ဖြစ်မှာပေါ့"

ထိုသို့ပြောပြီး မောင်ရွှေတို့က ရှေ့ဆက်သွားကြလေ သည်။

"မင်းက မြလေးကြည်ဆိုတဲ့ မင်းသမီးကို သိလို့လား"

မောင်ရွှေတို့ ထွက်သွားတော့မှ စောထီးက မေးလိုက် သည်။

"ဟင့်အင်း မသိပါဘူး"

"မသိဘဲနဲ့ ဘာကြောင့်မေးတာလဲ"

"မနှစ်က ဘုရားကြီးနားမှာ အငြိမ့်ကားတစ်စင်း မှောက် တာ မင်းသမီးတွေရော အဖွဲ့သားတွေပါ အတော်သေကြတယ် လို့ သတင်းကြားလိုက်မိတယ်၊ အဲဒီအငြိမ့်အဖွဲ့က ယူနီဗာစီ မြလေးကြည် အငြိမ့်အဖွဲ့ မဟုတ်လား"

"ငါတို့တော့ ဘယ်သိပါ့မလဲ"





"ဇာတ်ကားမှောက်လို့ သေလည်း မြလေးကြည် မပါ သွားလို့ ဖြစ်မှာပေါ့ကွာ"

ဟု ဝင်ပြောကြသဖြင့် ထိုအကြောင်း စကားပြတ်သွား လေသည်။

နောက်တစ်နေ့ရောက်တော့ သုံးယောက်သား အလုပ် စောစောသိမ်းကြပြီး ဘတော်ပျံပွဲသို့ သွားကြလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေပေပြီ။

လယ်ကွင်းထဲမှာ သပြေကုန်းရွာဘက် သွားလာနေကြ သော လူအချို့ကို လှမ်းမြင်ရသည် ။

အချို့လည်း ပတ်ဝန်းကျင်မှာရှိသော ရွာများမှ လာကြ ခြင်းဖြစ်ပြီး၊ အချို့လည်း ရိုးမတောထဲမှ ထွက်လာကြခြင်း ဖြစ် သည်။

ရိုးမတောထဲမှာလည်း သစ်တောအလုပ်သမားများ စုဝေး နေထိုင်ကြသော ရွာများရှိသဖြင့် ထိုနေရာမှ ထွက်လာကြ ခြင်း ဖြစ်သည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာ ကြရာ တစ်နေရာရောက်တော့ စကားပြောရင်း လျှောက်နေကြ သော မိန်းကလေးသုံးယောက်အနီးသို့ ရောက်သွားကြသည်။

ထိုအခါမှ တစ်ယောက်မှာ တောထဲမှာတွေ့ခဲ့ရသော စောမာလာနှင့် တူသည်ကို သတိပြုမိလေသည်။

သို့သော်လည်း ဟုတ်မဟုတ် မသေချာသေးကြောင့် ရုတ်တရက် နှုတ်မဆက်ဝံ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



စောမာလာနှင့်တူသော အမျိုးသမီးက တစ်ချက်လှည့်ကြည့်ပြီး နီမောင်ကိုမြင်တော့မှ မှတ်မိသွားဟန်ဖြင့် ပြုံးပြလေသည်။

“အစ်ကိုပါလား ပွဲသွားကြမလို့လား”

“ဟုတ်တယ်၊ စောမာလာတို့လည်း အဲဒီပဲလား”

“ဟုတ်ပါတယ်၊ သူတို့က ကျွန်မနဲ့ ညီမဝမ်းကွဲ တော်ကြတယ်”

ဟုပြောပြီး စောမာလာက သူနှင့်ပါလာသော မိန်းကလေးနှစ်ယောက်၏ နာမည်များကို ပြောပြသဖြင့် နီမောင်ကလည်း စောထီးနှင့် ငမဲအောင်တို့ နာမည်များကို ပြောပြလိုက်သည်။

ထိုအခါ နှစ်ယောက်သား သဘောအကျကြီး ကျနေကြသဖြင့် သွားတဖြီးဖြီးနှင့် ပါးစပ်မစေ့နိုင်အောင် ရှိနေကြပေတော့သည်။

ထို့နောက် စောမာလာတို့သုံးယောက်နှင့် စကားတပြောပြောနှင့် သွားကြရာ ပွဲခင်းရောက်သွားတော့မှ လူစုကွဲသွားလေတော့သည်။

သပြေကုန်းရွာမှာလည်း အိမ်ခြေများသော ရွာကြီးတစ်ရွာဖြစ်သည်။ ပွဲကျင်းပနေသော နေရာက လယ်ကွင်းထဲမှာ ဖြစ်ပေသည်။

မဏ္ဍာပ်ကျယ်ကြီးထဲမှာတော့ အလောင်းထည့်ထားသော ခေါင်းကိုပန်းနွယ်ပန်းခက်များဖြင့် ဆင်ယင်ကာ ပုခက်ဆွဲ





သကဲ့သို့ ဆွဲထားသည်။

မန်းမဝေးမှာတော့ ဆိုင်းဝိုင်းရှိပြီး တီးလုံးများဖြင့် စတင်တီးမှုတ်နေပေပြီ။

ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ကွမ်းယာ၊ ဆေးလိပ်ရောင်းသောဆိုင်များ၊ ဒေသထွက် မုန့်ပဲသွားရေစာရောင်းသော ဆိုင်များရှိသည်။

အများဆုံးကတော့ မုန့်ဟင်းခါး၊ ညှပ်ခေါက်ဆွဲ ရောင်းသောဆိုင်က အများဆုံးရှိကြသည်။

ထို့ပြင် ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ် စသော အစားအသောက်ရောင်း ဈေးသည်များလည်း နေရာမလပ် ရှိကြသည်။

အင်းနှင့်နီးပြီး ငါးပုစွန်ပေါသော အရပ်မို့ မုန့်ဟင်းခါးဟင်းရည်ချက်ရာမှာ ငါးရံ့၊ ငါးခူများနိုင်နိုင်၊ ငံပြာရည်ကောင်းကောင်းဖြင့် ချက်ထားသောကြောင့် ဟင်းရေအိုး ဖွင့်လိုက်သည်နှင့်ပင် စပါးလင်၊ ပြုတ်ကောင်းနံ့သင်းနေသော ဟင်းရနံ့က ကြိုင်နေသည်။

ပြောင်းဖူး၊ ကန်စွန်းဥ စသည်တို့မှာလည်း မိမိတို့ ယာထဲကိုင်းထဲမှ လတ်လတ်ဆတ်ဆတ် ချိုးဆွတ်ယူလာပြီး ပြုတ်ရောင်းနေကြသဖြင့် စားသောက်သူများအတွက် အရသာရှိလှသည်။ ပရိသတ်များကတော့ အစားအသောက် ထွက်စားလိုက်၊ ဆိုင်းနားထောင်လိုက်နှင့် ရှိနေရာမှ ဆိုင်းပွဲရပ်ပြီး အငြိမ့်ပွဲ စတင်သောအခါမှာတော့ ဆိုင်းနှင့်နီးနိုင်သမျှ နီးသောနေရာများသို့ အလုအယက်တိုးပြီး ပွဲကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ပွဲက သီးသန့်စင်ထိုးပြီး ကပြခြင်းမဟုတ်ဘဲ ဆိုင်းဝိုင်းရှေ့မှာပင်ထွက်ပြီး ကပြကြခြင်းဖြစ်သည်။

ဧယင်ကျူးသော ပွဲဖြစ်သဖြင့် အငြိမ့်ခန်းက မင်းသမီးတစ်ယောက်နှင့် လူပျက် (ယခုလူရွှင်တော်)နှစ်ယောက်သာရှိသည်။

ဆိုင်းဝိုင်းမှ အငြိမ့်ခန်း တီးလုံး တီးကွက်တီးပေးရသည်။

ရှေ့ထွက်မင်းသမီး မာလာမြင့်က အကကောင်း၊ အဆိုကောင်းပြီး အငြိမ့်ပညာ သမ္ဘာရှိသည်။

လူပျက်နှစ်ယောက်ကလည်း မင်းသမီးနှင့် တွဲကနေကျဖြစ်သဖြင့် တစ်ယောက်အကြောင်း တစ်ယောက်အထာ တစ်ယောက်သိသူများ ဖြစ်ကြသဖြင့် လမိုင်းကပ်ကာ ပရိသတ်ကြီးမှာ တဝေါဝေါနှင့် ပွဲကျနေကြနေပြီ။

ပွဲကသည်ဖြစ်စေ အငြိမ့်ကသည်ဖြစ်စေ စထွက်သည်နှင့် လမိုင်းကပ်ပါက အဆင်ပြေသည်။

စထွက်သည်နှင့် လမိုင်းမကပ်လျှင်တော့ နောက်ပိုင်းဆက်၍ မဖြစ်တော့ဘဲ ပွဲပျက်တတ်သည်။

ထို့ကြောင့် ပွဲဦးထွက်တွင် လမိုင်းကပ်ဖို့ရန် အရေးကြီးသည်။ ထိုလမိုင်းကို မဖျက်ဆီးရပေ။

ပွဲကောင်းနေတုန်း ကျေးရွာလူကြီး၊ ရပ်ကွက်လူကြီးက စင်ပေါ်တက်လာပြီး စည်းကမ်းချက်၊ ကြော်ငြာချက်များ တက်ဖတ်ပြတာမျိုး၊ အလှူငွေ ကောက်ခံရရှိမှုနဲ့ ငွေစာရင်းရှင်းတမ်းတက်ဖတ်ပြတာမျိုး၊ ငွေဖလားကြီးများကိုင်ကာ ပရိသတ်ထဲဆင်း





ပြီး အလှူခံတာမျိုး၊ ကျေးရွာလူကြီး၊ ရပ်ကွက်လူကြီးမှန်း အများသိအောင် ခေါင်းပေါင်းတလူလူဖြင့် စင်ပေါ်တက်လာပြီး. . . 'အဟမ်း. . အဟမ်း' နှင့် ချောင်းဟန့်သံပေးပြီး ပြောချင်ရာပြောသွားတာမျိုး မပြုလုပ်ကြရပေ။

ထိုသို့ပြုလုပ်ပါက လမိုင်းပျက်သဖြင့် ရှေ့ဆက်ပြီး ပွဲကလျှင်လည်း လမိုင်းမကပ်တော့ပေ။

ယခုအခါမှာတော့ ဆိုင်းပွဲနှင့်ပါလာသော မင်းသမီးနှင့် လူပျက်နှစ်ယောက်က အတိုင်အဖောက်ညီစွာဖြင့် ကပြအသုံးတော်ခံနေကြရာ. . ပရိသတ်မှာ တဝေါဝေါ တသောသောဖြင့် သဘောအကျကြီးကျ နေကြလေပြီ။

နီမောင်တို့သုံးယောက်လည်း ဧယင်ကျူးမည့်နေရာနှင့် မနီးမဝေးနေရာတွင် နေရာရသဖြင့် ထိုနေရာမှာပင် ထိုင်ပြီး ပွဲကြည့်ကြသည်။

ထိုသို့ကြည့်နေသော်လည်း နီမောင်မှာ စိတ်က ပွဲဆီသို့ သိပ်မရောက်ပေ။

ပွဲခင်းထဲသို့ မျက်စိဝေ့ပြီး ရှာဖွေကြည့်နေသည်။

ထိုအခြေအနေကို စောထီးက ရိပ်မိသဖြင့် မေးသည်။

"မင်း ဘာရှာနေတာလဲ"

"မရှာပါဘူး"

"လမ်းမှာတွေ့တဲ့ ကောင်မလေးသုံးယောက်ကို ရှာနေတာ မဟုတ်လား"

နီမောင်က ဘာမှပြန်မပြောပေ။ ထိုအခါ စောထီးက



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

"သူတို့သုံးယောက်စလုံးက အတော်ချောကြတယ်၊ ဒါပေမယ့် မင်းပြောတဲ့ စောမာလာဆိုတဲ့ ကောင်မလေးက ပိုပြီးလှတယ်"

ထိုသို့ပြောနေစဉ် ရှေ့ထွက်မင်းသမီး အငြိမ့်ခန်းကပြီး သွားလေတော့သည်။

ထိုအခါ လူပျက်တစ်ယောက်က ပြောသည်။

"အငြိမ့်ခန်းနဲ့ ဖြေဖျော်ပြီးပြန်တော့ အခုတင်ဆက်မယ့် အစီအစဉ်ကတော့ ဧယင်ကျူးတော့မယ့် အစီအစဉ်ဖြစ်ပါတယ် ခင်ဗျာ"

ထိုသို့ကြေငြာတော့ ပရိသတ်အသံများ ငြိမ်ကျသွားသည်။

ဧယင်ကျူးသော အစီအစဉ်မှာ ကွယ်လွန်သူနှင့် သက်ဆိုင်သော အစီအစဉ်ဖြစ်သောကြောင့် အငြိမ့်မင်းသမီး ထွက်သကဲ့သို့ ဆူဆူညံညံ မပြုလုပ်ကြတော့ပေ။

"ယခု ဧယင်ကျူးမယ့် သူကတော့ ပရိသတ်များ မျှော်လင့်စောင့်စားနေကြတဲ့ မင်းသမီး "ယူနီဗာစီ မြလေးကြည်"ပဲ ဖြစ်ပါတယ် ခင်ဗျား"

ထိုသို့ကြေငြာလိုက်တော့ ပရိသတ်များထဲမှ တီးတိုးပြောဆိုသံများ ပေါ်ထွက်လာလေသည်။

အများအားဖြင့်တော့ ပွဲခင်းထဲ ရောက်နေသူများမှာ တစ်နှစ်ပတ်လုံး ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်နေကြသဖြင့် မင်းသား၊ မင်းသမီးများ အကြောင်းကိုတော့ သိပ်ပြီးမသိကြပေ။

သို့သော် ယခုကြေငြာသည့် ယူနီဗာစီ မြလေးကြည်မှာ တားမှောက်သဖြင့် သေဆုံးသွားပြီဟု သတင်းကြားမိကြသဖြင့် တီးတိုးပြောဆိုနေကြခြင်းဖြစ်၏။

ထိုအချိန်မှာပင် ဆိုင်းဝိုင်းနောက်ဘက်မှ မင်းသမီးအသံပေါ်လာသည်။

မင်းသမီးအသံ ပေါ်လာတော့ မီးကိုရေဖြင့် သတ်လိုက်သကဲ့သို့ အသံများပြန်ငြိမ်သွားလေသည်။

"ရွှေသမင်. . . "

"ရာမပတ်ပျိုး ဘုန်းမြမြမင်း"ထဲမှ စာတစ်ပိုဒ်ကို စဆိုသည်။ ထိုစာသားကိုပျိုးတော့ ဆိုင်းဆရာက ဗုံထောက် ပြောင်းတီးပေးသည်။

တော့အကြောင်း၊ တောင်အကြောင်း ဖွဲ့ဆိုတော့ ဆိုင်းဆရာက အနုပညာသည်ချင်း သိသဖြင့် လိုက်လျောညီထွေသော ဗုံထောက်တီးလုံးကို ပြောင်းတီးပေးခြင်း ဖြစ်သည်။

ဗုံထောက်သဘောက တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ် ရှိပေသည်။

မင်းသမီးက ရှေ့ဆက်ဆိုသည်။

"ရွှေသမင် ပြောင်ဆင်ကျားရဲ့ ကွဲနွဲ့ယုန်ဝယ် ကျီ ဒရယ် ပျော်ဘွယ် ဖိုမကမြူးကြ၊ ညံညံ"

မင်းသမီးက အသံကောင်းသည်။ သီချင်း သီဆိုရာတွင် ပိုင်နိုင်သည်။







www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ပိုဒ်ဆုံးသဖြင့် ဗုံထောက်အတီးပိုဒ် ကျော့နေစဉ် မင်းသမီးက ရှေ့ထွက်လာလေသည်။

နီမောင်ကတော့ ယူနီဖောင်း မြလေးကြည်ကို မမြင်ဖူး၊ မကြည့်ဖူးသေးသောကြောင့် မျက်တောင်မခတ် ကြည်နေမိလေသည်။

ပွဲထွက်လာသော မင်းသမီးက အမျိုးသမီးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ပြီး ထွက်လာခြင်းမျိုး မဟုတ်ပေ။

သျှောင်တစောင်းထုံးထားပြီး ပုဝါပေါင်းထားသည်။

ပုဆိုးတောင်ရှည်ဝတ်ပြီး ခါးပုံစကို ရင်ဘတ်မှာ စည်းထားသည်။

ထိုပုဆိုးစကပင် မျက်ရည်သုပ်ရန် ပုဝါအဖြစ် အသုံးပြုတော့မည် ဖြစ်သည်။

ပခုံးပေါ်မှာ ထမ်းပိုးတစ်ချောင်းထမ်းလျက်၊ ရှေ့နောက်တွင် ထင်းစည်းများချည်ကာ ထွက်လာခြင်း ဖြစ်သည်။

ဆိုင်းဆရာက ဗုံထောက်တီးပေးတော့ သူက သီချင်းဆိုရင်းနှင့် အသံကျယ်ကျယ်နှင့်ဖြတ်ကာ. . .

"ထင်းသည်ဗျို့၊ ထင်းသည် ထင်းဝယ်ကြဦးမလား"

အော်လိုက်သေးသည်။ ရုပ်ချောအသံကောင်းလှသော ထင်းသည်လေးကို ကြည့်ပြီး ပရိသတ်က ဂရုဏာသက်ကြသည်။

"အို. . မြိုင်ယံတောအုပ်က ရွှေဘုတ်ကယ် ဆော်"

ဆိုင်းသံက နောက်မှလိုက်ထောက်ပေးသည်။

"ပြည်တော်သာ ရွှေလင်းပြာငယ်လေ ဖိုမမြူး၊ သာစွ





ဦးခေါင် ပျော်မြူးဆောင်၊ သုံးထောင်ပတ်လည် တောကမဆုံး၊ ဆိုင်ဂနိုင် မြိုင်တခြား မိုးသားကျူးလို့ လေဦးခါထွက်ဖြန်းလာတော်ပါ ပက်ပါ၊ အိုဘယ့်ကဲ့ ဖန်လာရေး မလေးမယ့် သည်းအုံသော၊ မယ့်သည်းအုံ တုံ့ရွှေ၊ သည်းမယ့်သည်းအုံ ရွှေရင်ကွဲလဲရှုံ့ မှိုင်းမှုံပြာအာကာ ညှိုးညံ့ဘယ်ရွှေကံကြိမ်ဖန် ဖန် အာကာမွှေတိမ်ယံ. . ."

ထိုနေရာရောက်တော့. . မင်းသမီးက သံဖျားညှစ်ပြီး အော်ဆိုနိုင်သဖြင့် ဆိုင်းဆရာက အခြားတီးကွက်ပြောင်းစရာမလိုတော့ဘဲ ဗုံထောက်သံနှင့်ပင် ပြန်တီးပေးရသည်။

မင်းသမီးက အပြောကောင်း၊ အဆိုကောင်းဖြစ်သဖြင့် ပရိသတ်က အသံမထွက်ဘဲ ငြိမ်သက်နေကြသည်။

သီချင်းပိုဒ်ဆုံးတော့ သူ့ဘဝအကြောင်းကို ပြန်ပြောပြသည်။ ဆိုင်းဆရာက အသံလျှော့ပြီး မှေးလိုက်ပေးသည်။

"သူ့ဘဝ အဘယ်မျှ ဆင်းရဲပုံ၊ ဆင်းရဲသဖြင့် ကျားရဲဆင်ပေါ်သည့် တောထဲမှာ ထင်းခွေပြီး အရပ်တကာ ရွာတကာ သည့်လည်ပြီး ရောင်းချစားသောက်ရပုံ၊ ထင်းရောင်းရင်းနှင့် ကျောင်းကိုရောက်လျှင် ဆရာတော်ကြီးကို ဝင်ပြီးကန်တော့ ထိုကျောင်းမှာနေခဲ့စဉ်က သားအရင်း၊ တူအရင်းနှင့်မခြား စောင့်ရှောက်ကျွေးမွေးခဲ့ရှာသည့် ဆရာတော်ကြီး၏ ဖခမည်းတော် ဘကြီးသာမောင်ကိုလည်း သတိတရရှိလှပုံများ"

စီကာပတ်ကုံး ပြောဆိုလေသည်။ ထိုသို့ပြောပြရင်းနှင့် တဖြည်းဖြည်းနှင့် ဇာတ်ကွက်က ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသွားသည့် အထဲမှာပါသည့် ဘကြီးသာမောင်
မှာ ယခုသေဆုံးခဲ့ပြီဖြစ်သဖြင့် ကြားရသော ပရိသတ်က ကြို
ပြီး မျက်ရည်စို့သူ စို့နှင့်နေကြပြီ။

"မင်းကျေးဇူးရှင် ဘကြီးသာမောင်ကတော့ သေရှာ
ကွယ်"

ဟု ပြောချင်သူက လှမ်းပြောချင်နေပြီ။

မင်းသမီးက ဆက်ပြောပြန်သည်။

"ကျောင်းကဆရာတော်ဆီ မသွားခင် ကိုယ်ငယ်စဉ်
သားသမီးအရင်းနဲ့မခြား၊ ကျွေးမွေးစောင့်ရှောက်ပေးခဲ့တဲ့
ဇူးရှင် ဘကြီးသာမောင်ဆီကို ဝင်ပြီးတော့ ကန်တော့ဦးမှ
လေ"

ဟုပြောပြီး တစ်ဖက်သို့ လှည့်ထွက်ရန် ပြင်လိုက်
တစ်ဖက်နေရာမှ လူတစ်ယောက် ထွက်လာသည်။

"မောင်သီလပါလား၊ ဘယ်များသွားမလို့လဲကွယ်"

"ဘကြီးသာမောင် အိမ်ကိုသွားမလို့ပါဗျာ၊ ကျွန်တေ
ကျေးဇူးရှင်ကြီး တစ်ယောက်ရော နေထိုင်မှုကောင်းပါလေ

"အင်း ပြောရမှာလည်း စိတ်မကောင်းစရာပဲ"

"အလို မထိတ်သာ မလန့်သာဗျာ ဘာများဖြစ်လို့တုန်

"မင်းအလာကောင်းပေမယ့် အခါနှောင်းသွားပြီ
လေးရဲ့၊ အကြောင်းသိချင်ရင်တော့. . ဟောဟိုမှာ ပြင်ထား
အလောင်းကိုသာ ကြည့်ပါတော့ကွယ်"

ဟု ပြင်ထားသောခေါင်းကို လက်ညှိုးထိုးပြရာ မင်းသ





တ အနောက်ဘက်မှာရှိသော ခေါင်းဘက်လှည့်ပြီး. . .

"အမယ်လေး ကျေးဇူးရှင်ကြီးရဲ့"

ဟုပြောပြီး တိုင်ကိုခေါင်းဖြင့် ပြေးတိုက်ရာ ဆိုင်းက
ငိုချင်းချပေးလိုက်ရပေတော့သည်။

ဆင်းရဲလှသော ထင်းသည်လေးကို သနားကြသဖြင့်
မျက်ရည်သုပ်သူသုပ်၊ တရှုံ့ရှုံ့ငိုသူငို နေကြလေပြီ၊ မိန်းမများပင်
ဆိုထားနှင့် ယောကျာ်းရင့်မကြီးများကပင် ဝိုင်းလာသောမျက်
ရည်စကို မသိမသာ တို့သုပ်ရင်းနှင့်. . .

"ငါ့ကိုယ်ငါ စိတ်မာလှပြီ ထင်နေတာ ဒီမင်းသမီးက
လွမ်းတာကောင်းလွန်းလို့ မျက်ရည်က ဘယ်ကထွက်လာမှန်း
တောင် မသိပါဘူး၊ သူက လွမ်းတာတော့ အလွန်ကောင်း"

ဟုပြောရင်း မျက်ရည်သုတ်နေကြရသည်။ မင်းသမီး
က ရင်ဘတ်မှာစည်းထားသော ခါးပုံစကို ဖြုတ်ပြီး မျက်ရည်သုပ်
လိုက်၊ ငိုလိုက် သီချင်းဆိုလိုက်နှင့်၊ အနားမှာရှိနေသော လူတစ်
ယောက်က စကားတောက်ပေးနေရသည်။

ထိုသူကလည်း ဇာတ်သမားဖြစ်သောကြောင့် အပြော
ကောင်းသလို အသံလည်းကောင်းသည်။ ညဥ့်နက်ပိုင်းရောက်
တော့ မင်းသမီးက ပြောသည်။

"ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကြီးကိုတော့ ဒီအတိုင်းတော့
ဖြင့် အသေမခံနိုင်ဘူးဗျ"

"သခ်ီုရတရားပဲ မောင်ရယ်၊ တရားနဲ့သာ ဖြေပါတော့"

"ကျွန်တော်၊ ဘကြီးမောင်အလောင်းကို အသက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရှင်လာအောင် လုပ်ပေးရရင် မကောင်းဘူးလား”

“ဘယ်လိုများ လုပ်ပေးမှာလဲ မောင်ရဲ့”

“တောထဲမှာ သွားလာနေရင်းနဲ့ သူတော်ကောင်းတွေ ညွှန်ပြပေးလို့ မသေဆေးမြစ်ရလာခဲ့တယ်ဗျ၊ ဒီဆေးနဲ့ တို့ကြည့် ရရင် မကောင်းပေဘူးလား”

“ဖြစ်ပါ့မလား မောင်ရယ်”

“ဖြစ်ပါတယ်ဗျာ၊ ကိုင်း ပြောနေတာကြာရောပေါ့၊ ငါ့မှာ ပါလာတဲ့ ဆေးမြစ်နဲ့ အလောင်းကို တို့လိုက်မယ်၊ အသက်မရှိ တဲ့ ဘဝက အသက်ရှိတဲ့ဘဝကို ပြန်ရောက်ရောလဟယ်”

ဟု ပြောပြီး အသင့်ပါလာဟန်တူသော ဆေးမြစ်တစ်ခု ကို ထုတ်ပြီးခေါင်းတလားကို ပုတ်ခတ်လိုက်ရာ ကြည့်နေရင်းမှ ပင် ခေါင်းထဲမှအလောင်းက လှုပ်လာသည်။

နောက်တော့ ခေါင်းအဖုံးဖွင့်ကာ သူ့အလိုအလျောက် ငေါက်ခနဲ ထထိုင်လာလေတော့သည်။

ထိုအခြေအနေမြင်တော့ တီးနေသော ဆိုင်းသံများ လည်း ရပ်တံ့သွားသည်။

ပရိသတ်များလည်း အထိတ်တလန့် ဖြစ်ကုန်ကြလေပြီ။

“အလောင်းကောင်က တကယ်ထလာတာဟ၊ ဖုတ်ဝင် လာတာဖြစ်မယ်၊ ပြေးကြဟေ့. . ပြေးကြ”

ဟု အော်ပြောသဖြင့် ပရိသတ်များမှာ ကြောက်လန့် တကြားနှင့် ထပြေးကြလေတော့သည်။

ပရိသတ်များသာမကဘဲ ဆိုင်းဝိုင်းထဲရောက်နေကြ





သော ဆိုင်းဆရာများလည်း ထွက်ပြေးကြရပေတော့သည်။

ထိုအခြေအနေကြောင့် ပွဲပျက်ခဲ့ရလေသည်။ နောက် ...မှာတော့ ရွာလူကြီးများက ထလာသော အလောင်းကို မခုတ် ... မခုတ်လှံများ၊ တံမြက်စည်းများဖြင့် ခုတ်ထစ်ရိုက်ပုတ်ကြ သော့မှ ဖုတ်ကောင် ထွက်သွားလေတော့သည်။

ဖုတ်ကောင်ထွက်သွားသောအခါ အလောင်းကို ည ...င်းချင်းပင် မီးသဂြိုလ်ပစ်လိုက်ရတော့သည်။


ထူးဆန်းသောအချက်မှာ ထိုညက ဖယောင်ကျုံးပေး သော ယုနီဗာစီ မြလေးကြည်ဆိုသော မင်းသမီးကို နောက်ထပ် တွေ့ကြရခြင်းပင် ဖြစ်ပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

# ပွဲကြည့်သူမရှိဘဲ ကခဲ့ရသောအငြိမ့်ပွဲ

တစ်နေ့သ၌ ကျုံးကြီးလမ်းမှာရှိသော ဦးစိန်လှမြင့် နေ...သို့ ပွဲငှားရန်အတွက် လူတစ်စုရောက်လာကြလေသည်။

ရောက်လာသူတို့မှာ ယောကျာ်းကြီးနှစ်ယောက်၊ မိန်းမ...တစ်ယောက်နှင့် လူရွယ်တစ်ယောက်တို့ ဖြစ်ကြလေသည်။

ပွဲငှားလာသူတို့၏ ဝတ်စားဆင်ယင်ပုံမှာ ယခုကာလနှင့်...တဲ ရှေးခေတ်အခါက ဝတ်ဆင်သော အဝတ်အထည်များ... လက်ဝတ်ရတနာတို့ကို ဝတ်ဆင်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲငှားသူများရောက်လာတော့ ဦးစိန်လှမြင့်ကိုယ်တိုင် ဧည့်ခံလေသည်။ ဒေါ်မြလေးကြည်နှင့် မြဝင်းသူတို့ကတော့ မနီးမဝေးမှာ ရှိနေကြလေသည်။

ဧည့်သည်လေးယောက်တို့ကို နေရာထိုင်ခင်းပေးပြီး နောက်တွင် လာရင်းကိစ္စကို မေးမြန်းရသည်။

"ဘာကိစ္စ ရောက်လာကြတာပါလဲဗျာ"

"ပွဲငှားချင်လို့ပါ၊ ဒါ မြသရဖူ အငြိမ့်အဖွဲ့ တည်ထောင်တဲ့အိမ် ဟုတ်ပါသလား"

ခေါင်းဆောင်လာသော လူကြီးက မေးလိုက်သည်၊

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်၊ ကျုပ်က အငြိမ့်အဖွဲ့ ထောင်တဲ့သူပါပဲ"

"အခုလို အခန့်သင့်တွေ့ရတာ ဝမ်းသာပါတယ်ဗျာ. . ကျုပ်တို့ တစ်ရွာလုံးက မြသရဖူ အငြိမ့်အဖွဲ့ကို သိပ်ပြီးနှစ်သက် သဘောကျကြတာဗျ၊ ဒီနှစ်တော့ ရွာမှာဘုရားထီးတင်ပွဲရှိတာနဲ့ အငြိမ့်အဖွဲ့ ထည့်ချင်တာနဲ့လာပြီး ငှားကြတာပါပဲဗျာ"

"ဒါထက် ဘယ်ရွာကတောင် လာငှားကြတာပါပဲ"

"မဝေးလှပါဘူးဗျာ ဘုရားကြီးအလွန် ဒေးစွန်ပါနား မရောက်ခင်မှာ ကျုပ်တို့ရွာရှိပါတယ်၊ ရွာနာမည်ကတော့ မြယာကုန်းလို့ ခေါ်ပါတယ်"

ထို ရွာနာမည်ကိုတော့ မကြားမိဖူးသေးပေ။ သို့သော် လည်း ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဒါထက် အငြိမ့်ကြေးက ဘယ်လောက်များ သတ်မှတ်





ထားပါသလဲ"

ဟု တစ်ယောက်ကမေးသည်။

"ကားနဲ့အကြိုအပို့ လုပ်ပေးမယ်ဆိုရင်ဖြင့် စားရိတ်ငြိမ်း တစ်ညကို တစ်ထောင်သတ်မှတ်ထားပါတယ်"

"နည်းနည်းလောက်များ အလျှော့အတင်း ရှိပါသေးသ လား"

"မြသရဖူအငြိမ့် လိုချင်ရင်တော့ မြသရဖူ ဈေးပေးရ မှာပေါ့ဗျာ၊ ပုံမှန်ယူနေတဲ့ ဈေးပါပဲ"

ဦးစိန်လှမြင့်က အခြားနေရာတွင် စကားပြောသောအ ခါ ချိုသာသလောက် ဈေးစကားပြောသည့် အခါမှာတော့ လေ သံပြတ်ပြတ်နှင့်ပင် ပြောလေ့ရှိသည်။ ထိုကဲ့သို့ မပြောပြန်လျှင် လည်း ကပ်သီးကပ်သပ် ဈေးဆစ်သောသူနှင့်တွေ့လျှင် မပြီး တော့ပေ။

"ကျုပ်တို့ကလည်း ဒီအငြိမ့်အဖွဲ့ကို ကြိုက်လွန်းလို့သာ တကူးတက လာငှားကြတာဆိုတော့ ရှိတဲ့ငွေနဲ့ချိန်ဆပြီး တွက် နေရလေတော့"

ထိုသို့ဖြင့် စကားပြော၍ မပြတ်သေးခင်မှာ မနီးမဝေး မှာရှိသော ဇနီးဖြစ်သူက လှမ်းခေါ်သဖြင့် ဦးစိန်လှမြင့်က နေရာ မှ ထသွားလလေသည်။

ထိုအခါ မြင်ဝင်းသူက ဧည့်သည်များ ရှိရာသို့ ဆင်းလာ ပြီး ဧည့်ခံပေးရလေသည်။

"ရပ်ဝေးက လာကြတာဆိုတော့ မောပန်းလာကြတာ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစား ဆေးသောက်၊ လက်ဖက်ရည်များ သောက်ကြပါဦး”

ဟု ပြောပြီး သူမကိုယ်တိုင် လက်ဖက်ရည် ပန်းကန်များ ထဲထည့်ပြီး တစ်ခွက်စီချပေးသောအခါ ကျေးဇူးတင်သော အမူအရာဖြင့်ယူပြီး သောက်ကြသည်။

“ဖေဖေက ဈေးပြောတဲ့အခါမှာ အခြားသူတွေလို ဈေးပိုပြောပြီးတော့မှ အလျှော့အတင်း မပြောလေတော့ တုံးတိတိကြီး ဖြစ်နေလို့ပါရှင်”

“ဟုတ်ပါတယ် ငါ့တူမကြီးရယ်၊ ကျုပ်တို့ကလည်း တစ်ရွာလုံးက ဒီအငြိမ့်ကို ကြိုက်ကြလွန်းလို့ ရအောင်ငှားမယ်ဆိုပြီး လာကြတာပါ။ ဒါပေမယ့် ရှိတဲ့ငွေက မမှီတမီဖြစ်နေလေတော့”

“ဒီလိုလုပ်ပါရှင်၊ ဦးကြီးတို့လည်း ဆန္ဒပြည့်ဝရလေအောင် ကျွန်မတို့လည်း ကုသိုလ်ပါဝင်တဲ့အနေနဲ့ အလှူအတွက် တစ်ညကို ငွေတစ်ရာလျှော့ပေးပါ့မယ်၊ နှစ်ညဆိုတော့ နှစ်ရာပြန်လှူပေးပါ့မယ်”

“ဟေ. . ဟန်ကျလိုက်ပလေ၊ အခုမှပဲ ငွေကလောက်သွားပေတော့တယ်၊ ကိုင်း. . ထွေထွေထူးထူးလည်း ထပ်မပြောတော့ပါဘူး၊ အခုတစ်ညအတွက် စရံပေးခဲ့ပါ့မယ်၊ စာချုပ်သာ ရေးပါတော့”

ဟု ပြောကြသဖြင့် မြဝင်းသူကိုယ်တိုင် စာချုပ်ရေးပြီး ပွဲလက်ခံပေးရလေသည်။

“ဒါထက် ငါ့တူမကြီးက ဆရာကြီးရဲ့သမီးလား”

ဟု တစ်ယောက်က ဝင်မေးသည်။





“ဟုတ်ပါတယ်ရှင်”

“ဒီလို ချက်ချက်ခြာခြာနဲ့ လိမ္မာရေးခြားရှိတဲ့ သမီးတစ်ယောက်ရှိနေတာလည်း လုပ်ငန်းအတွက် အတော်ကလေး အဆင်ပြေတာပဲကိုး”

ဟု ပြောဆိုမှတ်ချက်ချပြီး ငွေကိုးရာကို စရံအဖြစ် ပေးခဲ့ပြီးနောက် ပြန်သွားကြလေတော့သည်။

ပွဲငှားသူများ ပြန်သွားတော့မှ ဦးစိန်လှမြင့်က ပြန်ထွက်လာပြီး မေးသည်။

“ဘယ်လောက်လျှော့ပေးလိုက်သလဲ”

“နှစ်ညအတွက် နှစ်ရာလျှော့ပေးလိုက်တယ်”

“မလျှော့လည်း ငှားကြမှာပဲ၊ ကိုယ့်အငြိမ့်အဖွဲ့ကို ကြိုက်လွန်းလို့ တကူးတကတောင် ရောက်လာနေပြီးမှ”

“အဲသည်လို တကူးတကရောက်လာလို့ မိတ်မပျက်အောင် သင့်တော်တဲ့ဈေးနဲ့ လက်ခံပေးလိုက်တာပေါ့ ဖေဖေရာ”

ဟုပြောတော့ ဘာမှထပ်မပြောတော့ပေ၊

တကယ်တော့ ပွဲငှားရန် လာရောက်ကြသူများမှာ ဦးစိန်လှမြင့်နှင့်တွေ့လျှင် ဈေးစကားပြောကြသည့်အခါ အချို့အဆင်မပြေတတ်ကြပေ။ ထိုကဲ့သို့ အဆင်မပြေဖြစ်နေသောအခါ ဒေါ်မြလေးကြည်က ယောကျ်ားဖြစ်သူကို ခေါ်သွားလေ့ရှိသည်။

ဦးစိန်လှမြင့် မရှိတော့လျှင်တော့ မြဝင်းသူရောက်လာပြီး ဈေးညှိပေးရလေသည်။

မြဝင်းသူကတော့ အပြောအဆို ချိုသာသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သား နားဝင်အောင် အလျှော့အတင်းဖြင့် ပြောဆိုတတ်သဖြင့် သူမ ဝင်ရောက်ပြောဆိုလျှင်တော့ ဈေးမတည့်သဖြင့် ပွဲလန့်သွားသည်မျိုး မရှိခဲ့ပေ။

ပွဲငှားသည်ပဲဖြစ်စေ ဈေးဝယ်သည်ပဲဖြစ်စေ တန်သည် ဟုထင်သော်လည်း ပြောသည့်ဈေးအတိုင်း မဟုတ်ဘဲ အနည်းအကျဉ်းလျှော့ပေးပါက မည်သူမဆို ကျေနပ်ကြသည်က လူ့သဘောသဘာဝဖြစ်သည်။

ကျွန်တော် နယ်မြို့တစ်မြို့တွင် နေထိုင်ခဲ့စဉ်က လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့ခဲ့ဖူးသည်။

ဗိုလ်ကလေးမြို့ ဈေးထောင့်တွင်ဖွင့်သော အေဝမ်း လက်ဖက်ရည်ဆိုင်ပင် ဖြစ်သည်။ တရုတ်လူမျိုးများ ဖွင့်သော လက်ဖက်ရည်ဆိုင်ဖြစ်ပြီး ကိုဟုပ်(သူ့အမည်တော့ မမှတ်မိတော့ပေ)ဆိုသော လူငယ်က ဦးစီးလုပ်ကိုင်သည်။

သူ့ဆိုင်မှရောင်းသော လက်ဖက်ရည်မှာ ထူးထူးခြားခြားကြီး ကောင်းလှသည်တော့ မဟုတ်ပေ။ သို့သော် သူက ဆက်ဆံရေးကောင်းသည်။ အပြောအဆို ယဉ်ကျေးသည်။

လူတစ်ယောက် ရောက်လာလျှင် စားပွဲကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင်ရှင်းလင်းပေးပြီး စိတ်တိုင်းကျဖြစ်အောင် ပြုမူဆောင်ရွက်ပေးသည်။

ထို့ကြောင့် အခြားနေရာများတွင် လက်ဖက်ရည်ဆိုင်များ အလျှိုအလျှိုပေါ်လာသော်လည်း အေဝမ်းလက်ဖက်ရည်ဆိုင်မှာတော့ လူပြတ်သည် မရှိခဲ့ပေ။





ရန်ကုန်မြို့ အလုံဘက်မှာ လက်ကီးဆဲဗင်း အမည်ရှိသော စားသောက်ဆိုင်မှာ စားပွဲထိုးကောင်းမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ အစားအသောက်ကောင်းမှုကြောင့် ကြိတ်ကြိတ်တိုးလူစည်ကားနေခြင်းပင် ဖြစ်သည်။

စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင် အစရှိသော ဆိုင်အတော်များများ ကျရှုံးရခြင်း၏ အဓိကအကြောင်းမှာ ဆက်ဆံရေးမကောင်းခြင်းနှင့် စားပွဲထိုးအလုပ်သမားများက လာရောက်စားသောက်သူတို့ကို မထေမဲ့မြင်ပြုခြင်းနှင့် မခြေမငံပြောဆိုဆက်ဆံကြခြင်း ဖြစ်သည်။

ဖျိုင်းရေအိုးစင်လမ်းပေါ်မှာ နာမည်ကြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။ တစ်ခါတော့ မိတ်ဆွေများနှင့် လက်ဖက်ရည်သွားသောက်ကြသည်။ အားလုံး ခြောက်ယောက်ဖြစ်သည်။ စားပွဲထိုင်ပြီး စားပွဲထိုးခေါ်ပြီး တော်တော်နှင့်ရောက်မလာပေ။ အတော်ကြာတော့မှ တစ်ယောက်ရောက်လာသဖြင့် လက်ဖက်ရည်ကို မိမိကြိုက်ရာ အသီးသီးမှာကြသည်။

လာချပေးတော့ အားလုံးအတူတူပင် ဖြစ်သည်။

စားပွဲထိုးခေါ်မေးတော့. . .

"ဒီဆိုင်မှာ လက်ဖက်ရည်တစ်မျိုးပဲ ရောင်းတယ်"

ဟုပြောပြီး ပြန်ထွက်သွားတော့သည်။

ဘယ်သူမှ သောက်ချင်စိတ် မရှိတော့သဖြင့် ဒီအတိုင်းထားခဲ့ကြသည်။ နောက်ထပ် ထိုဆိုင်သို့ လက်ဖက်ရည်သွားသောက်ဖို့ စိတ်ကူးမရှိတော့သဖြင့် အခြားသူကခေါ်လျှင်တောင်



www.burmeseclassic.com

www.burmeseclassic.com



မှ မလိုက်ဖြစ်တော့ပေ။

"မိတ်ဆွေတစ်ယောက် ဆုံးရှုံးရခြင်းသည် မိတ်ဆွေ အတော်များများ ဆုံးရှုံးရခြင်းပင်ဖြစ်၏၊ ထို့အတူ ဖောက်သည် တစ်ယောက် ဆုံးရှုံးရခြင်းမှာလည်း ဖောက်သည်ပေါင်းများစွာ ဆုံးရှုံးရခြင်းနှင့် တူပေတော့သည်"

အဘယ်ကြောင့်ဆိုသော် ကောင်းလျှင်လည်း ကောင်း သတင်းကို တွေ့သမျှလူကို ပြောဆိုမည်ဖြစ်ပြီး၊ မကောင်းလျှင် လည်း မကောင်းသတင်းကို တွေ့သမျှလူကို ပြောပြတော့မည် ဖြစ်သောကြောင့်ပင်။

ယခုလည်း စကားအပြောအဆို လိမ္မာပါးနပ်သော မြဝင်းသူကြောင့်ပင် ပွဲငှားရမ်းသောကိစ္စ အဆင်ပြေသွားခြင်းပင် ဖြစ်ပေသည်။

ဦးစိန်လှမြင့်ကတော့ . . သမီးဖြစ်သူအကြောင်းကို ကောင်းစွာသိထားပြီးဖြစ်သောကြောင့် ထွေထွေထူးထူး ဘာမှ ထပ်မပြောတော့ပေ။

ချိန်းဆိုထားသောရက်သို့ ရောက်သောအခါ ပွဲငှားသူ များက လော်လီကားကြီးတစ်စင်းဖြင့် လာရောက်ကြိုဆိုကြလေ သည်။ ရန်ကုန်နှင့်ဘုရားကြီးမှာ ဝေးလှသည်တော့မဟုတ်ပေ။

ပဲခူးမြို့ကျော်သည်နှင့် နောက်ထပ်တစ်နာရီခန့် ဆက် မောင်းသွားသောအခါ ဘုရားကြီးလမ်းဆုံသို့ ရောက်သွားကြ သည်။

ထိုမှ ရှေ့ဆက်မောင်းသွားတော့ ဒေးစွန်ပါတောင်ဘက်





သွားသော လမ်းခွဲတစ်ခုဆီသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ လော်လီကားကြီးက မြောက် ဘက်သို့သွားသော လမ်းအတိုင်း ဆက်မောင်းသွားလေသည်။

နောက်ပိုင်းမှာတော့ ဇာတ်သေတ္တာများ တင်ထားပြီး ဇာတ်အဖွဲ့သားများက သေတ္တာများကြားမှသော်လည်းကောင်း၊ အပေါ်မှသော်လည်းကောင်း ထိုင်ပြီးလိုက်ကြရသည်။

ရှေ့ခန်းမှာတော့ လာကြိုသူတစ်ယောက်နှင့် မန်နေဂျာ ခင်မောင်ကျော်တို့က ဒရိုင်ဘာနံဘေးတွင် ထိုင်လိုက်လာကြလေ သည်။

မြေသားလမ်းများဖြစ်သောကြောင့် ကားမောင်းသွား သည့်အခါ ဖုံလုံးကြီးများ ထနေသည်။ ကားအရှိန် နှေးသွားသည့် အခါ ဖုံများက ကားနောက်ပိုင်းမှာ ရှိနေကြသူများအပေါ်သို့ ဖုံးအုပ်သွားလေ့ရှိသည်။

ထိုအခါ တစ်ကိုယ်လုံး ဖြူဖွေးနေပြီး မျောက်ဖြူများကဲ့ သို့ ဖြစ်နေလေသည်။

မင်းသမီးများကတော့ တဘက်နှင့် အဝတ်များဖြင့် ခြုံ ထားကြရသည်။

ခင်မောင်ကျော်မှာ ကားရှေ့ခန်းမှာ ထိုင်လိုက်လာရင်းမှ ပတ်ဝန်းကျင်အခြေအနေကို ကြည့်သည်။

ဒေးစွန်ပါနယ်ဘက်သို့ တစ်ခေါက်နှစ်ခေါက် ရောက်ခဲ့ ဖူးသော်လည်း ယခုသွားနေသောနေရာဘက်သို့တော့ တစ် ခေါက်မှ မရောက်ဖူးသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိတ်ထဲတွင် အသစ် အဆန်းဖြစ်နေသည်။

ရှေ့တွင် ရိုးမတောနှင့် တောင်တန်းကြီးကိုပင် လှမ်းမြင်နေရပေပြီ။

"ရွာရောက်ဖို့ အတော်လိုသေးလား"

"မဝေးတော့ပါဘူးဗျာ၊ မကြာခင် ရောက်တော့မှာပါ"

"ရှေ့မှာ ရိုးမတောကိုတောင် လှမ်းမြင်နေရပြီနော်"

"ဟုတ်တယ်ဗျ၊ ကျုပ်တို့ရွာက တောင်ခြေနားမှာပဲ ရှိတာ"

လာကြိုသူက ပြောပြသဖြင့် နောက်ထပ် ဘာမှဆက်မမေးတော့ပေ ။

နေ့လည်ပိုင်း အချိန်ရောက်တော့ ရိုးမတောစပ်တွင်ရှိသော ရွာကြီးတစ်ရွာသို့ ရောက်သွားကြလေသည်။

ရွာကအတော်ကြီးသည်။ အိမ်ခြေပေါင်း တစ်ရာကျော်ခန့်ရှိပြီး ရွာဦးကျောင်းနှင့် စေတီတစ်ဆူလည်း ကားပေါ်မှ လှမ်းမြင်ရသည်။

ဘုရားနှင့်ကျောင်းရှိသောနေရာမှာ တောစပ်နှင့် အတော်ပင် နီးလေသည်။ ဇာတ်စင်ထိုးထားသည်က ထိုနေရာနှင့် မနီးမဝေးမှာပင် ဖြစ်သည်။

လူများစွာတို့လည်း ထိုနေရာတွင် အသင့်စောင့်နေကြဟန် ရှိသည်။ လော်လီကားကြီးက ဇာတ်စင်နှင့် မနီးမဝေးမှာ ရပ်ပေးသဖြင့် အားလုံးကားပေါ်မှ ဆင်းကြလေသည်။

ဇာတ်သေတ္တာနှင့်ပစ္စည်းများကို ရွာသူရွာသားများက





ပင် ချပေးကြသည်။

ထို့နောက်မှာတော့ ညတွင် ပွဲကရန်အတွက် ပြင်ဆင်မှုများကို စတင်ပြုလုပ်ကြရာ ညနေပိုင်းအချိန်ရောက်တော့ ပြီးသွားလေသည်။

အငြိမ့်ပွဲဆိုတော့ ကားလိပ်နှင့် အပြင်အဆင်က သိပ်မများပေ။

နဖူးစည်း၊ ပုဏ္ဏားကွယ်နှင့် တောကား၊ တောင်ကား၊ မိန်းကား နှစ်ချပ်လောက်ပင် ပါသည်။

အသံချဲ့စက်ကလည်း အမြဲးတို အသံချဲ့စက်မျိုး၊ မီးစက်ပါသောကြောင့် အောက်လင်းဓါတ်မီးများ ထွန်းပေးရန် ပြင်ဆင်ထားသည်။

အငြိမ့်ပွဲဆိုတော့ ဆိုင်းဝိုင်းကို ဇာတ်စင်ပေါ်မှာ တင်ထားသောကြောင့် သုံးပုံတစ်ပုံလောက်က တီးဝိုင်းနှင့်ပြည့်နေသည်။

ဝါးပတ္တလားက အလယ်မှာ နေရာယူထားသည်။

ဘယ်ဘက်မှာ ဒိုးချောင်ဟုခေါ်သော ဒိုးသမားရှိသည်။

ညာဘက်မှာ ကြေးနောင်နှင့် နှဲသမားရှိသည်။

ပတ္တလားဆရာက အတွင်းဘက်မှာ နေရာယူသည်။

မောင်းဆိုင်းတီးတဲ့သူက နှဲသမားဘက်ကို မျက်နှာမူထားသည်။

ထို့ပြင် တီးဝိုင်းမှာပါသော အတီးသမားများအား သူ့နေရာနှင့်သူ နေရာချပေးထားပြီးသောအခါ ဇာတ်ကရင်သာ



www.burmeseclassic.com

www.burmeseclassic.com

ရှိတော့သည်။

ညနေပိုင်းရောက်တော့ တီးဝိုင်းမှလူခေါ်သော တီးလုံး တီးကွက်များ စတင်တီးပေးရသည်။

နေ့ခင်းချိန်မှာ ပွဲခင်းထဲမှာ လူမရှိလှပေ။

ညအချိန်တွင် လူစည်ကားသောအချိန်တွင် ဈေးရောင်း ချရန်အတွက် နေရာယူနေကြသော ဈေးသည်များလောက်သာ ရှိသည်။

ညနေပိုင်းအချိန်ရောက်တော့ တဖြည်းဖြည်းနှင့် လူ စည်ကားလာလေသည်။

ပွဲကြည့်ရန်လာသောအဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တစ် သုတ်ပြီးတစ်သုတ် ရောက်လာကြလေတော့သည် ။

BURMESE CLASSIC

အချို့က လှည်းများဖြင့် လာကြသည်။ အချို့ကတော့ ခြေလျင်ပင် ကိုယ်အုပ်စုနှင့်ကိုယ် လျှောက်လာကြသည်။

ကျေးလက်တောရွာများမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲကြည့်ရန် ခဲယဉ်းလှသည်။

တစ်နှစ်လုံးနေမှ တစ်ကြိမ်နှစ်ကြိမ်ပင် ကြုံကြိုက်ခဲ လှသည်။ အလှူပွဲ၊ ဘုန်းကြီးပျံပွဲတို့ရှိမှ ဆိုင်းနားထောင်ရသည့် မျိုးရှိသည်။

ဇာတ်ပွဲအငြိမ့်ပွဲကတော့ ဘုရားပွဲကျင်းပသောအခါများ မှာသာ ထည့်သွင်းလေ့ရှိကြသည်။

ပွဲကြိုက်သူများကတော့ ဘုရားကြီးမှာ ဘုရားပွဲတော် ကျင်းပလျှင် သွားကြည့်သည်။





ဒါမှမဟုတ် ပဲခူးရွှေမော်ဓော ဘုရားပွဲကျင်းပသောအခါ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ အတော်များများ လာရောက်ကပြကြ သည်။

ဇာတ်သဘင်အဖွဲ့ကြီးများ ကြည့်လိုလျှင် ထိုဘုရားပွဲသို့ အထူးတကသွားကြည့်မှ ကြည့်ကြရသည်။

ပွဲကြည့်ရန် ဝါသနာပါသူများကတော့ ထိုနေရာအထိ သွားရောက်ကြည့်ရှုကြလေသည်။

ယခု ကြုံတောင့်ကြုံခဲဆိုသလို မြယာကုန်းရွာတွင် ရန်ကုန်မြို့မှ နာမည်ကြီး အငြိမ့်အဖွဲ့ဖြစ်သော မြသရဖူအငြိမ့် အဖွဲ့ လာရောက်ကပြသည့် သတင်းကြားသဖြင့် ပတ်ဝန်းကျင်မှာ ရှိကြသောရွာများမှ လာရောက်ကြည့်ရှုကြသဖြင့် ညနေပိုင်း အချိန်လောက်ကတည်းက ကွင်းထဲမှာ လူကပြည့်သလောက် ဖြစ်နေလေတော့သည်။

ကပြမည့် အငြိမ့်အဖွဲ့သားများအတွက် ဝမ်းသာစရာ အားရှိစရာပင်ဖြစ်၏။

ပရိသတ်များသောကြောင့် ညဦးပိုင်း အချိန်လောက်က တည်းက ပွဲစထွက်သည်။

ရှေ့ထွက်မင်းသမီး စပယ်နိုင်၊ လက်ထောက်မင်းသမီး ဟုခေါ်သော အလယ်ထွက်မင်းသမီး ဝင်းဝင်းတင်တို့ အလှည့် ကလည်း ဘာမှပြောစရာမရှိဘဲ ကပြအသုံးတော်ခံကြသည်။

လူပျက်များဖြစ်ကြသော ကြာစိနှင့် ဆာမိတို့အတွဲ ဟိုင်အဖောက် ညီကြသောကြောင့်လည်း ပရိသတ်များမှာ



www.burmeseclassic.com

www.burmeseclassic.com



တဝေါဝေါ တသောသောဖြင့် ပွဲကျကြလေသည်။

ရှေ့ထွက်မင်းသမီးနှစ်ယောက်ပြီးတော့ ခေါင်းဆော
မင်းသမီး မြလေးတင် အလှည့်ရောက်တော့လည်း အဆင်
သည်။

ပရိသတ်က ခေါင်းဆောင်မင်းသမီး မြလေးတင်
ပြောဟန်ဆိုဟန် ကဟန်တို့ကို ပိုမိုနှစ်သက်ကြဟန်ရှိသည်။

ကကြိုးတစ်ပိုဒ် ဆုံးသည်နှင့် လက်ခေါက်မှုတ်သံ၊ အေ
ဟစ် အားပေးသံ၊ လက်ခုတ်သံများ ပေါ်ထွက်လာလေ့ရှိသည်

အငြိမ့်ပင်ဖြစ်သော်လည်း ဇာတ်ကြီးများကဲ့သို့ အေ
ပရာပြဇာတ် ဇာတ်လမ်းတို့အပြင် နောက်ပိုင်းဇာတ်လမ်း တ
ကိုပါ ထည့်သွင်းကပြလေသည်။

BURMESE CLASSIC

ထိုကဲ့သို့ တစ်ညလုံး ကပြနေစဉ် အာရုဏ်တက်
ရောက်တော့ မမျှော်လင့်ဘဲ ဇာတ်စင်ပေါ်မှာ ထွန်းထားသော
ဓာတ်မီးများ သူ့အလိုအလျောက် တပြိုင်နက်တည်း ငြိမ်းသွ
လေသည်။

ရေနံ့ဆီကုန်၍သော်လည်းကောင်း၊ လေကုန်သွား
ဖြင့်သော်လည်းကောင်း မီးငြိမ်းလျှင် တစ်လုံးတစ်လေသာ ငြ
ရမည်ဖြစ်သော်လည်း ယခုတော့ ထွန်းထားသမျှ ဓာတ်မီးအ
လုံး တပြိုင်နက်တည်း ငြိမ်းသွားသည်ကတော့ ထူးဆန်းလှသည

ထို့ထက်ပိုပြီး ထူးဆန်းသည်က ပွဲဈေးတန်းဘက်
ဈေးရောင်းနေကြသည့် ဈေးသည်များထံမှ မီးရောင်များ
မမြင်ရတော့ခြင်း ဖြစ်သည်။





မီးရောင်မရှိတော့ ဆိုင်းတီးသံများလည်း ရပ်သွားသည်။

လူသံသူသံများလည်း တိတ်ဆိတ်ငြိမ် သက်သွားလေတော့သည်။ ပွဲခင်းတစ်ခုလုံး လူသံသူသံမကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားခြင်းမျိုး ဖြစ်သည်။

အတန်ကြာတော့မှ ဇာတ်အဖွဲ့ထဲမှ လူအချို့က ဗျစ်တောက်ဗျစ်တောက်နှင့် ထလာကြသည်။

"ဒီရွာကလူတွေ ဘယ်နေရာရောက်ပြီး၊ ဘာလုပ်နေကြတယ် မသိပါဘူး၊ မီးတွေငြိမ်းသွားတာတောင် ပြန်မထွန်းမပေးကြဘူး"

ထိုသို့ပြောပြီး ဇာတ်စင်ပေါ်မှာရှိသော ဓာတ်မီးများကို ဆိုက်လံထွန်းကြလေသည်။

မီးပြန်လင်းလာပြီး ဇာတ်ကရန်ပြင်တော့ အံ့သြစရာမြင်ကွင်းကို တွေ့ကြရတော့သည်။

တစ်ညလုံး ဇာတ်စင်ရှေ့မှာ ဖွေးနေအောင်ရှိနေသော သူအုပ်ကြီးမှာ တစ်ယောက်တစ်လေမှ မရှိကြတော့ပေ။

ပွဲကြည့်သူများရော၊ ဈေးသည်များပါ မရှိကြတော့သဖြင့် ပွဲခင်းကြီးတစ်ခုလုံး မည်းမှောင်ပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေတော့သည်။

"လူတွေ တစ်ယောက်မှမရှိကြတော့ဘူး၊ ဘယ်ရောက်သွားပြီလဲ"

"ပွဲသိမ်းပြီထင်လို့ ထပြန်သွားကြတာများလား"

"ပြန်ရင်တော့ တချို့တော့ ကျန်ခဲ့မှာပေါ့၊ အခုဟာက



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိတော့တာ"

ထိုသို့ပြောပြီး ပတ်ဝန်းကျင်ကို ကြည့်တော့လည်း စေတီနှင့်ကျောင်းလည်း မရှိတော့။

ထိုနေရာတစ်ဝိုက်မှာ ရှိနေသော ရွာတန်းလည်း မမြင်ရတော့ပေ။ ပတ်ဝန်းကျင်တစ်ဝိုက်မှာ သစ်တောများသာ တွေ့မြင်ရပေတော့သည်။

ထိုအခါမှပင် မန်နေကျာ ခင်မောင်ကျော် အပါအဝင် အငြိမ့်အဖွဲ့သားများမှာ မျက်လုံးပြူးသွားကြသည်။

စိတ်ထဲမှာလည်း ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်မိကြလေသည်။

သို့သော်လည်း ယခုအခြေအနေ ရောက်မှတော့ ဘာမှမတတ်နိုင်ကြတော့ပေ။ မိုးလင်းသောအခါမှသာ မီးစင်ကြည့်ကကြရပေတော့မည်။

မီးထွန်းထားသော ဇာတ်စင်ပေါ်မှာ ဆိုင်းသံလည်းတိတ်၊ လူလည်း အိပ်ကာ၊ ဆိတ်ဆိတ်နေကြရုံသာ ရှိပေတော့သည်။









အခန်း(၈)

# တောနက်ထဲမှ ထူးဆန်းသောနေရာ

တစ်နေ့သ၌ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှာ တောထဲသွားရန် ပြင်နေကြစဉ် သူတို့ရှိရာသို့ လူသုံးယောက် ရောက်လာကြလေသည်။

ဦးစိန်လှမြင့်၊ မြဝင်းသူနှင့် ဦးမြဖေဆိုသော အဖော်သုံးယောက်တို့ပင်ဖြစ်သည်။ နီမောင်မှာ ဦးမြဖေဆိုသူကိုသာ တွေ့ဖူးမြင်ဖူးသော်လည်း ဦးစိန်လှမြင့်နှင့် မြဝင်းသူတို့ကိုတော့ မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဦးမြဖေ၊ ဘာကိစ္စရှိလို့လဲ"

"ဒီက ငါ့အသိတွေက မင်းတို့ဆီမှာ အကူအညီတောင်း
ချင်လို့ ခေါ်လာပေးတာပါကွာ"

ဟုပြောသဖြင့် ဧည့်သည်များကို နေရာထိုင်ခင်းပေး
အကျိုးကြောင်း မေးရလေသည်။

"ကျွန်တော်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊
များအကူအညီပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူးကွာ မေးစရာလည်းရှိ အ
အညီတောင်းစရာလည်း ရှိလို့ပါ. . ."

"ပြောပါဦးကြီး၊ တတ်နိုင်တာဆိုရင်တော့ အကူအ
ပေးပါ့မယ်"

"ဒီနားတစ်ဝိုက်မှာ မြယာကုန်းရွာဆိုတာ ရှိသလား"

နီမောင်က အတော်ကြာအောင် စဉ်းစားပြီးမှ. . .

"ဒီနားတစ်ဝိုက်မှာတော့ မြယာကုန်းဆိုတဲ့ အမည်
ရွာရှိတယ်လို့ မကြားမိပါဘူး၊ ဘုရားကြီးဘက်မှာပဲဖြစ်ဖြစ်၊
စွန်ပါတောင်ဘက်မှာပဲဖြစ်ဖြစ် ရှိချင်ရှိနိုင်ပါတယ်"

ထိုစကားကြားတော့ ဦးစိန်လှမြင့်ရော မြဝင်းသူ
တက်ကြွမှုများ ဖြစ်လာဟန်ရှိလေသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ အဲ့ဒီဘက်ကပဲ ဖြစ်မယ်ထင်ပါ

"ဘယ်လိုအကြောင်းရှိတယ်ဆိုတာ ကျွန်တော်တို့လည်း
သိပါရစေ. ."

ထိုအခါ ဦးစိန်လှမြင့်က အကျိုးအကြောင်း ပြော





သည်။

"ငါ့နာမည်က ဦးစိန်လှမြင့်လို့ ခေါ်ပါတယ်၊ ဒါက ငါ့ရဲ့
သမီး မြဝင်းသူတဲ့. ."

နီမောင်က မြဝင်းသူကို တစ်ချက်ကြည့်ပြီး ခေါင်း
ညိတ်ပြလိုက်သည်။

"ငါက တခြားမဟုတ်ပါဘူး ရန်ကုန်က မြသရဖူအငြိမ့်
ထောင်ထားတဲ့ ဇာတ်ပိုင်ရှင်ပါပဲ"

ထိုစကားကြားတော့ နီမောင့်စိတ်ထဲမှာ ဝမ်းသာသွား
သလို ဖြစ်သွားမိသည်။

"မြသရဖူအငြိမ့်တော့ ကြားဖူးပါရဲ့"

"တစ်လောက မြယာကုန်းရွာကလူတွေ ရောက်လာပြီး
ဘုရားပွဲအတွက်ဆိုပြီး ပွဲငှားကြတယ်၊ ပွဲရက်ရောက်တော့ လော်
လီကားတစ်စီးနဲ့ အငြိမ့်တစ်ဖွဲ့လုံးလာခေါ်သွားကြတာ အခုထိ
ပြန်ရောက်မလာကြသေးလို့ စိတ်ပူပြီး လိုက်လာကြတာပါ"

"ပွဲကဘယ်နှရက်လဲ"

"နှစ်ချီပွဲပါ၊ မနေ့ကတည်းကပြန်ပို့ပေးရမှာ တစ်ဖွဲ့လုံး
ပြန်ရောက်မလာကြသေးဘူး. ."

"လမ်းမှာများ တစ်ခုခုဖြစ်နေသလား"

"ငါလည်း အဲဒါပဲ စိတ်ပူနေမိတယ်. ."

ပွဲငှား၊ ဆိုင်းငှားသောကိစ္စများတွင် ကြိုရမည့်အချိန်မှာ
သာ တက်တက်ကြွကြွ ဝိုင်းလုပ်ကြသော်လည်း ပွဲပြီးသွားသော
အခါ ပြန်ပို့ပေးမည့်သူမရှိသဖြင့် ထိုရွာမှာ သောင်တင်နေရသည်



www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိသည်။

တစ်ခါတစ်ရံ ဇာတ်သမား၊ ဆိုင်းသမားများနှင့် ရွာခံများ အဆင်မပြေဖြစ်တတ်ပြီး၊ ထိုအခါမျိုးတွင် ရောက်အောင်ပြန်ပို့မပေးတော့ဘဲ လမ်းခုလတ်မှာတင် ထားခဲ့သည်မျိုးလည်း ရှိတတ်သည်။

တစ်ခါတလေလည်း ပို့သောကား၊ သင်္ဘောများ ပျက်၍သော်လည်းကောင်း၊ ကားမှောက်၊ သင်္ဘောမြှုပ်၍သော်လည်းကောင်း စသည်တို့ဖြစ်သဖြင့် ပြန်မရောက်လာသည်မျိုးလည်း ရှိတတ်ပေသည်။

"ဒီတော့. . ကျွန်တော်တို့က ဘယ်လို အကူအညီပေးရမလဲ"

နီမောင်ကမေးတော့ မြဝင်းသူက ဝင်ပြောပြသည်။

"ဒီလိုရှိပါတယ်၊ ကျွန်မတို့ သားအဖက အငြိမ့်အဖွဲ့အတွက် စိတ်ပူပြီးသာ လာခဲ့ရတယ်၊ ဒီနယ်ဘက်တွေကို မရောက်ဖူးပါဘူး၊ ဒါကြောင့် ဇာတ်အဖွဲ့ကို လိုက်ရှာဖို့အတွက် ကိုနီမောင်တို့ကို လာပြီးအကူအညီတောင်းတာပါ"

ဟုပြောပြီး နီမောင်ကို အကဲခတ်သလို ကြည့်နေလေသည်။ နီမောင်က အတော်ကြာအောင် စဉ်းစားနေသဖြင့် မြဝင်းသူက ဆက်ပြောလေသည်။

"ကျွန်မတို့ကို အကူအညီပေးလို့ အလုပ်ပျက်၊ အကိုင်ပျက် ဖြစ်မယ်ဆိုရင်လည်း ထိုက်သင့်တဲ့ငွေကြေး. . . ."

"ဒီအတွက်မဟုတ်ပါဘူး၊ အကူအညီပေးရင် စေတနာ





နဲ့ပဲ အကူအညီပေးပါ့မယ်၊ ကျွန်တော်စဉ်းစားနေတာက ဘယ်နေရာကနေ ရှာရရင်ကောင်းမလဲလို့ စဉ်းစားနေတာပါ. . ."

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာရှင်၊ ပွဲငှားတဲ့သူတွေလာတုန်းက ပြောသွားတာကတော့ ဘုရားကြီးအလွန် ဒေးနှန်ပါနားမရောက်ခင်မှာ သူတို့ရွာရှိတယ်လို့ ပြောသွားကြတယ်"

"ဒီလိုဆိုတော့လည်း အဲဒီနေရာတစ်ဝိုက်တွေမှာပဲ စုံစမ်းကြည့်ရတော့မှာပေါ့. . ၊ ကျွန်တော်တို့ သုံးယောက်လိုက်ပြီး စုံစမ်းပေးပါ့မယ်. ."

ဟုပြောရာ ဦးစိန်လှမြင့်တို့မှာ များစွာစိတ်သက်သာရာရသွားကြလေသည်။

ဦးစိန်လှမြင့်နှင့် မြဝင်းသူတို့ ရောက်လာသောအချိန်မှာ နံနက်ပိုင်းအချိန်ကျော်နေပြီ ဖြစ်သောကြောင့် မိမိတို့အိမ်မှာရှိသော အစားအသောက်များနှင့်ပင် ကျွေးမွေးဧည့်ခံနေစဉ် နောက်ထပ် ဧည့်သည်နှစ်ယောက် ထပ်ရောက်လာကြပြန်သည်။

ကျောက်ပြာသာဒ်ရွာမှာ နေသည်ဆိုသော စောမာလာနှင့် အဖော်မိန်းကလေးတစ်ယောက်တို့ပင်ဖြစ်သည်။

စောမာလာကို မြင်သောအခါ မြဝင်းသူက ငေးကြည့်နေလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

စောမာလာဆိုသော မိန်းကလေးက တောမှာနေသည်ဆိုသော်လည်း ကိုယ်လုံးကိုယ်ထည်နှင့် မျက်နှာချောမောလှပုံက အငြိမ့်မင်းသမီးချောတစ်ယောက်နှင့် တူနေသောကြောင့်ပင်ဖြစ်သည်။ ပြင်လိုက်ဆင်လိုက်လျှင် ဇာတ်မင်းသမီးရုံးအောင်



www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပသူတစ်ဦး ဖြစ်မှန်းလည်း စိတ်ထဲမှ မှတ်ချက်ချမိသည်။

နီမောင်ကတော့ မမျှော်လင့်ပဲ စောမာလာ ရောက်လာသဖြင့် ဝမ်းသာသွားလေသည်။

"စောမာလာတို့ပါလား၊ ဘယ်ကနေ လာကြတာလဲ"

"ဒီရွာဘက်မှာ ကိစ္စတစ်ခုရှိလို့ လာရင်းနဲ့ အစ်ကို ဒီရွာမှာနေတယ်ဆိုလို့ မေးမြန်းပြီး လာခဲ့တာ. . ."

"အခုလို ရောက်လာတာ ဝမ်းသာစရာပဲ. . သူတို့က တခြားမဟုတ်ဘူး၊ ရန်ကုန်ကနေလာကြတဲ့ မြသရဖူအငြိမ့်ထောင်တဲ့သူတွေပဲ"

စောမာလာက ဝမ်းသာသွားဟန်ဖြင့် ပြုံးပြလေသည်။

ဦးစိန်လှမြင့်ကလည်း တစ်ချက်ကြည့်ပြီးပြောသည်။

"မိန်းကလေးက တောသူဆိုပေမယ့် အတော်ချောတာပဲ"

"သူက ရုပ်ချောသလို အသံလည်းကောင်းတယ် အဆိုအကလည်း ဝါသနာပါတယ်"

နီမောင်က ဝင်ပြောပြသည်။

"ဟင်. . ဟန်ကျတာပေါ့။ ဇာတ်သဘင်နဲ့ သက်ဆိုင်တဲ့ ပညာတွေ၊ အငြိမ့်နဲ့ပတ်သတ်တဲ့ပညာတွေက တဖြည်းဖြည်းသင်ယူရင်တတ်ပါတယ်၊ တကယ်ကတော့ ကိုယ်က ကြိုးစားဖို့ပါပဲ"

စောမာလာက ခေါင်းညိတ်ပြသည်။





"မင်း တကယ်ဝါသနာပါရင်တော့ ငါရဲ့အငြိမ့်အဖွဲ့ထဲမှာ ပညာသင်အနေနဲ့ ခေါ်ထားပေးပါ့မယ်. ."

ထိုစကားကြားတော့ စောမာလာသာမကဘဲ နီမောင်ပါ ဝမ်းသာသွားကြလေသည်။ ထို့နောက် နီမောင်က ထိုစကားကိုဖြတ်ပြီး အရေးကြီးသောစကားကို မေးလိုက်သည်။

"စောမာလာတို့နေတဲ့ရွာက အတွင်းဘက်မှာဆိုတော့ အဲဒီဘက်မှာ မြယာကုန်းဆိုတဲ့ရွာများ ရှိသလား"

စောမာလာက အတော်ကြာအောင် စဉ်းစားနေပြီးမှ နောက်မှပါလာသော အဖော်မိန်းကလေးကို တိုးတိုးမေးကြည့်ပြီးမှ ပြန်ပြောလေသည်။

"ဘာကိစ္စရှိလို့လဲ အစ်ကို"

"အဲဒီရွာက မြသရဖူအငြိမ့်အဖွဲ့ကို ငှားသွားပြီး အခုထိ ပြန်မပို့သေးလို့ လိုက်သွားချင်လို့ပါ. ."

"ဒီလိုဆိုရင်တော့ ဘယ်လိုသွားရင် ရောက်နိုင်တယ်ဆိုတာ ကျွန်မပြောပြလိုက်ပါ့မယ်. ."

"ကျေးဇူးတင်ပါတယ် စောမာလာရယ်"

စောမာလာက ထိုနေရာသို့ရောက်အောင် ဘယ်ပုံဘယ်နည်းသွားရမည်ကို ပြောပြသဖြင့် အသေအချာမှတ်သားထားလိုက်လေသည်။ ထို့နောက် စောမလာတို့နှစ်ယောက် ပြန်သွားကြလေတော့သည်။

နီမောင်တို့လည်း အချိန်ရှိခိုက် အငြိမ့်အဖွဲ့ကို လိုက်လံရှာဖွေရန် ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက်အပြင် ဦးစိန်လှမြင့်နှင့် မြဝင်းသူတို့ပါ လိုက်သဖြင့် ခရီးထွက်သောအခါ ငါးယောက်ဖြစ်သည်။

ဦးမြဖေကတော့ ရွာမှာပဲကျန်ခဲ့သည်။

ခရီးစဉ်ကတော့ စောမာလာပြောပြသွားသည့် လမ်းညွှန်အတိုင်း ဘုရားကြီးဘက်သို့ အရင်ရောက်အောင် သွားကြရသည်။ ထိုနေရာဘက်ရောက်တော့ မြယာကုန်းရွာအကြောင်း မေးမြန်းကြည့်တော့ သတင်းအစအနမရပေ. . ။

သို့ကြောင့် ဘုရားကြီးမှ အရှေ့မြောက် ယွန်းယွန်းသို့ ဆက်သွားကြသည်။ အချိန်ကလည်း မွန်းလွဲပိုင်းအချိန် ကျော်လာပေပြီ. . ။ ခရီးဝေးသဖြင့် အတော်ပင်သွားကြရသည်။

နီမောင်တို့ကတော့ တောမှာမွေး၊ တောမှာကြီးသူများဖြစ်သောကြောင့် မတောင်းတာသော်လည်း. . . ထိုကဲ့သို့သော ခရီးကြမ်းမျိုး မသွားမလာဖူးသော မြဝင်းသူအတွက်တော့ အတော်ကို ပင်ပန်းလှပေပြီ။

သို့ကြောင့် လမ်းမှာ မကြာခဏနားကြရသည်။

"နီမောင် ဟိုဘက်မှာ ရွာတွေမှရှိသေးရဲ့လား"

"သိပ်တော့ မရှိတော့ဘူး"

"ဆက်သွားလို့မှ ဖြစ်ပါ့မလား"

"သူပြောလိုက်တဲ့နေရာ ရောက်တဲ့အထိတော့ သွားကြည့်ကြတာပေါ့၊ ဘာမှမစိုးရိမ်ပါနဲ့ လမ်းမှာ အန္တရာယ်နဲ့တွေ့ရင်တောင် ကျွန်တော်တို့ ကာကွယ်ပေးပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ်ကွာ. ."





ဟု တုံရင်မောဟိုက်နေသော အသံမျိုးဖြင့် ပြောလေသည်။ ထို့နောက် ရှေ့သို့ဆက်သွားကြရာ တောနှင့်မဝေးလှသော နေရာရောက်တော့ ရွာငယ်လေးတစ်ရွာ တွေ့ရသဖြင့် ဝင်ရောက်စုံစမ်းကြပြန်သည်။ ထိုအခါ ရွာခံတစ်ဦးက. . . .

"ခင်ဗျားတို့ပြောတဲ့ မြယာကုန်းဆိုတာတော့ မကြားမိပါဘူး၊ ဟိုဘက်မှာတော့ တောပဲရှိတော့တယ်. ."

ဟုပြောသဖြင့် စိတ်ပျက်သွားကြသည်။

ထိုသူက တစ်စုံတစ်ခု သတိရသဖြင့် ဆက်ပြောပြန်သည်။

"တလောကတော့ သစ်တင်တဲ့ကားလား၊ ဖာတ်တင်တဲ့ကားလားတော့မသိဘူး၊ လော်လီကားကြီးတစ်စင်းပဲ. . သည်ဘက်ကို ဖြတ်မောင်းသွားတာ တွေ့လိုက်မိတယ်. ."

"ဟင်. . ."

"အဲ့ဒီဘက်မှာ အရင်ကတော့ သစ်ထုတ်တဲ့စခန်းတွေရှိတယ်၊ သစ်တင်တဲ့ လော်လီကားတွေလည်း သွားလာနေကြတာပဲ"

ထိုစကားကြောင့် စိတ်ထဲမှာ အားရှိလာသကဲ့သို့ ဖြစ်သာကြသည်။

"ဒါဖြင့် အဲသည်ဘက်မှာ မြယာကုန်းရွာဆိုတာတော့ မကြားမိဘူးပေါ့"

"ရွာရှိတယ်လို့ မကြားမိဘူး၊ သတ်ထုတ်တဲ့စခန်းဟောင်းတွေတော့ရှိတယ်၊ တစ်ခုတော့ရှိတယ်. . အဲဒီဘက်မှာ မြယာ



www.burmeseclassic.com

www.burmeseclassic.com



တောတွေ အများကြီးရှိတယ်၊ သိုက်ကုန်း၊ ကျတ်ကုန်းတွေလည်း ပေါတယ်၊ သစ်ထုတ်လုပ်ရေးစခန်းက လူတွေတောင် ခြောက်လှန့်တာများပြီး မနေနိုင်ကြတော့လို့ ပြောင်းပြေးကြရတယ်”

ထိုစကားကြားသောအခါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ဦးစိန်လှမြင့်နှင့် မြဝင်းသူတို့ကတော့ အတော်ပင် ထိတ်လန့်ကြောက်ရွံ့နေကြဟန် ရှိနေကြသည်။

သို့သော်လည်း ထိုနေရာအထိရောက်ပြီး သဲလွန်စပ ရထားပြီးသောကြောင့် နောက်ပြန်လှည့်၍ မရတော့ပေ။

သို့ကြောင့် ရှေ့ဆက်သွားကြရပေသည်။

ညနေပိုင်း အချိန်ရောက်တော့ မှိုင်းညို့နေသော မြယာတောကြီးရှိရာသို့ ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ တစ်နေရာမှ လူသံသူသံ၊ စကားပြောသံများ ကြားရသဖြင့် ထိုနေရာဘက်သို့ သွားကြည့်ကြရာ နောက်ဆုံးတွင် အငြိမ့်အဖွဲ့သားများနှင့် ပြန်တွေ့ကြရလေတော့သည်။

အငြိမ့်အဖွဲ့သားများမှာ ပြန်ပို့ပေးမည့်သူမရှိသောကြောင့် မြေကွက်လပ်တစ်ခုတွင် ဇာတ်သေတ္တာများချကာ ရွက်ဖျင်တဲများ ထိုးနေကြရလေသည်။

အတော်များများမှာ ရာသီဥတုနှိပ်စက်မှုဒဏ်၊ ခြောက်လှန့်ခံရမှုဒဏ်များကြောင့် ကြောက်ရွံ့ထိတ်လန့်ကာ ဖျားနာနေကြသည်။





ခေါင်းဆောင်မင်းသမီး မြလေးတင်ဆိုလျှင် နှလုံးရောဂါခံရှိသဖြင့် ရောဂါအခြေအနေ အတော်ပင် ဆိုးနေရှာပေပြီ။

ပျောက်နေသော အငြိမ့်အဖွဲ့ကိုမြင်တော့ ဦးစိန်လှမြင့်တို့တလည်း ဝမ်းသာသွားသည်။

ဇာတ်အဖွဲ့သားများကလည်း ဝမ်းသာသွားကြလေသည်။

“ဘယ်လိုဖြစ်ကြတာလဲ ပြောပြပါဦး”

ဟုမေးတော့မှ . . မန်နေဂျာခင်မောင်ကျော်က အကြောင်းစုံ ပြောပြလေသည်။

“ကျွန်တော်တို့ အငြိမ့်အဖွဲ့ကို ငှားလာတဲ့ သူတွေက လူတွေမဟုတ်ကြဘူး၊ ကျတ်တွေလား သိုက်ထဲကလူတွေလား တော့မသိဘူး၊ ညဦးပိုင်းပဲလူတွေ တွေ့လိုက်ရတယ်၊ မိုးလင်းလာနီးတော့ တစ်ယောက်မှ မတွေ့ရတော့ဘဲ အခုလို တောထဲရောက်နေတာပါပဲ”

“ဖြစ်မှဖြစ်ရပလေကွာ. .၊ မသေကောင်း မပျောက်ကောင်း”

“ဒါပေမယ့်၊ ညဘက်ရောက်တာနဲ့ လာပြီးခြောက်လှန့်ကြတော့တာပဲ အတော်များများတော့ ကြောက်လန့်ပြီး ဖျားနေကြပြီ. . ”

“ပွဲဆက်တွေ များနေတဲ့အချိန်ရောက်မှ ဒီလိုဖြစ်ရတာတော့ မကောင်းဘူးပေါ့၊ ဒါပေမယ့် လူတွေအန္တရာယ်မဖြစ်တာတော်လှပြီ၊ ဒါထက် ဒီနေရာက ဘယ်လိုပြန်ရမလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရွာတွေသွားပြီး လှည်းတွေငှားရမယ်၊ သေတ္တာတွေ
လှည်းနဲ့သယ်ပြီး ကားလမ်းအထိပို့ပေးကြမှဖြစ်မယ်"

"ဒီလိုဆိုရင်လည်း ကူညီလက်စနဲ့ ကူညီပေးကြပါ

ဟုပြောသဖြင့် နီမောင်တို့ကပင် နီးစပ်ရာရွာများသ
ပြီး လှည်းငှားရန် တာဝန်ယူကြရသည်။

သို့သော် ထိုနေ့အဖို့တော့ အချိန်မရှိတော့ပေ။ သ
ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန်ရောက်နေပြီ
သောကြောင့် လှည်းငှားလျှင်လည်း မည်သူမှ လိုက်ပံ့ကြ
မဟုတ်ပေ။

သို့ကြောင့် နောက်တစ်နေ့ နံနက်စောစောမှပင် ထို
ကို ပြုလုပ်ဆောင်ရွက်ရန် အချင်းချင်းတိုင်ပင်ထားကြရပေသ

နောက်မှရောက်လာသော နီမောင်တို့တတွေမှာ
ထိုညအဖို့မှာတော့ ဇာတ်အဖွဲ့သားများနှင့်အတူ ထိုနေ
ပင် ညအိပ်ကြရမည် ဖြစ်ပေသည်။

ညနေပိုင်းအချိန်ရောက်တော့ နီမောင်က ထိုအနီး
ဝန်းကျင်တစ်ဝိုက်သို့ အခြေအနေလိုက်ကြည့်ရာ တစ်
ရောက်တော့ ပြိုပျက်နေသော ဘုရားကုန်းတစ်ခုကို တွေ့ရ
အပြင် ထိုနေရာနှင့် မနီးမဝေးမှာ ရပ်ထားသော လော်လီ
ပျက်ကြီးတစ်စင်းကိုပါ တွေ့ကြရလေတော့သည်။









## အခန်း (၉)

# ကျောက်ပြာသာဒ်ရွာမှ ဝေမာလာ

နောက်တစ်နေ့မှာတော့ ထိုအနီးတစ်ဝိုက်မှာရှိသော ရွာ
မှ လှည်းလေးငါးစီးငှားရမ်းပြီး ကားလမ်းရောက်သည်အထိ
တ်သေတ္တာများကို သယ်ထုတ်ကြရလေသည်။ ကားလမ်း
ောက်တော့မှ လော်လီကားကြီးတစ်စင်းငှားပြီး ရန်ကုန်သို့ ပြန်
ပြင်ကြလေသည်။

ထိုအခါ. . ဦးစိန်လှမြင့်နှင့် မြဝင်းသူတို့ သားအဖနှစ်
ာက်စလုံးက ကျေးဇူးတင်စကားပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင် မင်းတို့လိုက်ပြီး အကူအညီပေးလို့ ဇာ
အဖွဲ့သားတွေကို ရှာတွေ့တာပါ၊ ငါတို့ဘာသာလိုက်ရှာနေ
တော့ ဘယ်လိုမှရှာတွေ့ကြမှာ မဟုတ်ပါဘူး၊ ဒီအတွက် မင်း
ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ. . . တတ်နိုင်သလောက် အကူအည
ပေးရတာပဲ အပန်းမကြီးလှပါဘူး"

"ဘယ်ဟုတ်ပါ့မလဲကွယ် တစ်ဦးကျေးဇူးတစ်ဦး သိရ
ပေါ့၊ မင်းတို့က အကူအညီပေးခဲ့သလို တကယ်လို့ ငါတို့ဘ
ကလည်း အကူအညီပေးနိုင်တာရှိရင် ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ. ."

"ငါက ဇာတ်ထောင်ထားတဲ့သူဆိုတော့ ဇာတ်နဲ့ပ
သက်တာမှန်သမျှ အကူအညီပေးနိုင်ပါတယ်၊ မင်းနဲ့သိတဲ့
ကလေးလည်း ဇာတ်ကတာဝါသနာပါရင် ခေါ်လာခဲ့ပါ၊ ငါ့အ
အဖွဲ့ထဲမှာ ပညာသင်အနေနဲ့ လက်ခံပေးပါ့မယ်"

"ကောင်းပါပြီခင်ဗျာ၊ သူနဲ့တွေ့တဲ့အခါ မေးကြည့်ပါ
မယ်၊ တကယ်လို့ သူ့အနေနဲ့ ဆန္ဒရှိတယ်ဆိုရင် ခေါ်လာ
မယ်"

ဟုပြန်ပြောပြလိုက်လေသည်။

ကားပေါ်သို့ ဇာတ်သေတ္တာများ သယ်တင်နေစဉ် မြ
သူကပါ နီမောင်ဆီလာပြီး ကျေးဇူးတင်စကားပြောပြန်သည်

"ကျွန်မနာမည်က မြဝင်းသူလို့ ခေါ်ပါတယ်၊ ကျွန်
ဒုက္ခရောက်နေတဲ့အချိန်မှာ အခုလိုလိုက်ပြီး အကူအညီပေ





ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး. ."

"ရပါတယ်ဗျာ. . ၊ ဒီလောက် ကျေးဇူးတင်နေဖို့ မလိုပါ
"

"ဒါပေမယ့် အခုလို ရှာဖွေတဲ့ကိစ္စမှာ ရှင်တို့အကူအညီ
ပါဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်မှန်း ကျွန်မသိပါတယ်၊ နောက်ပြီး
န်မစိတ်ဝင်စားနေတာတစ်ခု ရှိသေးတယ်. ."

"ဘာများပါလိမ့်. ."

"ကိုနီမောင်တို့ရွာမှာ တွေ့ခဲ့တဲ့ မိန်းကလေးပဲ. ."

"စောမာလာကိုပြောတာ ထင်ပါရဲ့"

"ဟုတ်မယ်ထင်တယ်၊ သူက ရုပ်လည်းအတော်ကလေး
တယ်၊ ကိုယ်လုံးကိုယ်ထည်လည်း အချိုးကျပြီးလှတယ်၊ ကို
မောင်နဲ့ ဘယ်လိုပတ်သက်တာလဲ"

"အသိတွေပါ. ."

"သူက ဇာတ်ကတာ ဝါသနာပါတယ်ဆိုတော့ ကျွန်မတို့
ကို ခေါ်လာခဲ့ပါလား၊ သဘင်ပညာတွေကို သင်ပေးလိုက်ရင်
အနေနဲ့ မင်းသမီးကောင်းတစ်လက် ဖြစ်လာနိုင်တဲ့ ရုပ်ရည်
ရှိတယ်. ."

"သူ့ကိုမေးပြီး ဆန္ဒရှိမယ်ဆိုရင်တော့ ကျွန်တော် ခေါ်
ခဲ့ပေးပါ့မယ်"

ဟုပြောလိုက်တော့ မြဝင်းသူက ကျေနပ်စွာ ခေါင်းညိတ်
ပြီးမှ ဆက်မေးပြန်သည်။

"ဒါထက် ကျွန်မတို့ အငြိမ့်အဖွဲ့ ဘယ်နေရာရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သူကပဲ လမ်းညွှန်ပြောပြပေးလိုက်တယ် ထင်ပါ

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"သူက ဘယ်လိုသိတာလဲဟင်"

ထိုသို့မေးသောအခါ မည်သို့ပြန်ပြောရမှန်းပင်

တော့ပဲ ဖြစ်သွားလေသည်။ အတန်ကြာတော့မှ. . .

"သူတို့က ဒီနယ်တစ်ဝိုက်မှာ ငယ်ငယ်ကတည်းက

လာကြတာဆိုတော့ သတင်းကြားလို့သိတာပဲ ဖြစ်မှာပါ"

ဟု ပြန်ပြောလိုက်သည်။

"ကျွန်မစိတ်ထဲမှာတော့ သူ့ကိုကြည့်ရတာ တစ်မျိုး

ထင်နေမိတယ်"

နီမောင်ကတော့ ဘာမှမှတ်ချက်မပေးတော့ပေ. .

"နောက်ပြီး ကျွန်မတလက်စထဲ ပြောခဲ့ရဦးမယ်၊

ထဲမှာ ဘုရားကြီးဘုရားပွဲရှိတော့ ကျွန်မတို့အငြိမ့်အဖွဲ့ လာ

ကြရမယ်၊ ပွဲပြိုင်တွေပါမှာဆိုတော့ ကျွန်မတို့သားအဖလ

လိုက်လာကြမယ်၊ အဲ့ဒီကို နီမောင်တို့လာခဲ့ကြပါ၊ ဇာတ်စင်

က ပွဲကြည့်လို့ရအောင် ကျွန်မစီစဉ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့အတွက်

တကူးတက လုပ်မပေးပါနဲ့"

"ဘယ်ဟုတ်ပါ့မလဲ၊ ဒီလောက်ကလေးလုပ်ပေးရ

အပန်းမကြီးလှပါဘူး၊ နောက်ပြီး ကိုနီမောင်တို့လာရင်

လာကိုပါ တပါတည်း ခေါ်လာခဲ့ဖို့ မမေ့ပါနဲ့"

"ကောင်းပါပြီဗျာ. . ."





ထိုအချိန်မှာ ကားပေါ်သို့ ပစ္စည်းများ တင်ပြီးသွားပြီဖြစ်

နှင့် မြဝင်းသူနှင့် ဦးစိန်လှမြင့်တို့လည်း သူတို့သုံးယောက်ကို

ဆက်ပြီးနောက် ကားပေါ်တက်ကာ ထိုနေရာမှ ထွက်သွား

လေတော့သည်။ နီမောင်တို့ သုံးယောက်လည်း ထိုအခါမှပင်

တို့ရွာသို့ ပြန်ခဲ့ကြလေသည်။

ထိုသို့ပြန်လာရင်းနှင့် ငမဲအောင်က မေးလာသည်။

"မင်းကို ဟိုအမျိုးသမီးက ဘာတွေ ပြောသွားတာလဲ

မောင်. ."

"တခြားတော့ မဟုတ်ပါဘူး၊ ဘုရားကြီး ဘုရားပွဲကျရင်

သူတို့ အငြိမ့်အဖွဲ့ လာကကြမယ်တဲ့၊ အဲ့ဒါ ငါတို့သုံးယောက်ကို

ကြည့်ဖို့ ဖိတ်သွားတာပါ"

"ကောင်းတာပေါ့ကွာ၊ ဇာတ်ပိုင်ရှင်နဲ့သိတော့ ဇာတ်စင်

ပေါ်တက်ကြည့်လို့ရတာပေါ့. ."

ဟု စောထီးကပါ ဝင်ပြောလေသည်။

"သူတို့နဲ့သိတာ တစ်ခုတော့ကောင်းတယ်၊ စောမာလာ

ကို အဆက်အသွယ် လုပ်ပေးလို့ရတာပေါ့. ."

"ဒါကလည်း သူကိုယ်တိုင်က လုပ်ချင်ဦးမှ ဖြစ်မှာပါ၊

နောက်ပြီး သူနဲ့သာသိနေတာ သူဘယ်နေရာမှာ နေမှန်းတောင်

သိသေးတာ မဟုတ်ဘူး. ."

"သူနေတဲ့ရွာကို မင်းကိုပြောသွားတယ် မဟုတ်လား"

"ကျောက်ပြာသာဒ်ရွာလို့ ပြောတာပဲ"

"မေးကြည့်ရင် သိမှာပေါ့ကွာ၊ သူကတောင် ငါတို့နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွာကို ရောက်လာသေးတာ၊ ငါတို့ သုံးယောက်လည်း အလုပ်အားတဲ့တစ်နေ့ သူတို့ရွာကို သွားကြည့်ကြသေးတာပေါ့၊ ဒီမြို့အခြေအနေသိရမှာ. . .”

ဟုပြောဆိုတိုင်ပင်ထားကြလေသည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး တစ်ပတ်ခန့်ကြာသောအခါ နီမောင်တို့သုံးယောက်မှာ တောထဲသွားကာ ပစ္စည်းများရှာဖွေကြရင်းနှင့် စောမာလာ ပြောသွားသောနေရာဘက်သို့ သွားကြလေသည်။

သူမလမ်းညွှန်ပေးထားခဲ့သော လမ်းအတိုင်း သွားခဲ့ကြရာ အတန်ကြာသောအခါ သူတို့ရောက်နေသောနေရာနှင့် မနီးမဝေးနေရာဆီမှ လူသံသူသံများ ကြားလာရသဖြင့် ထိုနေရာဘက်သို့ ဦးတည်ပြီး လျှောက်ခဲ့ကြလေသည်။

“ရိုးမတောထဲမှာလည်း ငါတို့မသိသေးတဲ့၊ မရောက်ဖူးသေးတဲ့ နေရာတွေ၊ ရွာတွေ အများကြီးရှိနေပုံပဲ”

ငမဲအောင်က ရေရွတ်ပြောဆိုလိုက်သည်။

“ရှိမှာပေါ့ကွာ၊ ရိုးမတောက အကျယ်ကြီးရှိတာပဲ. . တကယ့်ရွာတွေရော၊ ရွာမဟုတ်တဲ့ ရွာတွေလည်း အများကြီးရှိမှာပေါ့. . .”

စောထီးစကားကြောင့် ငမဲအောင်က ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

“ရွာမဟုတ်တဲ့ရွာဆိုတာ ဘယ်လိုရွာမျိုးလဲ”

“ရွာမဟုတ်တဲ့ရွာဆိုတာ မြသရဖူအငြိမ့်ခေါ်လာတဲ့





ရွာမျိုးပေါ့ကွာ၊ ညဘက်တော့ မီးရောင်တထိန်ထိန်နဲ့ပေါ့၊ မနက်မိုးလင်းတော့မှသာ ဘာမှမရှိတော့တဲ့ ရွာမျိုးကို ပြောတာပေါ့ဟ”

“အခု ငါတို့သွားတဲ့ရွာကလည်း ညမြင်နေ့ပျောက် ရွာမျိုးဖြစ်နေဦးမယ်. .”

ဟု အချင်းချင်းပြောဆိုရင်း လျှောက်သွားကြရာ တစ်နေရာရောက်တော့ တောင်ကုန်းတစ်ခုပေါ်မှာ ကျောက်ဖြင့်ပြုလုပ်ထားသော ပြာသာဒ်များကို တွေ့မြင်ရသည်။ ကျောက်ပြာသာဒ်တို့မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ဟန်ဖြင့် ပြိုကျပျက်စီးနေပြီး ချုံနွယ်ပိတ်ပေါင်းများက ဖုံးနေကြလေပြီ. . .။

ရုတ်တရက်ကြည့်လျှင်တော့ အရိုးအိုးဂူများနှင့် တူလှပေသည်။ နီမောင်တို့သုံးယောက် ထိုနေရာရောက်တော့ တောထဲမှ ပြန်လာကြဟန်တူသော မိန်းကလေးသုံးယောက်တို့နှင့် တွေ့ရသည်။

နှစ်ယောက်က တစ်ကြိမ်နှစ်ကြိမ် တွေ့ဖူးမြင်ဖူးပြီးသောကြောင့် မျက်မှန်းတန်းမိနေကြပေပြီ။

“ဟော. . ရှင်တို့ပါလား. . ဘယ်သွားကြမလို့လဲ”

ဟု တစ်ယောက်ကမေးသည်။

“ကျောက်ပြာသာဒ်ရွာ သွားကြမလို့ ဘယ်နေရာမှာလဲ”

“ရှေ့က မြင်နေရတာ ကျွန်မတို့ရွာပဲလေ၊ ဘာလဲ စောမာလာဆီ အလာလာကြတာလား”

“ဟုတ်တယ်. . ဟုတ်တယ်”

“ဒါဖြင့် ကျွန်မတို့နောက်ကသာ လိုက်ခဲ့ပါ၊ သူ့နေအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အထိ လိုက်ပို့ပေးပါမယ်"

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင်တို့ သုံးယောက်လည်း ဝမ်းသာစွာဖြင့် နောက်မှလိုက်သွားကြလေသည်။

ကျောက်ပြားသာဒ်များရှိသည့်နေရာလွန်တော့ ရွာဝင်ပေါက်သို့ ရောက်သွားကြသည်။

သစ်လုံးများ ကာရံထားသော အတွင်းဘက်တွင်ရွာရှိပြီး လူသံသူသံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံများ ကြားကြရသည်။

သူတို့ရောက်သွားသောအချိန်မှာ မွန်းလွဲပိုင်းအချိန်ပင် ကျော်နေလေပြီ။

ရွာ၏ ဖွဲ့စည်းပုံက ရွာတန်းရှည်ကြီးဖြစ်သည်။

တောထဲမှာ တည်ဆောက်ထားသော်လည်း အိမ်ကြီးအိမ်ကောင်းများပင်ရှိသည်။

အိမ်တစ်အိမ်ရှေ့ရောက်တော့ အသံပြုလိုက်သည်။

"စောမာလာရေ၊ နင့်ဆီလာတဲ့ ဧည့်သည်တွေပါလာတယ်ဟေ့"

ထိုသို့အသံပေးလိုက်တော့ အိမ်ထဲမှ စောမာလာထွက်လာလေသည်။

နီမောင်တို့သုံးယောက်ကို မြင်သောအခါ ဝမ်းသာသွားဟန်ရှိပြီး အိမ်ထဲသို့ ခေါ်သွားလေသည်။

အိမ်ထဲရောက်တော့ အဘိုးအဘွားမိဘ စသောဆွေမျိုးများလည်း တွေ့ရသည်။

အားလုံးကလည်း ရပ်ဝေးမှ ဧည့်သည်များ ရောက်လာ





သဖြင့် တပြုံးပြုံးဖြစ်ကာ ဝမ်းသာနေကြဟန်ရှိလေသည်။

သူတို့ရောက်ပြီး မကြာခင်မှာပင် ထမင်းပွဲဟင်းပွဲများ ပြင်ဆင်ကျွေးမွေးသဖြင့် အားနာနာနှင့်ပင် စားသောက်ကြရပြန်လေသည်။

"အစ်ကိုတို့ ကျွန်မတို့ရွာကို တကူးတက ရောက်လာတဲ့အတွက် သိပ်ပြီးဝမ်းသာတာပဲ၊ အစားအသောက်တွေကိုလည်း စားသောက်ကြပါ၊ ဘာမှအားမနာကြပါနဲ့"

ဟု အနားမှထိုင်ပြီး ပြောနေလေသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကတော့ ကျွေးမွေးသော အစားအသောက်များက ကောင်းသဖြင့် အားရပါးရ စားသောက်နေကြစဉ် တစ်စုံတစ်ခုကို သတိရသဖြင့် စိတ်ထဲမှာ စနိုးစနောင့်ဖြစ်နေကြလေသည်။

သူတို့စိတ်ထဲမှာ တွေးမိနေသော အကြောင်းမှာ တောထဲ၌တွေ့သော ရွာများ၊ အိမ်များသို့ ရောက်သွားပြီး ၎င်းတို့ကျွေးမွေးသော အစားအသောက်များကို စားသောက်ပြီးပါက နောက်ရက်များတွင် မခံမရပ်နိုင်အောင် ဝမ်းသွားခြင်း၊ ဗိုက်နာခြင်းများ ကြုံရလေသည်။

ဝမ်းသွားပြန်လျှင်လည်း သစ်ရွက်၊ သစ်ခေါက်များနှင့် အသားစိမ်း၊ ငါးစိမ်းများဖြစ်နေသည်ကို တွေ့ရတတ်ပေသည်။

တကယ်တော့ တောထဲမှာရှိသော ရွာများ၊ အိမ်များမှာ အများအားဖြင့်တော့ ကျတ်များ၊ သိုက်စောင့်များက ဖန်ဆင်းထားသည့်နေရာများ ဖြစ်နေတတ်သောကြောင့်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း စောမာလာဆိုသော အမျိုးသမီးနှင့် သိကြတာမကြာသေးပေ. . .။

သူတို့နေသောရွာကိုလည်း ယခုတစ်ခေါက်သာ ရောက်ဖူးကြခြင်းဖြစ်ပေသည်။

ထို့ကြောင့် စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေကြခြင်းဖြစ်သည်။ သို့သော်လည်း မောပန်းလာသည်ကတစ်ကြောင်း၊ ကျွေးမွေးသော အစားအသောက်များက ကောင်းသည်ကတစ်ကြောင်းကြောင့် နောက်ပိုင်းမှ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားကာ ဝမ်းပြည့်အောင်ပင် စားသောက်ကြလေသည်။ စားသောက်ပြီးသောအခါ ညဦးပိုင်းအချိန်သို့ ရောက်နေပေပြီ။

"အချိန်လည်းမရှိတော့ဘူး၊ အစ်ကိုတို့ မနက်စောစောမှပဲ ပြန်ကြပေါ့၊ ဒီမှာတော့ ညအိပ်ညဉ့်နေအတွက် ဘာမှအားနာစရာမရှိပါဘူး. ."

"အားနာစရာတော့ ကောင်းနေပြီ"

"ဘာမှ အားနာစရာမရှိပါဘူး အစ်ကိုရဲ့၊ အစ်ကိုတို့အခုလို တကူးတက ရောက်လာကြတာကိုပဲ ကျွန်မတို့ တစ်အိမ်လုံးက ဝမ်းသာနေကြတာ၊ ညဘက်ရောက်တော့ ကျွန်မ သီချင်းဆိုတာလည်း နားထောင်ကြည့်လို့ရတာပေါ့. ."

ဟုပြောသဖြင့် နီမောင်တို့ သုံးယောက်လည်း တိုင်ပင်ပြီး တစ်ညအိပ်ပြီးမှပြန်ရန် သဘောတူကြလေသည်။

"ကောင်းတာပေါ့ကွာ၊ ကျွေးသမျှတွေကို စားကောင်းကောင်းနဲ့စားလိုက်တာ ဗိုက်လေးပြီး လမ်းတောင် မလျှောက်ချင်





တော့ဘူး. ."

ဟု ငမဲအောင်က ပြောပြီး ဧည့်သည်အတွက် ပြင်ဆင်ပေးထားသောနေရာသို့ ဝင်သွားကြလေသည်။ ဧည့်ခန်းမှာတော့ နီမောင်နှင့် စောမာလာတို့ နှစ်ယောက်သာ စကားပြောရင်း ကျန်ခဲ့ကြတော့သည်။

ထိုအခါမှ စောမာလာက မေးသည်။

"အစ်ကို ကျွန်မဆီလာတာ အလည်သက်သက်ပဲလား၊ ကိစ္စရှိလို့များလား. . ."

"ပြောစရာရှိလို့ပါ. ."

ထိုသို့ပြောလိုက်သောအခါ စောမာလာမှာ ရှက်ကိုး ရှက်ကန်းအမူအယာဖြင့် ခေါင်းငုံ့သွားလေသည်။

ပြီးမှ လေသံတိုးတိုးဖြင့်. . . .

"ပြောစရာရှိရင် ပြောလေ. . ."

ဟုပြောသည်။

"တခြားတော့ မဟုတ်ပါဘူး မြသရဖူ အငြိမ့်အဖွဲ့ ပိုင်ရှင်တွေက စောမာလာ ဝါသနာပါရင် သဘင်ပညာတွေသင်ပေးမယ်. .၊ ပြီးတော့ သူတို့အဖွဲ့မှာ သင့်တော်သလို ထည့်သုံးပေးမယ်လို့လည်း ပြောသွားကြတယ်. ."

ထိုစကားကြားတော့ စောမာလာက သူမျှော်လင့်ထားသော စကားမျိုးမဟုတ်သဖြင့် သက်ပြင်းချလိုက်လေသည်။

နီမောင်က ဆက်ပြောသည်။

"ဒါက အခွင့်အရေး တစ်ခုရလာတာပဲ. .၊ စောမာလာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသဘောရသလဲ"

"ကျွန်မကတော့ လုပ်ချင်ပါတယ်၊ ဒါပေမယ့် မိဘတွေကို အသိပေးပြီး ခွင့်တောင်းရဦးမယ်၊ ဒါပေမယ့် . . ."

စောမာလာက အတန်ကြာအောင် စဉ်းစားနေသည်။

နီမောင်က တစ်ချက်ကြည့်လိုက်သည်။

"တကယ်လို့ သွားဖြစ်မယ်ဆိုရင်တော့ . . ကျွန်မတစ်ယောက်တည်းတော့ မသွားဝံ့ပါဘူး၊ အစ်ကို လိုက်ပို့ပေးမှဖြစ်မှာ"

"မင်းအတွက် အဆင်ပြေမယ်ဆိုရင် လိုက်ပို့ပေးဆိုရင်လည်း လိုက်ပို့ပေးနိုင်ပါတယ်၊ ဒါပေမယ့် . . ပတ်ဝန်းကျင်က တစ်မျိုးထင်မှာလည်း စိုးရသေးတယ် . . ."

ထိုစကားကြောင့် စောမာလာက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဘယ်သူတွေက ဘာပဲပြောပြော၊ ဘယ်လိုပဲထင်ထင်၊ ကျွန်မကတော့ ဂရုမစိုက်ပါဘူး၊ အစ်ကိုကရော ဂရုစိုက်ရမယ့်သူ ရှိနေလို့လား . ."

"မ . . မရှိပါဘူး . ."

"ဒါဖြင့် ကျွန်မသွားရင် အတူလိုက်ခဲ့ပေးမှာမဟုတ်လား"

"မင်းခေါ်ရင်တော့ လိုက်ခဲ့ပေးပါ့မယ် . ."

ထိုသို့ပြန်ပြောလိုက်သောအခါမှ စောမာလာမှာ ကျေနပ်သွားဟန် ရှိလေသည်။

"နောက်ပြီး စောမာလာကို ပြောစရာရှိသေးတယ်"

"ပြောစရာရှိရင်ပြောပေါ့ အစ်ကိုရယ်၊ ခွင့်တောင်းနေစရာမလိုပါဘူး . ."

"ဘုရားကြီး ဘုရားပွဲ ကျင်းပတော့မယ်၊ အဲဒီဘုရားပွဲမှာ မြသရဖူအငြိမ့် အဖွဲ့လည်း ကလိမ့်မယ်"

"မြသရဖူအငြိမ့်ဆိုတာ အစ်ကိုပြောတဲ့အဖွဲ့လား . ."

"ဟုတ်တယ် သူတို့က ပွဲကြည့်လာဖို့ ဖိတ်ထားတယ်၊ စောမာလာကိုလည်း ခေါ်လာခဲ့ဖို့ မှာထားတယ်"

ဟု ပြောလိုက်သည်။

"အစ်ကိုသွားရင်တော့ ကျွန်မတို့ လိုက်ခဲ့ပါမယ်၊ ကဲ . . အဘိုးက ပတ္တလားတီးပေးဖို့ စောင့်နေပြီ . .၊ ကျွန်မသီချင်းဆိုတာ အစ်ကိုနားထောင်ကြည့်ပါလား . . ."

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင်လည်း သူမခေါ်ရာနောက်သို့ လိုက်သွားလေသည်။

ခေါင်းရင်းခန်းဘက်ရောက်တော့ ပတ္တလားတစ်လုံးနောက်ဘက်မှာ ထိုင်စောင့်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရလေသည်။

စောမာလာရောက်သွားတော့ ပတ္တလားကို စတီးသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အချိန်တွင် ပတ္တလားသံက ချိုလွင်သာယာစွာဖြင့် ပေါ်ထွက်လာလေသည်။ ပတ္တလားသံနှင့်အတူ စောမာလာ၏ ချိုလွင်သာယာသော သီချင်းဆိုသံကိုပါ ကြားရသည်။

*"ဟို ကမ်းပါးယံ့ တောင်ထက်က xxx မယ်ဇက်ဘယ့် ခေါ်ယောင် xxx ရွှေဖိုးခေါင် လွမ်းအောင်ခုနေ့ xxx လွမ်းချင်း*







www.burmeseclassic.com

www.burmeseclassic.com



ငယ်ပေါ် xxx ကြွေးကြော်သံရင့် xxx ကျူးတယ်ကျူးတယ် xxx ကျူးတယ် ကျူးတယ် xxxx ကျူးတယ် ကျူးတယ်လေး တော့ အဝေး xxxxxx "

စောမာလာသီဆိုသော သီချင်းသံက အဘိုးကြီး တီးပေးနေသော ပတ္တလားသံနှင့် တစ်ထပ်တည်းကျနေပေသည်။ ထိုသီချင်းသံက စောမာလာ သီဆိုနေကျသီချင်း ဖြစ်ဟန်ရှိပေသည်။ တောထဲတွင် သူမနှင့်စတင်တွေ့ကြစဉ်ကပင် ထိုသီချင်းသံကို ကြားဖူးခဲ့ပြီးဖြစ်ပေသည်။

အတီးပိုဒ်ဆုံးတော့ စောမာလာက ဆက်ဆိုပြန်သည်။

"သစ်ဆင့် သဇင် xxx ဂမုန်းအင် xxx သဇင်လှိုင်ပျံ့ မွှေးတယ် မွှေးတယ် xxx မွှေးတယ် မွှေးတယ် xxx မွှေးတယ် မွှေးတယ်လေး တော့ အဝေး xxxxx "

"ယောင်ဖခွေးခေါ် xxx ယောက်ဖခွေးခေါ် xxx ဖိုးခေါင်ကျော် xxx ကြင်ဖော်မယ်လျှယ် xxx ဆွေးတယ် ဆွေးတယ် xxx ဆွေးတယ် ဆွေးတယ် xxx ဆွေးတယ် ဆွေးတယ်လေး တော့ အဝေး xxxxxx"

ထိုညက ပတ္တလားတီးသံနှင့်သီချင်းဆိုသံကို နားထောင်ခဲ့ရသော နီမောင်အတွက်တော့ မီးရောင်မပါဘဲ ကနေသော အငြိမ့်ပွဲ၊ ဇာတ်ပွဲတစ်ခုကို ကြည့်နေရသကဲ့သို့ ရှိပေတော့သည်။









## အခန်း(၁၀)

# ပွဲဦးကျူးသော ပွဲဦးငှက်ညှ

မြန်မာပြည် နေရာအနှံ့အပြားတွင် ဒေသန္တရ ပွဲတော်များ ကျင်းပပြုလုပ်ကြသည်။

မြို့ကြီး၊ မြို့ငယ်များ၌သာမကဘဲ မြို့မဟုတ်သော နေရာများမှာပါ ပွဲတော်ကြီးများ ကျင်းပပြုလုပ်ကြသည်။

မြို့နှင့်မနီးသော်လည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သော ပွဲတော်ကြီးအချို့ရှိသည်။

ကျိုက်ထီးရိုးဘုရားပွဲ၊ ရွှေစက်တော်ဘုရားပွဲ၊ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကဿပဖူးပွဲ၊ မော်တင်စွန်းဘုရားပွဲ၊ အင်းတော်ကြီး ရွှေ
ဘုရားပွဲတို့မှာ မြို့ကြီးများနှင့် မနီးသော်လည်း ကြီးကျယ်စည်
ကားစွာ ကျင်းပလေ့ရှိသော ဘုရားပွဲတော်ကြီးများ ဖြစ်ကြသည်။

မြို့ကြီးများတွင် ကြီးကျယ်စည်ကားသော ဘုရားပွဲတော်
ကြီးများမှာ . . .

ရန်ကုန်မြို့ ရွှေတိဂုံဘုရားပွဲ၊ ပဲခူးမြို့ ရွှေမော်ဓောဘုရား
ပွဲ၊ သန်လျင် ကျိုက်ခေါက်ဘုရားပွဲ၊ မကွေးမြသလွန် ဘုရားပွဲ
ပခုက္ကူ သီဟိုဠ်ရှင် ဘုရားပွဲတော်၊ ညောင်ဦး ရွှေစည်းခုံ ဘုရားပွဲ
တော်၊ ပုဂံ အာနန္ဒာဘုရားပွဲတော်တို့မှာ လူသိများပြီး စည်ကားလှ
သော ဘုရားပွဲတော်ကြီးများ ဖြစ်ကြလေသည်။

ထိုဘုရားပွဲကြီးများလောက် ကြီးကျယ်စည်ကားမှု မရှိ
သော်လည်း သူ့နေရာနှင့် သူ့အရပ်ဒေသအလိုက် စည်ကား
သော ဘုရားပွဲတော်နှင့် အခြားပွဲတော်များလည်း ရှိကြပေသည်။

အခြားပွဲတော်ဆိုသည်မှာ ဘိုးတော်ပွဲ၊ မယ်တော်ပွဲနှင့်
နတ်ပွဲ၊ ဓလေ့ထုံးစံပွဲ၊ ရိုးရာပွဲ စသည်တို့ပင် ဖြစ်ကြလေသည်။

မြန်မာနိုင်ငံနေရာဒေသအသီးသီးတွင် အမျိုးအမည်
ပေါင်းများစွာ ရှိကြလေသည်။

ဇာတ်သဘင်အဖွဲ့၊ အငြိမ့်အဖွဲ့များ အားထားကြသော
ဘုရားပွဲတော်ကတော့ များများမရှိပေ။

မကွေး မြသလွန်ဘုရားပွဲ၊ သံလျင် ကျိုက်ခေါက်ဘုရားပွဲ
တော်နှင့် ပဲခူးမြို့ ရွှေမော်ဓောဘုရားပွဲတော်တို့ လောက်သာ
ရှိကြပေသည်။





ပဲခူး ရွှေမော်ဓောဘုရားပွဲတော်ကို ရှေးအခါကပင်
ည်းကာသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပြီး ပါလီမန်ခေတ်
ခောက်တော့လည်း တခမ်းတနားကျင်းပခဲ့ကြလေသည်။

(၁၉၅၇)ခုနှစ် ဧပြီလ (၂၅)ရက် (၁၃၁၉-ခု၊ တန်ခူးလ
ဆုတ် (၁၀)ရက်၊ ကြာသပတေးနေ့)တွင် ထုတ်ဝေသော မြန်မာ့
အလင်း သတင်းစာတွင် ဘုရားပွဲတော်ကျင်းပမည့် သတင်းကို
အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကိုလည်း ပြန်လည်
ဖော်ပြပေးပါမည်။

**"ပဲခူးမြို့ ရွှေမော်ဓောဘုရားပွဲတော်**
**ကျင်းပတော့မည်အကြောင်း သတင်းစကား ထည့်သွင်းခြင်း"**

ပဲခူးမြို့တောင်ပြည့် ရွှေမော်ဓော စေတီတော်
ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို တန်ခူးလဆန်း(၈)ရက်
နေ့မှ ကဆုန်လဆန်း (၈)ရက်နေ့အထိ (၁၅)တိုင်တိုင်
သိုက်မြိုက်ခမ်းနားစွာ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊

ထိုဘုရားပွဲတော်ကြီးတွင် နာမည်ကြီး ဇာတ်ပွဲ၊
အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ ဆပ်ကပ်ပွဲ၊ မျက်လှည့်ပွဲ စသည်တို့
ဖြင့် ထည့်သွင်းကျင်းပတော့မည် ဖြစ်ပါကြောင်း၊

ဘုရားပွဲတော်ရက်တွင် ဘုရားဖူးလာသော
ဧည့်ပရိသတ်များ စိတ်အေးချမ်းသာစွာ လာရောက်
ဖူးမြော်နိုင်ရန်အတွက် လုယက်မှု၊ ခိုးပြမှု၊ ခါးပိုက်နှိုက်
မှုများ မဖြစ်ပေါ်စေရန်အတွက် ပဲခူးခရိုင်ရဲဝန် ဦးသံဒိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဦးဆောင်ပြီး မြို့ပေါ် ရပ်ကွက် အသီးသီးတို့မှ တာဝန်ရှိသူတို့နှင့် ပူးပေါင်းကာ အထူးကာကွယ် စောင့်ရှောက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဘုရားပွဲတော်ကို လာရောက်ကြမည့် ပရိသတ်များအတွက် ကြိုတင်သတင်းကောင်းဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဟု ရေးသားဖော်ပြကြသည်ကိုလည်း တွေ့ရပေသည်။

ပဲခူးမြို့ ရွှေမော်ဓော ဘုရားပွဲတော်ကြီးပြီးတော့မှ အနီးတစ်ဝိုက်မှာရှိသော အခြားပွဲတော်များနှင့် ဘုရားပွဲတော်တို့ကို သူ့ရက်နှင့်သူ ကျင်းပပြုလုပ်ကြပေသည်။

ပဲခူးရွှေမော်ဓောဘုရားပွဲပြီးတော့မှပင် ဘုရားကြီးဘုရားပွဲ ကျင်းပကြလေသည်။

ရှေးအခါကတော့ ဇာတ်ပွဲကြီးများ ဝင်လေ့မရှိဘဲ အငြိမ့်ပွဲ၊ ဆိုင်းပွဲများလောက်သာ ထည့်သွင်းကျင်းပနိုင်ကြပေသည်။

ဆိုင်းထည့်မည်ဆိုလျှင်လည်း တစ်ညလျှင် တစ်ဆိုင်းထည့်သွင်းကြသည်။

တစ်ခါတစ်ရံလည်း နှစ်ဆိုင်းပြိုင်တီးရသည်မျိုးလည်း ရှိကြလေသည်။

ထိုအခါ တာဝန်ရှိသောလူကြီးများ ဆိုင်းခေါင်းဆောင်နှစ်ဦးတို့ကို မဲနှိုက်စေကာ နာရီ၊ ဖယောင်းတိုင်မီး ထွန်းပေးပြီး သူတစ်လှည့်၊ ကိုယ်တစ်လှည့် တီးမှုတ်ဖြေဖျော်ကြရလေသည်။ ဆိုင်းပြိုင်တီးရပြီဆိုလျှင်တော့ ဆိုင်းဆရာတို့မှာ လက်မှ သွေး





ထွက်သည်အထိ အစွမ်းကုန်တီးကြရလေသည်။

ထိုကဲ့သို့ပင် အငြိမ့်အဖွဲ့များမှာလည်း တစ်ဖွဲ့ချင်း ဝင်ရောက်ကပြကြလျှင် မတောင်းတာလှပေ။

အကယ်၍ တစ်ညတည်း အငြိမ့်နှစ်ဖွဲ့ ဆုံနေလျှင်တော့ ရှိသမျှပညာကို အကုန်ထုတ်ပြီး အစွမ်းကုန်ကြိုးစားကြရလေသည်။

ထိုကဲ့သို့ကရခြင်းကို အငြိမ့်ပြိုင်ကခြင်းဟုခေါ်ကြသည်။ အငြိမ့်ပြိုင်ကရလျှင်တော့ ရှေ့ထွက်မင်းသမီး၊ ခေါင်းဆောင် မင်းသမီးနှင့် လူပျက်များကအလွန် အရေးကြီးသည်။

မင်းသမီးအကကောင်းမှ ပွဲကောင်းသလို၊ လူပျက်များ (ယခု လူရွှင်တော်ဟုခေါ်သော်လည်း ကိုလိုနီခေတ်က လူပျက်ဟုသာခေါ်ဝေါ်သဖြင့် လူပျက်ဟူသော အသုံးအနှုန်းဖြင့်သာ ရေးသားဖော်ပြပေးပါမည်။) ကောင်းမှလည်း ပွဲကောင်းတတ်သည်။

ရှေးအခါက အတွဲညီသော လူပျက်အတွဲများရှိခဲ့ကြသည်။ ပွဲကြည့်ပရိသတ်က ထိုလူပျက်များကို မင်းသားမင်းသမီးထက်ပင် ပိုပြီးစိတ်ဝင်စားတတ်ကြသည်။

လေဘာတီ မမြရင်ခေတ်က ဦးသခ်၊ ဦးဓာတ်ဆိုး၊ မန္တလေးအငြိမ့်လောကမှာလည်း ဦးနောက်တိုး၊ ဦးတက်တိုး၊ သိန်းအောင်၊ ငပါစံ စတဲ့အတွဲတွေက နာမည်ကြီးကြသည်။

နောက်ပိုင်းတော့ သိန်းအောင်က မြို့တော်သိန်းအောင်အမည်ဖြင့် လူပျက်ဘဝမှ မင်းသားအဖြစ် ရောက်ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဇာတ်သဘင် အငြိမ့်သဘင်လောက၊ မန္တလေး ဇာတ်သဘင် အငြိမ့်သဘင် လောကမှာသာမကပဲ ဆိုင်းလော မှာပါ လူပျက်တွေရဲ့ အခန်းကဏ္ဍက အရေးပါ အရာရောက် ကြသည်။

ရွှေကျိုးညို မြကျိုးညို ဇာတ်အဖွဲ့မှ ဓာတ်ဆီ၊ ဓာတ်ဆ ရွှေမန်းတင်မောင်အဖွဲ့မှ မိုးညို၊ အောင်ငွေ၊ တိမ်ညွန့်၊ ဦးဓာ ရှင် အစရှိသော လူရွှင်တော်ကြီးများ၊ စိန်မာဒင် ဇာတ်သဘ အဖွဲ့မှ မိုးဒီနှင့် မော့စ်အတွဲတို့မှာ လူရွှင်တော် ဆိုသော်လည် သူတို့မပါလျှင် ပွဲမစည်သောအခြေအနေမျိုးရှိသော လူကြို များလှသည့် လူရွှင်တော်အတွဲများ ဖြစ်ခဲ့ကြသည်။

အချို့လူရွှင်တော်ကြီးများမှာ ယခုတိုင် ဗွီဒီယိုလော မှာ တွေ့နေရဆဲပင်. . .၊

ကိုလိုနီခေတ်အခါက အငြိမ့်ပြိုင်ကရတော့မည်ဆိုလျှ လူရွှင်တော်များနှင့် ခေါင်းဆောင်မင်းသမီး၏ အခန်းကဏ္ဍ များစွာအရေးပါလှပေသည်။

လူပျက် ပျက်တာမရယ်ရလျှင်၊ မင်းသမီးကတာမကြို လျှင် လူမဝင်တော့ပေ။

မိမိတစ်ဖွဲ့တည်းကသောအချိန်မှာ လူမဝင်ပါက မသိ သာလှပေ။ နှစ်ဖွဲ့ပြိုင်သောအခါမှ မိမိကသော ဇာတ်ရုံတွင် လူ မဝင်ပါက အရှက်ကွဲတတ်ပေသည်။

ယခုနှစ်တွင် ဘုရားကြီး ဘုရားပွဲတွင် အငြိမ့်နှစ်ဖွဲ့ကို ငှားထားသောကြောင့် စင်ပြိုင်ကရပေမည်။





တစ်ဖွဲ့က ပဲခူးမြို့မှ နာမည်ကြီး အငြိမ့်အဖွဲ့ဖြစ်သော ရွှေလိပ်ပြာ ကြည်ကြည်မေအဖွဲ့၊ ကျန်တစ်ဖွဲ့က ရန်ကုန်မြို့မှ နာမည်ကြီး အဖွဲ့ဖြစ်သော မြသရဖူ အငြိမ့်အဖွဲ့တို့ပင် ဖြစ်ကြပေ သည်။

ပွဲချိုက သုံးချိသုံးည ကပြရပေသည်။

ထိုကဲ့သို့ အငြိမ့်ပြိုင်ကရတော့မည်ဆိုတော့မှ ဦးစိန် လှမြင့်အဖို့ ခေါင်းခဲစရာကိစ္စနှင့် ကြုံနေရပေသည်။

အခြားတော့မဟုတ်ပေ။

ခေါင်းဆောင်မင်းသမီး မြလေးတင်မှာ ကောက်ကာငင် ကာ ဆိုသလို ပွဲဝင်တော့မည့်ရက်ရောက်တော့မှ အိပ်ယာမှ မထ နိုင်တော့ဘဲ ရှိလေသည်။

သူမသည် တောထဲမှာ တောခြောက်ခံရပြီးကတည်းက သိပ်ပြာလန့်နေရာ ထိုရက်ကတည်းကစပြီး နလံမထူနိုင်ဘဲ ရှိနေ လေသည်။

ထို့ထက် အခြေအနေဆိုးသည်က ဘုရားကြီးသို့ရောက် ပြီးမှ အပေ့ါအပါးထွက်သွားစဉ်မှာ သရဲခြောက်ခံရပြန်သဖြင့် ထပ်ပြီးလန့်သွားရာ မဟန်နိုင်အောင် ဖြစ်နေရှာသည်။ ညနေပိုင်း မှာကတည်းက အခြေအနေမကောင်းလှပေ။

“မြလေးတင် နင်ဘယ်လိုဖြစ်နေတာလဲ. .၊ ဒီပုံနဲ့ဆိုရင် ဒီညကနိုင်ပါ့မလား၊ နင်သာ မကနိုင်ရင်တော့ ငါတို့အဖွဲ့တော့ ရှာလိပ်ပြီး ပြန်ကြရမယ့် အခြေအနေမျိုးရောက်မှာပဲ. . .”

ဦးစိန်လှမြင့်ကတော့ စိုးရိမ်စွာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျ. . ကျွန်မ ကြိုးစားပြီး ကပ့်မယ်. . ဇာတ်ဆ
ရယ်"

မင်းသမီးက အားတင်းပြီး ပြောနေရှာသော်လည်း
အမူအယာက အားရှိစရာတော့ မရှိလှပေ. . .။

မြဝင်းသူ့ခမျာမှာလည်း ထိုအခြေအနေကြောင့် စိ
ပူပန်နေရလသည်။

ညနေပိုင်းအချိန်ရောက်တော့ ပွဲဈေးက စည်ကား
လေတော့သည်။

ဘုရားကြီးရှိသောနေရာက အရှေ့အနောက်၊ တော
မြောက်ဝဲယာ လူစည်ကားသော အရပ်ဒေသဖြစ်သောကြော
လှေတစ်တန်၊ လှည်းတစ်တန်၊ မော်တော်ကား တစ်တန်
လာရောက်ပွဲကြည့်ကြသည်။

ဇာတ်စင်ကလည်း အရှေ့အနောက် တစ်စင်စီ ထိုး
သောကြောင့် ပွဲဈေးတန်းကြီးက တမျှော်တခေါ်ဖြစ်နေ
တော့သည်။

ညနေပိုင်း အချိန်ကတည်းက လူများမှာလည်း ကျိ
ကျိတ်တိုး စည်ကားနေတော့သည်။

ထိုအချိန်တွင်. . မြသရဖူ အငြိမ့်စင်နောက်သို့ လူ
ယောက် ရောက်လာကြသည်။

ယောက်ျားသုံးယောက်နှင့် မိန်းကလေးသုံးယောက်
ပင်ဖြစ်ကြလေသည်။

ယောက်ျားသုံးယောက်ကတော့ နီမောင်၊ စောထီး၊





အောင်တို့ဖြစ်ကြပြီး အမျိုးသမီးသုံးယောက်ကတော့ စောမာလာ
နှင့် အဖော်မိန်းကလေးနှစ်ယောက်တို့ပင် ဖြစ်ကြလေသည်။
သူတို့ရောက်သွားတော့ မြဝင်းသူကပင် နေရာထိုင်ခင်း ချပေး
လေသည်။

"ကိုနီမောင်တို့ ဇာတ်စင်ပေါ်ကကြည့်မယ်ဆိုရင်လည်း
နေရာလုပ်ပေးပါ့မယ်"

"အောက်ကပဲကြည့်ပါ့မယ်"

"ဒီလိုဆိုရင် ရှေ့တန်းမှာ ဖျာနှစ်ချပ်ယူထားပေးတယ်၊
အဲ့ဒီက ကြည့်ကြပါ"

"အခုလို တကူးတက စီစဉ်ပေးတာ ကျေးဇူးတင်ပါ
တယ်"

"ကျွန်မတို့အတွက်က ဒီလောက်ကလေး စီစဉ်ပေးရ
တာ အပန်းမကြီးပါဘူး၊ ကိုနီမောင် အကူအညီပေးခဲ့တာတွေက
ပိုများပါတယ်၊ ကြုံကြိုက်တုန်း ပွဲဈေးတန်းဘက်မှာ တစ်ခုခု လိုက်
ကျွေးပါရစေ. . ."

"ရပါတယ်ဗျာ ကျွန်တော်တို့ အိမ်ကထွက်မလာခင်
စားပြီးခဲ့ကြပါပြီ. . ."

"အိုး. . စားပြီးလဲ ကျွန်မကျေနပ်အောင် တစ်ခုခု ထပ်
စားကြပါဦး"

ဟုပြောပြီး ပွဲဈေးတန်းဘက် ခေါ်သွားပြီး တရုတ်ခေါက်
ဆွဲကြော်ဆိုင်တစ်ဆိုင်သို့ ဝင်ကြသည်။

ထို့နောက် မြဝင်းသူကပင် ဦးဆောင်ပြီး အစားအ



www.burmeseclassic.com

www.burmeseclassic.com



သောက်များကို မှာကြားလေသည်။

"ဒါထက် မမြဝင်းသူတို့အဖွဲ့ ဒီမှာပွဲပြိုင်ကရမှာဆိုတော့ အဆင်ပြေကြရဲ့လား. . "

"ကျွန်မကို မြဝင်းသူလို့ပဲ ခေါ်နိုင်ပါတယ်. . "

နီမောင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဟိုဘက်စင်မှာကတဲ့ အဖွဲ့က ပဲခူးနယ်ဘက်မှာတော့ နာမည်ကြီးပဲ. . . "

"ဟုတ်တယ်၊ ကျွန်မတို့လည်း အဲ့ဒါကိုပဲ စိတ်ပူနေတာပဲ သုံးချီပွဲတောင် ကရမှာဆိုတော့ ပွဲဦးအချိုးခံလို့မဖြစ်ဘူး၊ အခုလို စင်ပြိုင်ကရတော့မယ်အချိန်ကျမှ ခေါင်းဆောင်မင်းသမီးက ကျန်းမာရေးမကောင်းဘူး ဖြစ်နေတယ်. . . "

"ဘယ်လို ဖြစ်တာတဲ့လဲ. . "

နီမောင်က မေးလိုက်သည်။

"ဟိုတလောက သူတို့တစ်ဖွဲ့လုံး တောခြောက်ခံကြရပြီး ကတည်းက အခုလိုဖြစ်နေတာပဲ၊ မနေ့ညကလည်း ဒီကိုရောက်တော့ သရဲအခြောက်ခံရသေးတယ်လို့ ပြောတယ်၊ ဟိုဘက်စင်ကများ တစ်ခုခုအနှောင့်အယှက်ပေးနေကြရောသလား မသိပါဘူးရှင်"

ဟု စိတ်မကောင်းသော အသံမျိုးဖြင့် ပြောပြလေသည်။ ထိုအချိန်မှာပင် မှာကြားထားသော အစားအသောက်များ လာချပေးသဖြင့် စကားပြတ်သွားပြီး စားသောက်ကြလေသည်။ စောမာလာတို့ မိန်းကလေးသုံးယောက်ကတော့ အနည်းငယ်စီသာ





စားသောက်ကြသည်။

"ဇာတ်သဘင်ပညာနဲ့ ပတ်သက်ရင် ကျွန်တော်တို့က ဘာမှမတတ်ကြလေတော့ အကူအညီပေးချင်ပေမယ့်လည်း မပေးနိုင်ကြတာ စိတ်မကောင်းပါဘူး. . "

"ကိုနီမောင့်စေတနာကို ကျွန်မသိပါတယ်၊ အခုအခြေအနေရောက်မှတော့ ဖြစ်သမျှအကြောင်း အကောင်းပဲလို့သာ သဘောထားရတော့မှာပါပဲ၊ ဒါထက်သူက ကိုနီမောင် အိမ်မှာ တစ်ခါတွေ့ခဲ့ဖူးတဲ့ ဇာတ်ကတာ ဝါသနာပါတဲ့မိန်းကလေး မဟုတ်လား"

မြဝင်းသူက စောမာလာကို အကဲခတ်ကြည့်ကာ မေးလိုက်လေသည်။

"ဟုတ်ပါတယ် မမ၊ ကျွန်မနာမည် စောမာလာလို့ ခေါ်ပါတယ်"

"ငါ့ညီမက ရုပ်လည်းချော၊ အသံလည်းကောင်းပုံရတယ်၊ ဇာတ်သဘင်ပညာ ဝါသနာပါတယ်ဆိုတော့ လေ့လာသင်ယူဖူးသလား"

"အဘိုးကသင်ပေးထားတာဆိုတော့ သင့်သလောက်တတ်ပါတယ်ရှင်. . "

စောမာလာ ရဲရဲတင်းတင်းပင် ပြန်ပြောရာ နီမောင်ပင် အံ့သြသွားမိလေသည်။

သူသိထားသည်က စောမာလာကို ဘာမှမတတ်သေးသူတစ်ယောက်ဟု ထင်ထားသော်လည်း သူထင်သလို မဟုတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မရပေ. . . ။

"ဒီလိုဆိုရင်တော့ မတတ်သာရင် အဖေနဲ့တိုင်ပင်ပြီး ထည့်သုံးတန် သုံးရမှာပဲ. . ."

ဟု ပြောလိုက်လေသည်။

စားသောက်ပြီးတော့ ဇာတ်ရုံဘက်ပြန်သွားကြလေသည်။ ပွဲထွက်ကာနီးတော့ နီမောင်တို့ ခြောက်ယောက်က ရှေ့တန်းမှာရှိသော ဖျာပေါ်မှာ ထိုင်ကြည့်ကြလေသည်။

ပွဲထွက်တော့ ရှေ့ပိုင်းအစီအစဉ်များမှာ ပြောစရာမရှိလှပေ။ ပရိသတ်ကလည်း နှစ်သက်သဘောကျဟန်ရှိလေသည်။ ညဉ့်နက်ပိုင်း ခေါင်းဆောင်မင်းသမီး မြလေးတင် ထွက်ကတော့မှ အခြေအနေဆိုးတော့သည်။

နေမကောင်းဖြစ်နေသည့်ကြားမှ ထွက်ကရသောကြောင့် ကောင်းစွာမကနိုင်တော့ပေ. . ။

သီချင်းဆိုတော့လည်း အသံက မထွက်တော့ပေ. . ။

တစ်ဖက်ဇာတ်ခင်မှာ ခေါင်းဆောင်မင်းသမီး ဆိုလိုက်သော သီချင်းသံက စူးစူးဝါးဝါးနှင့်ပင် ဒီဘက်စင်အထိရောက်လာလေသည်။

မြလေးတင် ခမျာလည်း ကြိုးစားကသော်လည်း မရတော့ပေ။ နောက်ဆုံး ကနေရင်းတန်းလန်းနှင့် ပုံရက်သား လဲကျသွားသောကြောင့် ကားလိပ်ချလိုက်ရသည့် အခြေအနေမျိုး ရောက်သွားရလေသည်။

ထိုအခါ ပွဲကြည့်ပရိသတ်များမှာ လှုပ်လှုပ်ရွရွဖြစ်လာ





ကြတော့သည်။

အချို့လည်း ဆူဆူညံညံ အော်ဟစ်ရင်းနှင့် တစ်ဖက်ဇာတ်ရုံသို့ ကူးသွားကြလေရာ နောက်ဆုံးတော့ ပွဲခင်းထဲမှာ လူ အနည်းငယ်သာ ကျန်ခဲ့လေတော့သည်။

ထိုအချိန်တွင်. . ရွှေလိပ်ပြာ ကြည်ကြည်မေကသော ဇာတ်ရုံမှာတော့ ပရိသတ်များက လျှံထွက်နေလေပြီ။

မြသရဖူအငြိမ့်ကတော့ ပထမပွဲဦးထွက်ညမှာပင် ပွဲဦး ကျိုးသွားခဲ့ရပေပြီ. . . . ။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# မင်းသမီးမဟုတ်သော မင်းသမီး

ပထမညမှာ မမျှော်လင့်ဘဲ ပွဲဦးကျိုးသွားသောကြောင့် နောက်တစ်နေ့ရောက်တော့ အခြေအနေမကောင်းတော့ပေ။ ရွှေလိပ်ပြာ ကြည်ကြည်မေ ကသောဇာတ်ရုံမှာ ဖျာများရောင်းချနေရာ ဒုတိယညအတွက် တစ်ရုံလုံးစာအတွက် ရောင်းစရာမရှိတော့လောက်အောင် ကုန်နေပေပြီ။

မြသရဖူ အငြိမ့်အဖွဲ့ ဖျာရောင်းသောနေရာမှာတော့ မန်နေဂျာ ခင်မောင်ကျော်ကိုယ်တိုင် ကြီးကြပ်ပြီးရောင်းနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုတင်ယူထားသော နေရာများမှလွဲပြီး နောက်ထပ် မရောင်းရသဖြင့် ရှိတစ်ဝက်လောက်အထိ ကျန်နေသေးသော ကြောင့် မျက်စိမျက်နှာ ပျက်နေကြလေသည်။

ယခင်ကဆိုလျှင် ရန်ကုန်ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့များနှင့် နယ်မှ ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့များ စင်ပြိုင်ကလျှင် ရန်ကုန်ဇာတ် အဖွဲ့ကို မယှဉ်နိုင်ကြပေ။ ပွဲကြည့်ပရိသတ်ကလည်း ရန်ကုန် ဇာတ်၊ မန္တလေးဇာတ် အဖွဲ့များဆိုလျှင် ပိုပြီးအထင်ကြီးကြသည်။

ယခုတော့ ရန်ကုန်ဇာတ်လောကတွင် နာမည်ကြီးသော မြသရဖူအငြိမ့်အဖွဲ့မှာ နယ်မှအငြိမ့်အဖွဲ့နှင့် စင်ပြိုင်ကရာ. . ပထမညမှာပင် ပွဲဦးကျိုးသောအဖြစ်မျိုး ရောက်ခဲ့ရလေသည်။

ညကအဖြစ်အပျက်ကြောင့် မနက်ပိုင်းပွဲဈေးတန်းဘက် မှာ စကားသံများ ထွက်နေပေတော့သည်။

"ရန်ကုန်က နာမည်ကြီးတဲ့ အငြိမ့်အဖွဲ့မို့ အထင်ကြီးပြီး သွားကြည့်ပါတယ်၊ ခေါင်းဆောင်မင်းသမီးက သီချင်းဆိုတော့ လည်း အသံမထွက်ဘူး၊ ကလည်း မကနိုင်ဘူး၊ တော်ပြီကွာ. . ဒီညတော့ ရွှေလိပ်ပြာအဖွဲ့ပဲ အားပေးတော့မယ်"

ထိုအခြေအနေများကြောင့် ဦးစိန်လှမြင့်က ခင်မောင် ကျော်ကို မေးသည်။

"အခြေအနေ ဘယ်လိုလဲ ခင်မောင်ကျော်"

"သိပ်တော့မကောင်းဘူးဦးလေး၊ ညက အခြေအနေ ကြောင့် လူတွေက အတော်ကလေး စိတ်ပျက်နေကြပုံရတယ်၊ ဒီည မြလေးတင် ကောင်းကောင်းမကနိုင်ရင်တော့ ပွဲပျက်မှာပဲ"





"မြလေးတင်က ကနိုင်ဖို့နေနေသာ အိပ်ယာထဲက ထောင် မထနိုင်တော့ ဘယ်လိုလုပ်မလဲ"

"ဒီအချိန်ရောက်တော့မှတော့ အခြားမင်းသမီးတစ် ဆက်ခေါ်ပြီး အစားထိုးကဖို့လည်း မဖြစ်တော့ဘူး၊ ပွဲပြိုင်က တော့မှာ ဒီလိုဖြစ်ရတယ်လို့၊ ဒုက္ခပါပဲဗျာ"

ဟု ဆေးပေါ့လိပ်တွင်တွင်ဖွာပြီး ညည်းညူနေလေတော့ သည်။

ထိုအခါ ဦးစိန်လှမြင့်လည်း သမီးဖြစ်သူ မြဝင်းသူနှင့် တိုင်ပင်ရလေသည်။

"အဖေတို့ ဒီညအဖို့ တစ်ခုခုတော့ အစီအစဉ်လုပ်မှ ဖြစ်မယ် သမီး"

"ကျွန်မစဉ်းစားထားတာ တစ်ခုရှိတယ်၊ ကိုနီမောင်နဲ့ ပါလာတဲ့ စောမာလာနဲ့ အစားထိုးကရင် ဘယ်လိုနေမလဲ"

"ဖြစ်မယ် မထင်ဘူး၊ သူက ဝါသနာပါတာပဲရှိတယ်. . အဝင်ဝွင်ကျဖြစ်အောင် ကနိုင်မယ်မထင်ဘူး၊ တော်ကြာ. . ဇာတ်စင်ပေါ်ရောက်မှ အခြေအနေပိုဆိုးနေရင် ပိုပြီး အရှက်ရ သိမ့်မယ်. ."

"ကျွန်မမေးမြန်းကြည့်ချင်သေးတယ်. ."

"သူတို့က ပြန်သွားပြီမဟုတ်လား"

"မပြန်သေးဘူး၊ ကျွန်မ အကူအညီတောင်းထားလို့ စောင့်နေကြတယ်"

"ဒါဖြင့်လည်း ခေါ်ခဲ့ပါဦး၊ မေးမြန်းကြည့်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သိရတာပေါ့"

ဟုပြောသဖြင့် မြဝင်းသူလည်း နီမောင်နှင့် စောမာလာ တို့နှစ်ယောက်ကို ခေါ်လာလေသည်။

"နီမောင်ရေ ညကအခြေအနေကတော့ အတော် လေး ဆိုးသွားတယ် ဒီညလည်း ခေါင်းဆောင်မင်းသမီးက က မယ်မထင်ဘူး"

"ကျွန်တော်တို့ ဘယ်လိုအကူအညီပေးရမလဲ"

"ဒီမိန်းကလေးကို မေးမြန်းကြည့်ချင်လို့ပါ။ သူက အငြိ ခွင်နဲ့ ပတ်သက်ပြီး ဘယ်လိုပညာတွေများ တတ်သလဲဆိုတာ"

ဦးစိန်လှမြင့်က စောမာလာကို တစ်ချက်ကြည့်ပြီး စကားရပ်လိုက်လေသည်။ ထိုအခါ စောမာလာက တည်ငြိမ် သောအသံနှင့် ပြန်ပြောလေသည်။

"ဦးလေးတို့မှာ အခက်အခဲဖြစ်နေရင် ကျွန်မ အကူအ ညီပေးပါ့မယ်၊ အခုကနေတဲ့ ပွဲခွင်တစ်ခုလုံး ကျွန်မ ကပေးနိုင် တယ်"

ထိုစကားကြားသောအခါ အနားမှာရှိသော နီမောင် သာမက မြဝင်းသူတို့ သားအဖပါ အံ့ဩသွားကြလေသည်။

"မိန်းကလေး တကယ်ပြောတာလားကွယ့်"

"တကယ်ပြောတာပါရှင်. . ၊ မလုပ်ပေးနိုင်ဘဲနဲ့ ဒီလိုမပြောဝံ့ပါဘူး"

"ဒါထက် မေးပါရစေဦး၊ ဒီပညာတွေကိုရော ဘယ်အ ချိန်ကသင်ကြားဖူးခဲ့သလဲ"





"ကျွန်မတို့က သဘင်သည်မျိုးရိုးဖြစ်ပါတယ်၊ ကျွန်မ ခင်က အငြိမ့်မင်းသမီးကြီးတစ်ဦးဖြစ်ပါတယ်၊ ကျွန်မအမေနဲ့ အဘိုးက ဒီပညာတွေကို သင်ကြားပေးခဲ့တာပါ၊ ဦးလေးတို့ မယုံ ကြည်ရင် ဇာတ်ခွင်မှာကမယ့်ဆိုမယ့် သီးချင်းတွေ ကကြိုးက ကွက်တွေကို ပတ္တလားဆရာနဲ့ ခေါ်ပြီး စမ်းသပ်ကြည့်နိုင်ပါတယ် ရှင်. . "

ဟု ရဲရဲတင်းတင်းပင်ပြောရာ မြဝင်းသူတို့လည်း များစွာ ဝမ်းသာသွားကြလေသည်။ ထို့နောက် ပတ္တလားဆရာအပါ အဝင် တီးဝိုင်းသမားများခေါ်ပြီး သီချင်းတိုက်သောအခါ သီချင်း အတော်များများကို ချောချောမွေ့မွေ့ သီဆိုနိုင်လေသည်။

ကကြိုးကကွက်များတိုက်တော့လည်း ခေါင်းဆောင် မင်းသမီးနှင့်မခြား ကပြနိုင်လေရာ အားလုံးက ဝမ်းသာသွားကြ လေသည်။

ထို့နောက် ဦးစိန်လှမြင့်က ခင်မောင်ကျော်ကို ချက်ချင်း ခေါ်ပြောလေသည်။

"ခင်မောင်ကျော်ရေ ဒီကနေ့ညတော့ ခေါင်းဆောင် မင်းသမီးအသစ်နဲ့ ကပြဖျော်ဖြေမယ့်အကြောင်း ကြော်ငြာမောင်း ခတ်ပေတော့ဟေ့. . . "

"ချက်ခြင်းကြီး ဘယ်ကမင်းသမီး အသစ်ရပြီလည်း. . ဦးလေး"

"ညရောက်တော့ မြင်ရစေမပေါ့"

"ဟုတ်ပါ့မလား ဦးလေးရယ်၊ ပွဲကတော့မှ ကသောင်း



www.burmeseclassic.com

www.burmeseclassic.com



ကနင်းထပ်ဖြစ်ရင်တော့ တစ်ရှက်ကနေ နှစ်ရှက်ရသလို ဖြစ်
ပါဦးမယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ၊ ငါပြောသ
သာ ကြေငြာမောင်းခတ်စမ်းပါ"

"ဒါထက် ဒီညကမယ့် ခေါင်းဆောင်မင်းသမီးရဲ့ နာမည်
ကိုဘယ်လိုကြေငြာပေးရမှာလဲ"

ဦးစိန်လှမြင့် အနည်းငယ်စဉ်းစားနေပြီးမှ . . .

"မြမာလာ . . . လို့သာ ကြေငြာလိုက်ဟေ့"

ဟုပြောလိုက်ရာ ခင်မောင်ကျော် ပြန်ထွက်သွားလေ
တော့သည်။ ထို့နောက်မှာတော့ ဒီညကမည့် မြသရဖူအငြိမ့်အ
တွင် အသံလည်းကောင်း၊ ရုပ်လည်းချောသော ခေါင်းဆော
မင်းသမီး မြမာလာ ကပြအသုံးတော်ခံမည့်အကြောင်း ကြေငြ
လေတော့သည်။

ခေါင်းဆောင်မင်းသမီးအသစ်နှင့် ကပြမည်ဆိုသော
ကြောင့် စိတ်ဝင်စားသူများ ရှိလာလေသည်။

ရုံပေါက်ဝမှ အသံချဲ့စက်ဖြင့် ကြေငြာ၍သော်လည်း
ကောင်း၊ ပွဲဈေးတန်းတလျှောက် မောင်းခတ်ကြေငြာ၍သော်
လည်းကောင်း မြမာလာမင်းသမီးအကြောင်းကို ကြေငြာလေ
ကြရာ ဖျာဝယ်သူအချို့ပင် ရောက်လာကြလေတော့သည်။

ထိုအခြေအနေအတွက် မြဝင်းသူတို့က ဝမ်းသာနေကြ
သော်လည်း ဝမ်းမသာနိုင်သူတစ်ဦးကတော့ ရှိနေလေသည်။

နီမောင်ပင်ဖြစ်သည်။ နီမောင် စိတ်ထဲမှာ စောမာလာ





အတွက် များစွာစိတ်ပူနေလေသည်။

စင်ပေါ်ရောက်မှ အဆင်မပြေဖြစ်ပြီး အရှက်တကွဲအ
နည်းဖြစ်မည်ကို စိုးရိမ်နေမိလေသည်။

ထိုအခြေအနေကို ရိပ်မိသဖြင့် စောမာလာက အနား
ပြီး ပြောသည်။

"အစ်ကို ဘာမှစိတ်မပူနဲ့၊ ညကျတော့မှ ကျွန်မ ကတာ
ဇာတ်စင်ရှေ့က ဆင်းကြည့်ပါ၊ တစ်ချက်မမှားစေရပါဘူး"

ဟု ရဲရဲဝံ့ဝံ့ အာမခံလေသည်။

"ဒီပညာတွေ တတ်တယ်ဆိုတာ အစကတည်းက ဘာ
ကြောင့်မပြောတာလဲ"

"အချိန်မကျသေးလို့ မပြောတာပါ၊ ကျွန်မကို စိတ်မဆိုး

"စိတ်ဆိုးလို့ ပြောတာမဟုတ်ပါဘူး၊ မင်းတစ်ခုခုလွဲချော်
မှာ စိုးရိမ်နေမိလို့ပါ . . ."

"ဘာမှမဖြစ်စေရပါဘူး အစ်ကိုရယ်၊ စိတ်မပူပါနဲ့"

ဟု ပြောသွားလေသည်။

ညဘက်ပွဲထွက်တော့ ရုံထဲမှာ လူတဝက်ပင်မရှိပေ။

ရွှေလိပ်ပြာကြည်ကြည်မေကတော့ ရုံရှေ့မှာတောင်
ပရိသတ်များက ကြိတ်ကြိတ်တိုးနေကြပေပြီ။

ရှေ့ထွက်မင်းသမီး၊ အလယ်ထွက်မင်းသမီးထွက်ပြီး
သည်အထိ ပရိသတ်က ပုံမှန်အခြေအနေသာရှိနေသည်။

ညဉ့်နက်ပိုင်းရောက်ပြီး ခေါင်းဆောင်မင်းသမီး မြမာ



www.burmeseclassic.com

www.burmeseclassic.com



လာထွက်တော့မည့်အကြောင်း ကြေငြာလိုက်သောအခါ လူ
လှုပ်ရှရှဖြစ်လာကြသည်။

ပွဲဈေးတန်းဘက်ရောက်နေသူများပင် မယောင်မလည်
နှင့် ရုံထဲဝင်လာပြီး အခြေအနေကြည့်ကြသည်။

*"မြရည်နန္ဒာ xxx အိုင်မှာရေခင်း xxx ကြည်လင်
xxx ကြည်လင်စွာ xxx ကြာသီချင်းထွင်ကာ x
ဒုမ္ဗတိပြန့်လှိုင်ရာ xxx ချစ်ကြတာ xxx နှစ်ကျ
xxx ခေတ်သမယအခါက အတိတ်ဟာတနဲ xxx
ရှည်လရှည် စွဲကြလေသမျှ xxx မေတ္တာဂရုဏာ x
မုဒိတာ ဥပေက္ခာ xxx ပါဠိစာအညွှန်း xxx တရာ
တယ် ကိုးဆယ်ဖြာ xxx နိုင်ငံတကာမွှေလို x
"မြမာလာလေး". . ကျော်ခဲ့တာ ငါးရာ့နှစ်ဆယ့်
မေတ္တာ. . ."*

ခေါင်းဆောင်မင်းသမီးထွက်လာတော့ အဖွင့်သီချ
ဆိုစဉ်မှာပင် သူအမည်ပါအောင် ထည့်ဆိုသွားသည်။

စောမာလာအသံက အသံကောင်းရုံသာမကပဲ ပါး
ရှင်အသံမျိုးဖြစ်သည်။ မင်းသမီး မြမာလာ၏ သီချင်းသံသ
ဇာတ်ရုံထဲမှာသာမကပဲ ပွဲခင်းထဲအထိ ရောက်သွားလေတေ
သည်။

အသံကောင်းလှသည်ကတစ်ကြောင်း၊ အသံနေအ
ထားနှင့် သီချင်းဆိုပုံကောင်းလှသည်ကတစ်ကြောင်း ကြားရ
တိုင်း နားစွင့်လာကြသည်။





"ဟိုဘက်ရုံက ခေါင်းဆောင်မင်းသမီးအသံက ကောင်း
ချည်လားဟ. . ."

ထိုသို့ပြောရင်းနှင့် မိုးတိုးမတ်တပ် အခြေအနေ ဝင်
ကြည့်ကြသည်။ ထိုသို့ကြည့်ရင်းနှင့် တဖြည်းဖြည်းနှင့် ဇာတ်ရုံ
ထဲမှာ လူပြည့်လာလေတော့သည်။

စောမာလာက အသံကောင်းရုံမကပဲ အကလည်း
ကောင်းသည်။ တီးဝိုင်းနှင့် တစ်ထပ်တည်းကျအောင် ကပြနိုင်
သည်။ ပရိသတ်က တဝေါဝေါ၊ တသောသောနှင့် သဘောကျ
ကြီးကျနေကြသည်။

"ခေါင်းဆောင်မင်းသမီးက ရုပ်လည်းချောသဟ၊ အသံ
ကလည်း ကောင်းမှကောင်း၊ ကတာကျတော့လည်း ကိန္နရာလေး
ခုန်နေသလိုပဲ လှလိုက်တာ၊ နောက်ညတော့ ဒီရုံမှာပဲ ပွဲကြည့်
တော့မယ်"

ဟု ပြောဆိုချီးကျူးကြလေသည်။

ရှေ့ဆုံးမှ ထိုင်ကြည့်နေသော နီမောင်လည်း ထိုအခြေ
အနေကို မြင်တော့မှ စိတ်သက်သာရာရပြီး ဝမ်းသာနေမိလေ
သည်။

"နီမောင် မင်းကောင်မလေးက တယ်ဟုတ်နေပါလား၊
တောထဲတောင်ထဲမှာနေတယ်လို့တောင် ထင်စရာမရှိဘူး၊ အခု
တော့လည်း တကယ့်အငြိမ့်မင်းသမီးကြီး ကျနေတာပဲ"

ဟု ငမဲအောင်က ပြောသည်။

"ငါ့ကောင်မလေး မဟုတ်ပါဘူးကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်းနဲ့ပတ်သက်ပြီး ခေါ်လာတာ မဟုတ်လား၊ ဒါထက် ဒီပညာတွေကို သူက ဘယ်တုန်းက တတ်နေတာလဲ"

"ငါလဲ ဘယ်သိပါ့မလဲ"

ထိုသို့ပြန်ပြောတော့ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က ရယ်နေကြသည်။

ထိုနေ့ညအတွက်တော့ မြသရဖူ အငြိမ့်အဖွဲ့အတွက် အောင်မြင်မှုပြန်ရသည်ဟု ဆိုရပေတော့မည်။

ခေါင်းဆောင်မင်းသမီး မြမာလာ စထွက်ကတည်းက တဖြည်းဖြည်းနှင့် ပရိသတ်ပြန်များလာရာ ပွဲသိမ်းတော့ ရုံပြည့်ရုံလျှံဖြစ်နေချေပြီ။

ထိုမျှသာမကသေးဘဲ နောက်တစ်ညအတွက် ဖျာလက်မှတ် ကြိုတင်ဝယ်ယူနေကြရာ မိုးလင်းစကတည်းက လက်မလည်အောင် ရောင်းချပေးနေကြရပေသည်။

မနက်လင်းတော့ မြဝင်းသူက နီမောင်တို့ကို ကျေးဇူးစည့်ခံရင်းနှင့်ပြောသည်။

"ကျွန်မတို့ အငြိမ့်အဖွဲ့ ဒုက္ခရောက်တော့မယ်ဆဲဆဲမှာ ကိုနီမောင်တို့ ဝင်ပြီးအကူအညီပေးလိုက်တာပဲ၊ ဒီအတွက် ထပ်ပြီး ကျေးဇူးတင်ရမှာပါပဲ"

"အခုအခြေအနေကတော့ ကျွန်တော်ကို ကျေးဇူးတင်ဖို့မလိုပါဘူး၊ စောမာလာကိုပဲ ကျေးဇူးတင်ကြရမှာပါ"

"ကျွန်မသူနဲ့လည်း တွေ့ပြီးပါပြီ၊ သူက သူ့ကိုခေါ်လာ





ဆဲတဲ့ ကိုနီမောင်ကိုသာ ကျေးဇူးတင်ဖို့ ပြောပါတယ်. . ."

"ဘာပဲဖြစ်ဖြစ်ပေါ့လေ မြဝင်းသူတို့ အခုလိုအဆင်ပြေသွားတာမြင်တော့ ဝမ်းသာမိပါတယ်"

ဟုသာ ပြန်ပြောလိုက်ရလေသည်။

သုံးရက်မြောက်ကသောညမှာတော့ ပွဲစကတည်းက အတင်ရုံထဲမှာ လူပြည့်နေချေပြီ။

တစ်ဖက်ရုံတွင် ကနေသော ရွှေလိပ်ပြာ ကြည်ကြည်မေကသောရုံမှာတော့ ပရိသတ်တစ်ဝက်ပင် မပြည့်တော့ပေ။

နောက်ဆုံး ညမှာတော့ စောမာလာကလည်း သူတတ်သောပညာနှင့် အစွမ်းကုန် တင်ဆက်ကပြရာ ပွဲကြည့်ပရိသတ်တို့မှာ သဘောအကျကြီးကျလျှက် တဝါဝါ တသောသောနှင့် ရှိနေကြလေပြီ. . .။

ယခင်ညကစဉ်က လက်ထောက်မင်းသမီးနှင့်၊ ရှေ့ထွက်မင်းသမီးတို့က သူတို့ရှိနေပါလျှက် သူတို့ကို ခေါင်းဆောင်မတင်ဘဲ အခြားမှ အမျိုးသမီးကို ခေါင်းဆောင်အဖြစ် ကစေသဖြင့် မကျေမနပ်ဖြစ်ကြသေးသည်။

တကယ်ကသောအခါကျမှ စောမာလာတွင် သူတို့လိုက်မမီသော သဘင်ပညာများရှိနေသည်ကို အကဲခတ်မိကြသဖြင့် ပြောသာတော့ဘဲ ရှိနေကြပေသည်။

ပွဲသိမ်းတော့ နီမောင်တို့လည်း စောမာလာကိုပါ ခေါ်ပြီး ပြန်ရန် ပြင်ကြလေသည်။

ထိုအခါ မြဝင်းသူက စောမာလာကို ညကြေးငွေများ



www.burmeseclassic.com

www.burmeseclassic.com



ပေးသောအခါ စောမာလာက မယူပေ။

"ကျွန်မ စေတနာနဲ့ ဝင်ပြီး အကူအညီပေးတာပါ၊ ဒီငွေတွေကို မယူပါရစေနဲ့"

"ယူပါ ညီမရယ်၊ မမတို့ကို အခုလို လာပြီးအကူအညီပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ နောက်ပြီး ငါ့ညီမကို ပြောစရာရှိပါသေးတယ်"

"ဘာများပါလိမ့်၊ ပြောစရာရှိရင် ပြောပါမမ"

"တခြားတော့ မဟုတ်ပါဘူးကွယ် ဒီပုံအတိုင်းဆိုရင်တော့ ခေါင်းဆောင်မင်းသမီး မြလေးတင်က ဆက်ကနိုင်တော့မယ်မထင်ဘူး၊ ဒါကြောင့် သူမကနိုင်သေးခင်မှာ ကြားထဲမှာ လက်ခံထားတဲ့ ပွဲတွေကို ငါ့ညီမအနေနဲ့ လိုက်ကပေးပါလား"

"ကျွန်မအနေကတော့ ကပေးချင်ပါတယ်၊ ဒါပေမယ့် ကျွန်မမှာ အုပ်ထိန်းသူတွေ ရှိသေးတော့ ခွင့်ပန်ကြည့်ရပါဦးမယ်၊ အဆင်ပြေရင်တော့ အစ်ကိုနဲ့အတူလာပြီး အကူအညီပေးပါ့မယ်"

ဟု နီမောင်ကိုပါ တစ်ခါတည်းဆွဲထည့်ပြီး ကတိပေးလိုက်လေရာ နီမောင်လည်း ဘာမှမပြောသာတော့ပေ။

နောက်တော့ ၎င်းတို့ကို နှုတ်ဆက်ပြီးနောက် ရွာသို့ ပြန်ခဲ့ကြလေတော့သည်။









## အခန်း (၉)

# သရဲကြောက်သော လူမိုက်များ

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး ရွာသို့ပြန်ရောက်တော့ နီမောင်တို့လည်း ထိုအကြောင်းများကို မေ့ထားလိုက်ကြပြီး မိမိတို့အလုပ်များ လုပ်ကြရလေသည်။

နီမောင်တို့ သုံးယောက်ကတော့ တောထဲဝင်ပြီး ပျားရည်နှင့် ဆေးဘက်ဝင်ပစ္စည်းများ ရှာဖွေစုဆောင်းကြလေသည်။

ပျားရည်ရှာဖွေသောအလုပ်မှာ အခြားပစ္စည်းရှာဖွေရသည်နှင့် မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီမရောက်ခင်သာ ရှာဖွေ၍အဆင်ပြေပြီး မိုးကျလာလျှင်တော့ ရိုးမတောထဲ ဝင်၍မကောင်းတော့ပေ။

ရာဦဥတုဆိုးလာလျှင် အခြားအန္တရာယ်ထက် ငှက်ဖျားရောဂါဝင်မှာက ပိုပြီးကြောက်စရာကောင်းသည်။

ထို့ပြင် ပျားလိုက်၍လည်း မကောင်းတော့ပေ။

နှစ်စဉ် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများရောက်လျှင် တောတောင်များထဲမှာ သဘာဝတောပန်း၊ တောင်ပန်းများ စုံလင်အောင် ပွင့်ကြသဖြင့် ပျားရည်လည်းပေါသည်။

ထိုအချိန်တွင် ပျားရည်ရှာဖွေရတာ အဆင်ပြေပြီး အကောင်းဆုံးအချိန်လည်းဖြစ်သည်။

ယခု တန်ခူးလကျော်လာပြီဖြစ်သဖြင့် ပျားရည်ရှာဖွေ၍ ရနိုင်ကြသေးသည်။

ထို့ကြောင့် အခြားအကြောင်းများ ဘေးဖယ်ထားပြီး မိမိတို့ အဓိကကျသော အလုပ်များကို ကြိုးစားလုပ်ကိုင်ကြရပေသည်။

သို့သော်လည်း နီမောင်စိတ်ထဲမှာတော့ မကြာခဏဆိုသလို စောမာလာဆိုသော မိန်းကလေးကို သတိရနေသည်။

ဘုရားကြီး ဘုရားပွဲမှ ပြန်လာကြပြီးကတည်းက သူမနှင့်ထပ်မတွေ့ရတော့ပေ။

သို့သော်လည်း စောမာလာမှာ သာမန်မိန်းကလေးတစ်ယောက်မဟုတ်မှန်းတော့ စိတ်ထဲမှ သိနေမိသည်။

တစ်နေ့တော့ နီမောင်နေသောအိမ်သို့ ဦးစိန်လှုမြင့်





နှင့်မြဝင်းသူတို့ ရောက်လာပြီး အကူအညီတောင်းကြသည်။

ခေါင်းဆောင်မင်းသမီး မြလေးတင်မှာ ရောဂါအသည်းအသန်ဖြစ်နေသောကြောင့် ယခုနှစ်တော့ မကနိုင်တော့ပေ။

ထို့ကြောင့် စောမာလာကိုပင် ခေါင်းဆောင်မင်းသမီးအနေဖြင့် လာရောက်ကပေးပါရန် ပြောဆိုကြခြင်းဖြစ်လေသည်။

"သူနေတဲ့ရွာက တောထဲမှာဆိုတော သွားရတာ ခက်ခဲပါတယ်၊ ဦးလေးတို့ အခက်အခဲဖြစ်နေတာကို သူနဲ့တွေ့ရင် ကျွန်တော်ပြောပြပေးပါ့မယ်၊ သူလက်ခံမယ်ဆိုရင်တော့ ရန်ကုန်ကို ခေါ်လာပေးပါ့မယ်"

ဟုပြောလိုက်တော့မှ ပြန်သွားကြလေသည်။

နီမောင်လည်း ကတိပေးလိုက်ပြီဖြစ်သောကြောင့် အလုပ်နားသောနေ့တွင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပါခေါ်ပြီး ကျောက်ပြာသာဒ်ရွာသို့ တစ်ခေါက်ပြန်သွားလေသည်။

တစ်ခေါက်သွားဖူးသောကြောင့် ဖြောင့်ဖြောင့်တန်းတန်းပင် ရောက်အောင်သွားနိုင်ကြလေသည်။

ထိုရွာရောက်တော့ စောမာလာနှင့် တွေ့ရသဖြင့် အကျိုးအကြောင်း ပြောပြလိုက်သည်။ ထိုအခါ စောမာလာက. . .

"ဘုရားပွဲက ပြန်လာကတည်းက အဘိုးနဲ့ ကျွန်မမိဘတွေဆီမှာ ခွင့်တောင်းထားပြီးသားပါ၊ သူတို့က ခွင့်ပြုပေးကြပါတယ်၊ ဒါပေမယ့် ကျွန်မတစ်ယောက်တည်းတော့ သွားခွင့်မပေးကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ဘယ်သူတွေခေါ်မှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အစ်ကိုလိုက်ပြီး စောင့်ရှောက်ပေးမယ်ဆိုရင်တော့ ကျွန်မကို သွားခွင့်ပေးမယ်လို့ ပြောကြတယ်"

ထိုစကားကြားတော့ များစွာအံ့သြသွားလေသည်။

"အစ်ကိုလိုက်ခဲ့လို့ သင့်ပါ့မလား"

"အစ်ကိုက ကျွန်မနဲ့ အတူတူ မသွားချင်လို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဘေးကလူတွေက တစ်မျိုးမြင်ကြမှာစိုးလို့ပါ"

"ကျွန်မဘက်မှာတော့ အဲဒီလို ထင်မယ့်သူမရှိဘူး၊ အစ်ကို့ဘက်မှာရော ရှိသလား"

ထိုသို့မေးလာတော့ မျက်နှာပူသွားလေသည်။

"ဒီလိုတော့ မရှိပါဘူး၊ ဒါပေမယ့် ဒီမှာအလုပ်တွေက ရှိနေလေတော့. . ."

"ဒါတွေကို ကျွန်မစဉ်းစားထားပြီးသားပါ၊ ကျွန်မပွဲကလို့ ရတဲ့ညကြေးအားလုံး အစ်ကို့ကိုပေးပါ့မယ်၊ ကျွန်မ မယူပါဘူး"

"ဒီလိုတော့ မယူပါရစေနဲ့၊ စောမာလာ ခေါ်ရင်လိုက်ခဲ့ပေးပါ့မယ်"

ဟုပြောလိုက်တော့မှ ကျေနပ်သွားသော အမူအယာဖြင့် ပြုံးလိုက်လေသည်။

"အစ်ကို လိုက်မယ်ဆိုရင်တော့ အဆင်ပြေတဲ့ရက်မှာ





သွားကြတာပေါ့ တစ်ခုတော့ မှာထားရဦးမယ်"

"ဘာများလဲ. ."

"တခြားတော့ မဟုတ်ဘူး၊ အငြိမ့်အဖွဲ့ဆိုတာ. . . ယောကျ်ားတွေ မိန်းမတွေရောနှောပြီး နေကြရတဲ့ နေရာမျိုးပဲ၊ တချို့က စည်းကမ်းထားကြတယ်၊ တချို့က စည်းကမ်းမထားကြဘူး၊ ဒီတော့ ဟိုရောက်ရင် အစ်ကိုအနေနဲ့ ဘယ်အမျိုးသမီးနဲ့မှ ရောရောနှောနှော မနေပါဘူးလို့ ကတိပေးထားရမယ်. ."

"ဘယ်လိုကြောင့်လဲ"

"ဟိုရောက်ရင်. . အစ်ကိုက ကျွန်မရဲ့ချစ်သူဆိုပြီ ပြောထားမှာလေ၊ ဒါမှ ကျွန်မအတွက် လုံခြုံမှုရမှာပေါ့၊ ဒါကိုရော အစ်ကို့အနေနဲ့ လက်ခံပေးနိုင်ရဲ့လား"

နီမောင်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"မင်းလို ချောမောလှပတဲ့ မင်းသမီးရဲ့ချစ်သူဖြစ်ရတာတော့ ဂုဏ်ယူစရာမရှိပါဘူး၊ ဒီအခြေအနေမျိုးက တစ်သက်လုံးနေရရင်တောင်မှ ငြင်းစရာအကြောင်းမရှိပါဘူး"

ဟုပြန်ဖြေလိုက်ရာ စောမာလာမျက်နှာပေါ်မှာ ပန်းနုရောင်သမ်းသွားလေတော့သည်။

"ဒီအခြေအနေမျိုးကို တကယ်ပဲ တစ်သက်လုံး နေပေးသွားနိုင်မှာမို့လား"

"မင်းဘက်ကလက်ခံမယ်ဆိုရင် နေပေးပါ့မယ်"

စောမာလာက ရှက်ပြုံးကလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘက်က လက်ခံပေးနိုင်ပါတယ်၊ အစ်ကို့ဘက်ကသာ ကတိမပျက်ပါစေနဲ့"

"မပျက်စေရပါဘူး၊ ဒါဖြင့် ဘယ်တော့သွားကြမှာလဲ"

"မနက်ဖြန်ဆိုရင် သွားလို့ရပါပြီ၊ ကျွန်မနဲ့ အဖော်တစ်ယောက်တော့ ခေါ်ခဲ့ပါ့မယ်"

ထိုသို့ပြောသဖြင့် နီမောင်လည်း အတန်အသင့် စိတ်သက်သာရာ ရသွားလေသည်။

ညဘက်ရောက်တော့ စောထီးနှင့် ငမဲအောင်ကမေးသည်။

"နီမောင် မင်းသူနဲ့ လိုက်သွားမှာလား"

"အေး. . လိုက်သွားရမယ်၊ မင်းတို့နှစ်ယောက်ရော လိုက်ခဲ့မလား"

"ငါတို့က အလုပ်မှမရှိတာ မလိုက်တော့ပါဘူး"

"ခဏတော့ လိုက်ခဲ့ပေးပါဦး။ ငါတို့လည်း သိပ်ကြာမှာမှ မဟုတ်လား"

"လိုက်ဆိုတော့လည်း လိုက်ခဲ့ရုံပေါ့ဗျာ. . ၊ အလုပ်မရှိတော့လည်း ဇာတ်သေတ္တာထမ်းဆိုထမ်း၊ ကားဆွဲဆိုတော့လည်း ဆွဲလိုက်ရုံပဲပေါ့"

ဟု ပြောကြလေသည်။

နောက်တစ်နေ့မှာတော့ ကျောက်ပြသာဒ်ရွာမှ ပြန်လာကြလေသည်။

စောမာလာပါ တစ်ပါတည်းလိုက်လာပြီး သူမနှင့်အတူ





အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးပါ ပါလာသည်။ နီမောင်တို့ရွာရောက်တော့ တစ်ရက်နားပြီး အစီအစဉ်လုပ်ကြရလေသည်။

နောက်တစ်ရက်ရောက်မှ ပဲခူး၊ ရန်ကုန်ပြေးဆွဲနေသော မော်တော်ကားများဖြင့် ရန်ကုန်သို့ လိုက်သွားကြလေသည်။ နီမောင်တို့က သုံးယောက်၊ စောမာလာတို့က နှစ်ယောက်ဆိုတော့ စုစုပေါင်း ငါးယောက်ဖြစ်သည်။

ရန်ကုန်ရောက်တော့ ဦးစိန်လှမြင့်တို့ နေအိမ်သို့ မေးမြန်းစုံစမ်းပြီး သွားကြလေသည်။

သူတို့ရောက်သွားတော့ မြဝင်းသူမှာ များစွာဝမ်းသာသွားလေသည်။

"ဟော. . ကိုနီမောင်တို့ ရောက်လာကြပြီ၊ စောမာလာလည်း တစ်ခါတည်း ပါလာတယ်၊ အဆင်ပြေလိုက်တာ"

ဟုပြောပြီး နေရာထိုင်ခင်းများချပေးလေသည်။

"အခု တစ်ရက်နှစ်ရက်ဆိုရင် ပွဲဝင်ရတော့မယ်. . ၊ အခုလို အချိန်မီရောက်လာတာ ဝမ်းသာလိုက်တာရှင်. . ."

"ဒါကြောင့် သူ့ကိုတစ်ပါတည်း ခေါ်လာခဲ့တာပါ. ."

"ဘာပဲဖြစ်ဖြစ် လိုက်လာတဲ့ စောမာလာကို ကျေးဇူးတင်သလို ကိုနီမောင်ကိုလည်း ကျေးဇူးတင်ရမှာပါပဲ"

"ကျွန်တော်ကိုတော့ ဒီလောက် ကျေးဇူးတင်စရာမလိုပါဘူး၊ စောမာလာက အဓိကကျပါတယ်"

"ဒါထက် ကိုနီမောင်တို့ကို ဘယ်လိုစီစဉ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဒီမှာရှိနေတဲ့ ရက်တွေမှာတော့ ကျွန်တော်တို့လည်း ဒီမှာပဲနေပေးကြရမယ်၊ ဒီနေရာနဲ့ မနီးမဝေးမှာ အခန်းတစ်ခန်း ရှာငှားပြီး နေမလားလို့ စိတ်ကူးထားပါတယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ ဟိုဘက်နားမှာ ကျွန်မတို့ပိုင် အိမ်တစ်လုံးရှိတယ်၊ အောက်ထပ်မှာတော့ ဇာတ်ပစ္စည်းတွေ ထားတယ်၊ အပေါ်ထပ်မှာ အကျယ်ကြီးပါပဲ၊ ကိုနီမောင်တို့ လွတ်လွတ်လပ်လပ် နေလို့ရပါတယ်"

"ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေ လား"

"မဖြစ်ပါဘူးရှင်၊ ကိုနီမောင်တို့ အခုလို နေပေးကြ ကျွန်မတို့အတွက် ပိုပြီးအားရှိစရာပါပဲ"

ဟုပြောပြီး သူမကိုယ်တိုင် ထိုအိမ်သို့ လိုက်ပို့ပေးသည်။

အိမ်မှာ နှစ်ထပ်တိုက်ခံအိမ်ဖြစ်ပြီး အောက်ထပ်တွ ဇာတ်ပစ္စည်းများရှိပြီး အပေါ်ထပ်မှာတော့ ဘာမှမရှိပေ။ အခ နှစ်ခန်းရှိသဖြင့် တစ်ခန်းက စောမာလာတို့နှစ်ယောက်နေပြီ ကျန်တစ်ခန်းက နီမောင်တို့သုံးယောက် နေကြသည်။

ထိုရောက်ပြီး နောက်ရက်မှာပင် စောမာလာမှာ ဇာ အဖွဲ့နှင့် ဇာတ်တိုက်နေရပြီဖြစ်သည်။

နောက်ရက်တွင် ပွဲဝင်ရမည်က မယ်လမုဘုရားပွဲဖြ သည်။

(၁၉၃၅)ခုနှစ်ဝန်းကျင်လောက်က မယ်လမုဘုရား သော နေရာတစ်ဝိုက်မှာ စည်ကားမှုမရှိလှသေးပေ။





ကျောက်ရေတွင်းဘက်မှာသာ လူနေအိမ်ခြေများပြီး အခြားနေရာများမှာတော့ သာမန်အနေအထားလောက်သာ ရှိသည်။

သို့သော် မယ်လမု ဘုရားပွဲရောက်လျှင်တော့ အတော် စည်ကားသည်။

မယ်လမုဘုရားပွဲ ကျင်းပသောရက်မှာ ရက်ရှည်သဖြင့် အနယ်နယ်အရပ်ရပ်မှ ချပွဲဈေးသည်များ လာရောက်ရောင်းချ ကြသည်။

လမ်းမကြီးတစ်လျှောက်မှာ ဈေးတန်းများက တမျှော် တခေါ် ရှိနေတတ်သည်။

ထိုအချိန်က ဘုရားပတ်ဝန်းကျင်တစ်ဝိုက်တွင် လူနေ အိမ်များမရှိသေးဘဲ သစ်တောများနှင့် လယ်ကွက်များသာရှိ သည်။ ပွဲတော်ရက်ရောက်လျှင် ထိုမြေကွက်များတွင် ဇာတ်ရုံ များထိုးလျက် ဇာတ်ပွဲ အငြိမ့်ပွဲများ ကပြကြသည်။

တစ်ညလျှင် ဇာတ်၊ အငြိမ့် နှစ်ဖွဲ့ကပြကြသည်။ ကပြ မယ့်ရက်ကို ကြိုတင်စာရင်းပေးထားကြရသဖြင့် ရသောရက်တွင် ကျသောအဖွဲ့နှင့် စင်ပြိုင်ကပြလေ့ရှိကြသည်။

မြသရဖူအငြိမ့်မှာ မယ်လမုဘုရားပွဲတွင် ကပြရန် ရုံရက် ရထားပြီဖြစ်လေသည်။

သူတို့နှင့်အတူ ကပြမည့်အဖွဲ့ကိုတော့ မသိရသေးပေ။ ပွဲရက်နီးတော့မှ ခင်မောင်ကျော်က ပြောသည်။

"ကျွန်တော်တို့တော့ ကံဆိုးပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်လဲ"

"ကျွန်တော်တို့ အဖွဲ့နဲ့ စင်ပြိုင်ကမယ့်အဖွဲ့က အခြား မဟုတ်ဘူး၊ ပုဏ္ဏားဘထွန်းထောင်ထားတဲ့ ဝင်းဝင်းကြည် အငြိမ့် အဖွဲ့ပဲ"

ထိုစကားကြားသောအခါ မျက်စိမျက်နှာ ပျက်သွားကြ လေသည်။

လူမိုက်များ ထောင်ထားသော ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့ တို့နှင့် မည်သူမှ စင်ပြိုင်မကဝံ့ပေ။

ကမိပါက အနှောင့်အယှက်နှင့်တွေ့ပြီး ပွဲပျက်တတ် ပေသည်။ စလင်းကွင်းမှာ ကစဉ်က ထိုကဲ့သို့ စင်ပြိုင်ကသဖြင့် ခဲမိုးရွာချခံရသဖြင့် ပွဲပျက်ခဲ့ရဖူးသည်။

"စလင်းကွင်းမှာကတုန်းကလည်း သူတို့အဖွဲ့နဲ့ဆုံလို့ ပွဲပျက်ခဲ့ရပြီး အခုဘယ်လိုလုပ်မလဲ ရုံရက်ကလည်း ချိတ်ထား ပြီးပြီ"

ဦးစိန်လှမြင့်က ပြောလိုက်သည်။

"တခြားရက်ပြောင်းယူဖို့လည်း ရုံရက်ကပြည့်နေပြီ၊ ခုမှ တော့ မထူးတော့ဘူး၊ ကရတော့မှာပဲ"

ဟု ခင်မောင်ကျော်ကပြောသည်။

ထိုအခါ စောမာလာက ဝင်ပြောလေသည်။

"ဒီလောက်လည်း စိတ်ပူမနေကြပါနဲ့၊ တခြားအနှောင့် အယှက်တွေ မဝင်နိုင်အောင် တားဆီးကာကွယ်လို့ ရပါတယ်"

ထိုစကားကြောင့် အံ့ဩသွားကြလေသည်။





"ဘယ်လို ကာကွယ်မှာလဲ မင်းသမီးရဲ့"

"ကျွန်မနဲ့ အပေါ်ပါလာတဲ့ အဖွားက ဒေါ်မင်းဇာလို့ ခေါ်တယ်. . ၊ သူက အဲဒီလို အဖျက်အဆီး၊ အနှောင့်အယှက် တွေကို ကာကွယ်ပေးနိုင်ပါတယ်၊ ကျွန်မပွဲကတဲ့ အချိန်မှာ ဘာမှ အနှောင့်ယှက်နိုင်အောင် သူလုပ်ပေးပါလိမ့်မယ်. . "

ထိုစကားကြားတော့ သိပ်တော့မယုံကြည်ကြပေ။

သို့သော်. . . ရေနစ်နေတုန်း ကောက်ရိုးတစ်မျှင် ဆိုသ ကဲ့သို့ အနည်းငယ် အားရှိစရာတော့ဖြစ်သည်။

ဤသို့ဖြင့် ပွဲဝင်သည့်ရက်သို့ ရောက်လာတော့သည်။ ပထမည ကပြစဉ်မှာတော့ အနှောင့်အယှက်မရှိပေ။ မြသရဖူ အငြိမ့်မှ ခေါင်းဆောင်မင်းသမီးက အသံလည်းကောင်း ရုပ်ရည် လည်းချောသည့်အပြင် အကလည်းကောင်းသောကြောင့် ပထမ ညမှာပင် ရုံပြည့်သည်အထိ အားပေးကြသည်။

ဝင်းဝင်းကြည်အငြိမ့်အဖွဲ့ ကသောရုံမှာတော့ လူမဝင် တော့ပေ။ ဒုတိယညမှာတော့ မြသရဖူအဖွဲ့ကသောရုံမှာ အ စောကြီး ဖျာကုန်သွားသော်လည်း တစ်ဘက်အဖွဲ့မှာတော့ မေတ္တာလက်ဆောင်ပေးထားသော ဖျာမှလွဲပြီး အခြားသိပ်မ ရောင်းရတော့ပေ။

ထိုအခါ ပုဏ္ဏားအထွန်းဆိုသော လူမိုက်က ဒုတိယည တွင် မြသရဖူအငြိမ့်အဖွဲ့ နလံမထူနိုင်အောင် ပွဲဖျက်ရန် တပည့် လူမိုက်များကို မှာကြားထားလေသည်။

ညဘက်ရောက်တော့ လူမိုက်များက ပွဲထွက်နေသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် ခဲမိုးရွာချရန် အမှောင်ထဲမှ စောင့်ဆိုင်းနေကြသည်။

ငှင်းတို့အနီးမှာလည်း အနေတော်ခွဲထားသော အုတ်ခဲပုံ၊ ကျောက်ခဲပုံများ အဆင်သင့်ချထားလေသည်။

သူတို့စောင့်နေသောနေရာမှာ ဇာတ်ရုံနံဘေးဘက် အမှောင်ထဲမှဖြစ်သည်။

ပွဲစထွက်သောအချိန်တွင် သူတို့ရှိရာသို့ လူသုံးယောက် ရောက်လာလေသည်။

“ဟိုမှာလူသုံးယောက် လာနေတယ်”

“ဘယ်သူတွေပဲဖြစ်ဖြစ် ဓားနဲ့သာထိုးပစ်၊ ပြဿနာဖြစ်ရင် ငါတို့ဆရာကြီး လိုက်ရှင်းပေးလိမ့်မယ်. .”

အုတ်ခဲပုံနားမှာ ရပ်နေသော လူငါးယောက်က အသင့်ပါလာသော ဓားမြှောင်များကိုထုတ်ပြီး ကိုင်ထားကြသည်။

ဦးခေါင်းပေါ်မှာ အဝတ်ခြုံထားသော လူသုံးယောက်က အနားရောက်လာကြသည်။

“မင်းတို့ဘယ်သူတွေလည်း၊ ဒီနေရာ ဘာလာလုပ်တာလဲ”

ဘာမှပြန်မပြောဘဲ ရပ်မြဲရပ်နေကြသည်။

“မင်းတို့က ဟိုအငြိမ့်အဖွဲ့ကို ကာကွယ်ပေးတဲ့ လူမိုက်တွေလား၊ ငါတို့က တခြားမဟုတ်ဘူး ပုဏ္ဏားဘထွန်းရဲ့ တပည့် လူမိုက်တွေပဲ၊ မသေချင်ရင် ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွားကြ. . .”





ထိုသို့ပြောသော်လည်း မသွားပေ။

“မင်းတို့ ဘယ်သူတွေလဲ၊ ခေါင်းပေါ်က ခြုံထားတဲ့အဝတ်တွေ ဖယ်လိုက်စမ်း”

“ငါတို့က လူမိုက်တွေ မဟုတ်ပါဘူး၊ လူမိုက်တွေထက် ပိုကြောက်စရာကောင်းတဲ့ သရဲတွေပဲ”

ထိုသို့ပြောပြီး မျက်နှာပေါ်မှာ ဖုံးထားသော အဝတ်များကို ဖယ်ချလိုက်လေရာ ကြောက်စရာကောင်းသော မျက်နှာများ ပေါ်လာလေတော့သည်။

လူမိုက်များမှာ လူလူချင်းသာ သက်ဝံ့၊ ရိုက်ဝံ့သော်လည်း သရဲနှင့်တွေ့လျှင်တော့ ကြောက်တတ်ကြသည်။

ယခုကဲ့သို့ အနီးကပ်တွေ့သောအခါ ဘာလုပ်ရမှန်း မသိကြတော့ပေ. . .။

အမှောင်ရိပ်ထဲမှ ထွက်လာသော သရဲသုံးကောင်က အနီးကပ်လာသောအခါ ဓားဖြင့်ထိုးသူကထိုး၊ ထွက်ပြေးရန် ကြိုးစားသူကကြိုးစားကြလေသည်။

ထိုညအဖို့မှာတော့ မြသရဖူးအငြိမ့်မှာ အနှောင့်အယှက်များမရှိသောကြောင့် ကောင်းစွာကရလေသည်။

တစ်ဘက်ရုံမှာ ကနေသော ဝင်းဝင်းကြည်အငြိမ့်အဖွဲ့မှာတော့ လူဝင်နည်းလှသည့်အပြင် ပွဲကနေစဉ်မှာ ပွဲခင်းထဲသို့ ခဲသော်လည်းကောင်း၊ ဇာတ်စင်ပေါ်သို့သော်လည်းကောင်း မကြာခဏ မြွေများဝင်လာသဖြင့် တထိတ်ထိတ်တလန့်လန့် ဖြစ်နေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဇာတ်ရုံနောက်ဘက်သို့ အပေါ့အပါး ထွက်သွား ကြသူများမှာလည်း သရဲခြောက်ခံရပြန်သဖြင့် ပြန်ဝင်ပြေးလာ ကြရသည်။

နောက်တစ်နေ့ မနက်ပိုင်းမှာတော့ ဇာတ်ရုံများနှင့် မ… မဝေးနေရာတွင် ဓားဒဏ်ရာများဖြင့် သေဆုံးနေသော လူမိုက် နှစ်ယောက်၏ အလောင်းကို တွေ့ကြရသည်။

လူမိုက်အချင်းချင်း သတ်ဖြတ်ကြသည်ဟု ယူဆ… အလောင်းများကို သယ်ယူသွားကြလေတော့သည်။

တတိယမြောက် ညမှာတော့ ဝင်းဝင်းကြည် အငြိမ့်… ဆက်မကတော့ဘဲ ရုံပိတ်သည့်အဆင့်သို့ ရောက်သွားကြ… တော့သည်။

မြသရဖူအငြိမ့်အဖွဲ့ကတော့ မယ်လမုဘုရားပွဲ ရက်… သုံးချိုသုံးညစလုံး ရုံပြည့်ရုံလျှံ အောင်ပွဲခံနိုင်ခဲ့ ကြလေ… သည်။









# အခန်း(၁၃)

# ရုပ်ပြောင်းနာဂမ္ဗာ ဝိဇ္ဇာဋ်လောကမာယာ

မယ်လမုဘုရားပွဲပြီး၍ ဇာတ်ပြန်နားသော တစ်ရက် တွင် ဦးစိန်လှမြင့် နေအိမ်ရှေ့သို့ ပုဏ္ဏားဘထွန်းနှင့် လူမိုက်အချို့ ရောက်လာပြီး လာရောက်ရမ်းကားကြလေသည်။

"ဟေ့. . စိန်လှမြင့်၊ မင်းက မယ်လမုဘုရားပွဲမှာတုန်းက ငါရဲ့ အငြိမ့်အဖွဲ့ ဆက်မကနိုင်အောင် အောက်လမ်းဆရာတွေ ပယောဂဆရာတွေနဲ့ လုပ်ခဲ့တယ်မဟုတ်လား၊ ငါကဒီလိုတော့ မလုပ်တတ်ဘူး၊ မင်းသတ္တိရှိရင် အိမ်အောက်ဆင်းခဲ့၊ လူချင်း



www.burmeseclassic.com

www.burmeseclassic.com



သတ်မယ်"

ဟု ဓားမြှောင်ကို ခါးမှာထိုးထားပြီး လာရောက်စိန်ခေါ်လေသည်။ ဦးစိန်လှမြင့်တို့အတွက်တော့ မဆန်းတော့ပေ။

ပွဲရှုံးသည်နှင့် လူမိုက်ကြီးများက မကြာခဏလာရောက်ရမ်းကားလေ့ ရှိသဖြင့် တံခါးပိတ်ကာ ငြိမ်နေကြရလေသည်။

ပုဏ္ဏားဘထွန်း အတော်ကြာအောင် အော်ဟစ်ပြောဆိုရုံမကဘဲ အိမ်ရှေ့မှာရှိသောပစ္စည်းအချို့ကိုပါ ဖျက်ဆီးပြီးနောက်မှ ပြန်သွားလေသည်။

သူတို့ပြန်သွားပြီး အတော်ကြာတော့မှ ဦးစိန်လှမြင့်က နေအိမ်မှထွက်ကာ လမ်းမတော် ဖိုးတုတ်နေအိမ်သို့သွားကာ အကျိုးအကြောင်းပြောပြလိုက်သည်။

ထိုအချိန်က လူမိုက်ကြီးများမှာ သူ့နေရာနှင့်သူ နယ်မြေခွဲပြီး ကြီးစိုးနေကြရာ လမ်းမတော်ဖိုးတုတ်က လမ်းမတော်နယ်မြေတစ်ဝိုက်ဖြစ်ပြီး ပုဏ္ဏားဘထွန်းက ကျုံးကြီးလမ်းတစ်ဝိုက်ဖြစ်သည်။

သို့သော် အရှိန်အဝါချင်းတော့ မတူပေ။

လမ်းမတော်ဖိုးတုတ်ပေါ်လာပြီးနောက်ပိုင်းတွင် အခြားလူမိုက်များက သူ့နယ်မြေနှင့်သူ နေကြသည်ဆိုသော်လည်း လမ်းမတော်ဖိုးတုတ်လောက် ဩဇာပါဝါမကြီးကြပေ. . ။

ဦးစိန်လှမြင့်က သူချဉ်းကပ်ထားသော လမ်းမတော်ဖိုးတုတ်အား အကျိုးအကြောင်း ပြောပြသောအခါ ဒေါသဖြစ်သွားပုံရလေသည်။





"ပုဏ္ဏားက ကျုပ်လူမှန်းသိရက်သားနဲ့ တမင်လာကြောတာပဲ၊ ဒါကျုပ်ကို စိန်ခေါ်တာနဲ့ အတူတူပဲ၊ ဖိုးတုတ် အကြောင်းသိရစေမပေါ့. . "

ဟုပြောဆိုပြီး ဓားမြှောင်ကို ခါးထိုးပြီး ပုဏ္ဏားဘထွန်းနေသော ခေါင်ချုပ်တန်း(ယခု-(၁၃)လမ်း) ထဲသို့ တစ်ယောက်တည်းဝင်သွားလေသည်။

ပုဏ္ဏားဘထွန်း အိမ်ရှေ့တည့်တည့်ရောက်တော့ ခါးထောက်ရပ်ပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ဟေ့. . ပုဏ္ဏား၊ မင်းက ငါ့လူကိုလာပြီး ရမ်းသွားတယ်ဆိုတော့ ငါ့ကိုစိန်ခေါ်တာနဲ့ အတူတူပဲ၊ အခု ငါတစ်ယောက်တည်း လာခဲ့တယ်၊ မင်းနဲ့ငါ တစ်ယောက်ချင်း သွေးစမ်းကြရအောင် အောက်ကိုဆင်းလာခဲ့ပါ. . "

ထိုသို့စိန်ခေါ်သောအခါ မဆင်းဝံ့ပေ။

လမ်းမတော် ဖိုးတုတ်က လူရွယ် တက်လူ။

ပုဏ္ဏားဘထွန်းက လူကြီးပိုင်း ကျလူဖြစ်နေသည့်အပြင် တပည့်တပန်းအင်အား၊ ပုလိပ်နှင့် အရာရှိအရာခံများနှင့် ဝင်ဆံ့သော အပိုင်းမှာလည်း လမ်းမတော်ဖိုးတုတ်ကို မည်သည့်နည်းနှဲ့မျှ မယှဉ်သာမှန်း သူသိသည်။

ထို့ကြောင့် နည်းနည်းမှမလှုပ်ဘဲ ငြိမ်နေလိုက်သည်။ လမ်းမတော်ဖိုးတုတ်က သုံးကြိမ်သုံးခါခေါ်သော်လည်း ဆင်းမလာသောအခါ. . .

"မင်းက လူမိုက် ပုဏ္ဏားမှ မဟုတ်ပဲ၊ အရပ်ထဲကလူညံ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆန်တောင်းတဲ့ ပုဏ္ဏားပဲ၊ ဒီကနေ့ကစပြီး ကျုပ်နဲ့ ပတ်သက်တဲ့ သူတွေကို လာမထိပါနဲ့၊ ထိတာနဲ့ ကျုပ်နဲ့တွေ့ပြီလို့သာမှတ်ထားပါ"

ဟုအော်ဟစ်ပြောဆိုပြီး ပြန်သွားလေတော့သည်။

နောက်ပိုင်းတော့ ပုဏ္ဏားဘထွန်းမှာ ဦးစိန်လှမြင့်တို့ကို သွားရောက်၍ မစဝ့်တော့ပေ. . .။

စောမာလာ ခေါင်းဆောင်မင်းသမီးအဖြစ် ဝင်ရောက်ကပြနေသော မြသရဖူ အငြိမ့်အဖွဲ့မှာလည်း တစ်ပွဲထက်တစ်ပွဲ အောင်မြင်မှုပိုမိုရလာကြလေသည်။

ဘုရားပွဲတော်များသာမကပဲ မြို့နယ်အသီးသီးမှ ရှိုးပွဲအတွက် လာရောက်ငှားရမ်းကြရာ ခေါင်းဆောင်မင်းသမီး၏ နာမည်သတင်းမှာလည်း ပိုမိုလူသိများလာလေတော့သည်။

စောမာလာကတော့ သူမအတွက်ရရှိသော ညကြေးများအားလုံးကို နီမောင်အားပေးထားလေသည်။

"အစ်ကို သုံးချင်ရာသုံးပါ၊ ပိုတာကိုလည်း စုထားပေးပါ. ."

"ဘာလုပ်ဖို့လဲ. . ."

"ကျွန်မ ကလို့ရတဲ့ငွေနဲ့ ဘုရားတည်ချင်လို့ပါ. . ."

"ဒီလိုဆိုရင်တော့ ဘာမှမသုံးတော့ပါဘူး၊ စုပေးထားပါ့မယ်၊ ဒါထက် ဒီမှာလည်း အဆင်ပြေနေပြီဆိုတော့ မင်းဘယ်လိုဆုံးဖြတ်မှာလဲ. ."

"ဒီနှစ်ကုန်အောင်တော့ ကပေးပါ့မယ်၊ ရာသီချိန် ကုန်





ရင်တော့ ရွာကိုပြန်ကြမယ်လေ. . ."

"ဒီမှာ အောင်မြင်နေတာပဲ၊ ဆက်မကတော့ဘူးလား"

"ကျွန်မက ဘုရားတည်ဖို့ရရင်တော်ပါပြီ၊ အချိန်အကြာကြီး ကခွင့်ရမှာ မဟုတ်ဘူး"

"မိဘတွေက ခွင့်မပေးကြလို့လား. ."

"အားလုံးပေါ့အစ်ကိုရယ်၊ ကျွန်မက ကိုယ်စိတ်နဲ့ကိုယ် ဘာမှ လုပ်ပိုင်ခွင့်မရှိပါဘူး. ."

နီမောင့်စိတ်ထဲမှာတော့ ရွာမှာကျန်ခဲ့သော မိဘဆွေမျိုးများက အချိန်အကြာကြီး ခွင့်မပေးကြသောကြောင့်သာ ဖြစ်မည်ဟု ထင်မိလေသည်။

"မင်းလည်း ဒီမှာအဆင်ပြေနေပြီဆိုတော့ ငါတို့သုံးယောက် ပြန်လို့ရပြီလား. . ."

ထိုသို့မေးတော့ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ကျွန်မက ဒီအလုပ်ကိုလုပ်ချင်လို့ လာလုပ်ပေးနေတယ် ထင်လို့လား၊ အစ်ကို့မျက်နှာနဲ့ လာလုပ်ပေးနေတာ၊ အစ်ကိုပြန်ရင် ကျွန်မတို့လည်း ပြန်လိုက်ခဲ့မှာပေါ့. . ."

ဟုပြောရာ နီမောင်လည်း နောက်ထပ်မပြောသာတော့ပေ။

စောမာလာမှာ အငြိမ့်အဖွဲ့မှာ ကပြနေရသည်မှာ အဆင်ပြေသော်လည်း အဆင်မပြေမှုတစ်ခုတော့ ရှိနေလေသည်။

အခြားတော့မဟုတ်ပေ. . .၊

ခင်မောင်ကျော် ကြောင့်ပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ကျော်က အငြိမ့်အဖွဲ့ မန်နေဂျာဆိုတော့ အားလုံးအပေါ်မှာ ဩဇာအာဏာရှိသည်။

အငြိမ့်အဖွဲ့မှာရှိနေကြသော မင်းသမီးနှင့် ယိမ်းသမလေးများကို ထိကပါးရိကပါး ပြုလုပ်လေ့ရှိသည်။

သားမယားကဲ့သို့ ပြောဆိုဆက်ဆံလေ့ရှိသည်။

အခွင့်အရေးရလျှင်ရသလို သိမ်းပိုက်လေ့ရှိသည်။

အချို့မှာ မချစ်သော်လည်း အောင့်ကာနမ်း သဘောမျိုးဖြင့် ကြိတ်မှိတ်ပြီးနေကြရသည်။

ယခု စောမာလာရောက်လာတော့ စောမာလာကို များစွာသဘောကျနေသည်။

ရင်းနှီးမှုရအောင် နည်းအမျိုးမျိုးနှင့် ချဉ်းကပ်နေလေသည်။

ရန်ကုန်ပွဲခွင်မဟုတ်ဘဲ နယ်ဘက်သို့ သွားသောပွဲခွင်များမှာတော့ မန်နေဂျာက အစစအရာရာ စီမံအုပ်ချုပ်ရသည်။ သူ့စကားကို နားထောင်ကြရသည်။

ဘယ်သူကမှ သူ့ကို ပြန်မပြောဝံ့ပေ။

အကယ်၍ စိတ်တိုင်းမကျလျှင် ညကြေးအဖြတ်ခံရခြင်း အပြင် အဖွဲ့မှထုတ်ပယ်ခြင်းအထိ လုပ်ပိုင်ခွင့်ရှိလေသည်။

ထို့ကြောင့် ဇာတ်အဖွဲ့ကို မှီခိုစားသောက်နေရသော မိန်းကလေးအချို့မှာ ခင်မောင်ကျော် ပြုသမျှ နုကြရခြင်းဖြစ်ပေသည်။

နယ်ဘက်မှာကတော့ အငြိမ့်ပွဲတွင် ခင်မောင်ကျော်က





စောမာလာအား ချဉ်းကပ်ပြီး သူ့သဘောကို ပြောသည်။

"စောမာလာ. . နင်က အခုခေါင်းဆောင်မင်းသမီး အဖြစ် ကနေရပြီဆိုတော့ သဘောမကျဘူးလား"

"သဘောကျတယ်လို့တော့ မဟုတ်ပါဘူး၊ ကိုယ်လုပ်နိုင်တာ လုပ်ပေးတာပဲ"

"ဒါပေမယ့် ဒီထက်အဆင့်အတန်းမြင့်တဲ့နေရာအထိ ရောက်အောင် လုပ်ပေးနိုင်တာရော နင်သိတယ်မဟုတ်လား"

"ကျွန်မ အဲ့ဒါတွေ စိတ်မဝင်စားဘူး"

ထိုသို့ပြန်ပြောသဖြင့် ခင်မောင်ကျော်မှာ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားလေသည်။

"ဒါဖြင့် နင်ဘာဖြစ်လို့ အငြိမ့်လာကနေတာလဲ၊ ပိုက်ဆံလိုချင်လို့လား. ."

"ပိုက်ဆံလည်း မလိုချင်ပါဘူး၊ တစ်သက်လုံး မင်းသမီးလုပ်ဖို့လည်း စိတ်မကူးပါဘူး၊ ကျွန်မဘာကြောင့် ဒီမှာလာကပေးနေသလဲဆိုတော့ ရှင်တို့ဇာတ်အဖွဲ့မှာ ခေါင်းဆောင်မင်းသမီး မရှိတဲ့ အချိန်မို့ လာပြီးအကူအညီပေးနေတာ၊ နှစ်ကုန်တာနဲ့ ပြန်သွားမှာ. . ."

"မင်းလို ရုပ်ရည်၊ မင်းလိုအရည်အချင်းမျိုးနဲ့ တောကြိုအုံကြားမှာ မနေသင့်ပါဘူး၊ မြို့ပေါ်အလုပ်လုပ်ပြီး မြို့ပေါ်မှာပဲ နေပါလား. . ."

"မနေချင်ပါဘူးရှင်၊ မြို့ပေါ်မှာနေရတာ မရိုးသားတဲ့ လူတွေများလွန်းတော့ အန္တရာယ်များလှပါတယ်၊ ကျွန်မတို့ရွာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အေးချမ်းတယ်ဆိုတာ ရှင်တစ်ခေါက်လောက် လာကြည့်ပါလား. . "

"မင်းကခေါ်ရင်တော့ လာမှာပေါ့. . "

ဟု ပြန်ပြောလေသည်။

စောမာလာက သဘောကျသောအမူအယာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ရှင်လိုက်ချင်တယ်ဆိုရင် ကျွန်မပြန်သွားတဲ့အခါ ခေါ်သွားပေးပါ့မယ်. . "

"ဝမ်းသာစရာပေါ့၊ မင်းကသာ လက်ခံမယ်ဆိုရင် တစ်သက်လုံးနေဆိုရင်တောင် နေသွားနိုင်ပါတယ်. . "

"ဒါထက် တောမှာမနေချင်ဘူးဆို. . . "

"ဒါပေမယ့် ကိုယ်သဘောကျတဲ့ သူမျိုးနဲ့ နေရမယ်ဆိုရင်တော့ နေသင့်နေရမှာပေါ့. . "

ဟု အခွင့်သာတုန်း ရိသဲ့သဲ့ စကားမျိုးပြောလေသည်။ စောမာလာကတော့ မသိကျိုးကျွံပြုနေလေသည်။

"ဒါထက် မေးရဦးမယ်၊ နီမောင်နဲ့က ဆွေမျိုးတော်စပ်တာလား. . "

"ဆွေမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်. . . "

"ငါသဘောပေါက်ပါတယ်၊ နီမောင်က မင်းကို သဘောကျလို့ လိုက်နေတာ မဟုတ်လား. . "

"ရှင်ထင်တာမှားနေပြီ အစ်ကိုက ကျွန်မကို သဘောကျနေတာမဟုတ်ဘူး၊ ကျွန်မက သူ့ကိုသဘောကျလို့ တမင်ခေါ်





လာခဲ့တာ. . "

ထိုစကားကြောင့် ခင်မောင်ကျော်မှာ မျက်လုံးပြူးသွားလေသည်။

စောမာလာလို ရုပ်ရည်ချောမောပြီး အိန္ဒြေရှိသော မိန်းကလေးတစ်ယောက်ထံမှ ထိုကဲ့သို့သော စကားမျိုး ကြားရသဖြင့် များစွာအံ့သြသွားလေသည်။

"ဒီစကားကြားတော့ ရှင်အံ့သြသွားမယ်ထင်တယ်၊ မိန်းကလေးအတော်များများက ချစ်သူရွေးကြတဲ့နေရာမှာ ရိုးသားဖြူစင်တဲ့သူမျိုးပဲ ဦးစားပေး ရွေးချယ်ကြတယ်၊ ငွေကြေးဥစ္စာတော့ ချမ်းသာပါရဲ့၊ စိတ်ထားမဖြူစင်တဲ့သူမျိုး ရွေးမိရင် လူချမ်းသာပေမယ့် စိတ်မချမ်းမသာဖြစ်တတ်ကြတယ်၊ အဆိုးဆုံးကတော့ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုရင်တော့ ဝေးဝေးကရှောင်ထားတာ အကောင်းဆုံးပေါ့ရှင်"

ဟု ပြောလိုက်ရာ ခင်မောင်ကျော်လည်း မျက်စိမျက်နှာပျက်ပျက်နှင့် နေရာမှထသွားလေသည်။

သို့သော် စိတ်ထဲမှာတော့ တစ်နေ့ကျလျှင် စောမာလာကို မရရတဲ့နည်းဖြင့် သိမ်းပိုက်ယူမည်ဟုလည်း ဆုံးဖြတ်ထားလေသည်။

တစ်နေ့တော့ သူ့အတွက် အခွင့်အရေးတစ်ခု ရလေသည်။ နေ့လည်ပိုင်းအတော်များများ အိပ်နေသောအချိန်တွင် စောမာလာတစ်ယောက်တည်း အပြင်ဘက်ထွက်လာလေသည်။

ထို့နောက် တံဘက်ကလေး တစ်ထည်ခေါင်းမြီးခြုံပြီး



www.burmeseclassic.com

www.burmeseclassic.com



တောစပ်ဘက်သို့သွားနေသည်ကို ခင်မောင်ကျော် မြင်လိုက်ရလေသည်။

ဘယ်လိုအကြောင်းကြောင့်သွားမှန်း မသိရသော်လည်း ယခုကဲ့သို့ တစ်ယောက်တည်းကတော့ သူ့အတွက် အခွင့်အရေးပင်ဖြစ်သည်။

ခင်မောင်ကျော်က စားနေကျကြောင်းဖားဖြစ်သည်။

အခွင့်အရေးတစ်ခုခုရလျှင် မည်သို့မည်ပုံ အသုံးချရမည်ကို သိထားသူလည်းဖြစ်သည်။

သို့ကြောင့် နောက်မှ မယောင်မလည်ဖြင့် လိုက်သွားလေသည်။

ဇာတ်စင်ဆောက်ထားသောနေရာနှင့် မနီးမဝေးတွင် သစ်ပင်များနှင့် ချုံကွယ်များရှိသည်။

တသွင်သွင်စီးနေသော စမ်းချောင်းတစ်ချောင်းလည်း ရှိသည်။

အငြိမ့်အဖွဲ့သားအတော်များများ ရေချိုးလျှင် ထိုစမ်းချောင်းသို့ ဆင်းပြီးချိုးကြလေသည်။

ယခု စောမာလာ တစ်ယောက်တည်း ထွက်လာခြင်းမှာ ရေချိုးရန်အတွက် လာသည်ဟု ထင်သဖြင့် နောက်မှ မယောင်မလည်နှင့် လိုက်လာခြင်းဖြစ်သည်။

ချုံကွယ်များနောက်ရောက်တော့ မတွေ့ရတော့ပေ။

စမ်းချောင်းရှိရာဘက်မှ ရေသံများကြားနေရသည်။

ထိုနေရာရောက်တော့ နားစွင့်လိုက်ပြီး အသံကြားရာဘက်သို့ သွားရန်ပြင်လိုက်သည်။

"ကျွန်မက ဒီအထဲမှာ. . လာလေ. . ."

ထိုအသံက မနီးမဝေးမှာရှိသော ချုံကွယ်နောက်ဘက်မှ ထွက်တိုးတိုးကြားလိုက်ရခြင်းဖြစ်သဖြင့် စိတ်လှုပ်ရှားစွာဖြင့် ထိုနေရာသို့ တိုးသွားပြီး ကြည့်လိုက်သည်။

ချုံကွယ်နောက်မှာ ဘာမှမရှိပေ။

"ကျွန်မက ဒီနေရာမှာ ရှင် ဒီဘက်လာမှပေါ့. . ."

ဟုခေါ်သံကြားရပြန်သဖြင့် ထိုနေရာသို့ သွားကြည့်သော်လည်း ဘာမှမတွေ့ရပြန်ပေ။

"ဘယ်ရောက်သွားတာလဲ"

ဟုတွေးပြီး တစ်နေရာပြီး တစ်နေရာလိုက်ရှာရာ တစ်နေရာရောက်တော့ ပုံထားသော အဝတ်အချို့ကို တွေ့ရပြန်၏။

"ဒီအထဲကိုလာလေ. . ."

ဟု သူ့နံဘေးမှာရှိသော ချုံထဲမှ အသံကြားရသဖြင့် ချုံထဲသို့ တိုးဝင်ပြီးကြည့်လိုက်သည်။

ထိုအခါ မမျှော်လင့်ပဲ မြင်ကွင်းမြင်သဖြင့် မျက်လုံးပြူးသွားလေသည်။

ချုံအတွင်းဘက်မှာ မိန်းမတစ်ယောက်ရှိနေသည်၊

စောမာလာတော့ မဟုတ်ပေ။

အသက်မရှိတော့ပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အလောင်းပင်ဖြစ်သည်။

ထိုအလောင်းမှ အသံထွက်နေခြင်းဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com

"လာလေ. . ဒီကိုလာခဲ့လေ. . ."

ထိုအခါမှ ခင်မောင်ကျော်မှာ ကြောက်လန့်တကြားနှင့် နောက်ကြောင်းပြန်ပြေးလေသည်။

သို့သော် တံစ်စုံတစ်ယောက်က နောက်မှ ဆွဲထားသောကြောင့် ပြေး၍မရဘဲ ရှိနေသည်။

တကယ်တော့ အကျႌစနှင့် သစ်ကိုင်းနှင့်ချိတ်မိနေခြင်းပင်ဖြစ်သည်။

နောက်တော့ ကြောက်လန့်တကြားနှင့် အတင်းရုန်းတော့မှ အကျႌပြဲထွက်သွားပြီး ထွက်ပြေး၍ရတော့သည်။

သူသည် ကြောက်လန့်တကြားနှင့် ဇာတ်ရုံရှိရာဘက်သို့ ပြန်ပြေးလာခဲ့လေသည်။

ဇာတ်ရုံအပေါက်ဝနားရောက်တော့ အံ့ဩစရာကောင်းသော မြင်ကွင်းကို မြင်တွေ့လိုက်ရသည်။

အခြားမဟုတ်ပေ။

ရုံပေါက်ဝတွင် လက်ပိုက်လျှက် ရပ်ကာ သူ့ကိုပြုံးကြည့်နေသော စောမာလာကို မြင်ရသောကြောင့်ပင် ဖြစ်ပေတော့သည်။









# အခန်း(၁၄)

# လျှမ်းမောဖွယ်ရာ ဇာတ်သဘင်ပညာ

စောမာလာမှာ နောက်ပိုင်းမှာ ရောက်လာသူဖြစ်သော်လည်း အငြိမ့်အဖွဲ့တစ်ခုလုံးကို ဦးဆောင်ပြီး ကပြနိုင်လေသည်။ သူမမှာ တောသူတစ်ယောက်ပင်ဖြစ်သော်လည်း ဝါရင့်အနုပညာရှင်တစ်ယောက်နှင့်မခြား ကျွမ်းကျင်စွာကပြနိုင်သောအခါ အားလုံးက တအံ့တဩဖြစ်နေကြသည်။

ရှေ့မှာ ကသွားသော ခေါင်းဆောင်မင်းသမီး မြလေးထင်ထက်ပင် ပိုပြီး ပညာကြွယ်ဝသူဖြစ်ကြောင်း အတူတွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



ကပြသောအခါမှ သိကြရပေသည်။

သူမဝင်ရောက်လာစအချိန်က မည်သူမှ အထင်မကြီး ကြပေ။ ရှေ့ထွက်မင်းသမီးနှင့် လက်ထောက်မင်းသမီးနှစ်လ ကပင် မကျေမနပ်ဖြစ်ကြသေးသည်။

သို့သော်လည်း တစ်ချီနှစ်ချီကပြီးသောအခါကျမှ စောမာလာတတ်သော သဘင်ပညာများမှာ သူတို့လိုက်မမီ သော ပညာများ ဖြစ်နေသည်ကို တွေ့မြင်ကြရသည်။ သိလာ ရသည်။ နောက်ပိုင်းမှာတော့ အထင်မသေးဝံ့ကြတော့ပေ။

တကယ်တော့ သဘင်ပညာမှာ လွယ်မယောင်နှင့်ခ တိမ်မယောင်နှင့်နက်သော ပညာမျိုးဖြစ်သည်။

သဘင်ပညာချင်းတူသော်မှပင် ဇာတ်သဘင်ပညာ အငြိမ့်ပညာက မတူကြပေ။

အငြိမ့်ပညာမှာ မင်းသမီးဦးဆောင်ကသော အဖွဲ့ ပြီး၊ ဇာတ်သဘင်ပညာကတော့ မင်းသားဦးဆောင်၍ ကသေ အဖွဲ့မျိုးဖြစ်သည်။

အငြိမ့်ပညာနှင့် ပတ်သက်ပြီး ဗဟုသုတဖြစ်စရာ များ ရှိသည်။

"အငြိမ့်" ဟုဆိုပါက မန္တလေးအငြိမ့်များသည် နာမ ကျော်ကြားလှသည်။ မန္တလေးအငြိမ့်များသည် ယခင်က လူ များကြီး မပါပေ။

အတီးဘက်က - ကြေးနောင်တစ်ယောက်

- ပတ္တလား တစ်ယောက်





- နှဲတစ်ယောက်

- ဗိုးတီးတစ်ယောက်

- အစုံတီး တစ်ယောက်

စုစုပေါင်း ငါးယောက်ဖြစ်သည်။

လူရွှင်တော်က အတွဲညီတဲ့ လူနှစ်ယောက်နှင့် လက်ထောက်တစ်ယောက်၊ စုစုပေါင်း သုံးယောက်ပါသည်။

မင်းသမီးသည် ရှေ့ထွက်တစ်ယောက်၊ အလယ်ထွက် တစ်ယောက်၊ နောက်ဆုံးမှထွက်သည့် ခေါင်းဆောင်မင်းသမီး တစ်ယောက် စုစုပေါင်း မင်းသမီးသုံးယောက်ပါဝင်သည်။

အငြိမ့်တွင် ထမ်းဆင့်တစ်ယောက်ပါသည်။

ထမ်းဆင့်ဆိုသည်မှာ အငြိမ့်ပစ္စည်းများကို လှမ်းပေါ်သို့ ထမ်းတင်ရသူဖြစ်သည်။

ထို့ပြင် ပွဲရှိရင် အဖွဲ့သားများထံ အငြိမ့်ဆရာက ပွဲအ ဆင့်ခိုင်းသည့်အတွက် ပွဲဆင့်သည့် တာဝန်ကိုပါ ယူရသည်။

"ပွဲဆင့်သည်" ဆိုသည်မှာ ဘယ်နေ့ပွဲရှိသည်ဟု အဖွဲ့ သားများသိအောင် အပြောလွှတ်ခြင်းဖြစ်သည်။

သို့ဖြစ်၍ ရှေးကအငြိမ့်တွင် စုစုပေါင်း ဆယ့်နှစ်ယောက် ပါသည်။

အငြိမ့်ပွဲသည် ဇာတ်ပွဲမဟုတ်သဖြင့် ကားလိပ်များများ မပါပေ။ နဖူးစည်း၊ ပုဏ္ဏားကွယ်နှင့် တောကားတောင်ကားနှစ် ချပ်မျှသာ ပါသည်။

ရှေးခေတ်အငြိမ့်သည် မီးအလင်းကခြင်း မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော နာရီပြန်နှစ်ချက်ခန့်တွင် အငြိမ့်သိမ်းသည်။

ထိုခေတ်က အငြိမ့်ကရာတွင် အသံချဲ့စက် မပါသေးပေ။

အငြိမ့်ပွဲတွင် အောက်လင်းဓာတ်မီး သုံးလုံးထွန်းပေးထားသည်။

အောက်လင်းဓာတ်မီး ငှားခမှာ တစ်လုံးလျှင် သုံးကျပ်ဖြစ်၍ တစ်ညတွက် ကိုးကျပ်ပေးရသည်။

အငြိမ့်ဇာတ်စင်၏ နောက်ပိုင်း သုံးပုံတစ်ပုံ နေရာကို တီးဝိုင်းက နေရာယူထားသည်

တီးဝိုင်း အပြင်အဆင်မှာ ဝါးပတ္တလားက အလယ်နေရာမှာ နေရာယူသည်။

ဝါးပတ္တလား၏ ဘယ်ဘက်တွင် ဒိုးချောင်၊ ညာဘက်မှာ ကြေးနောင်နှင့် နှဲဆရာတို့ ရှိသည်။

ပတ္တလားဆရာက သူ့အတွင်းဘက်မှာ နေရာယူသည်။

မောင်းဆိုင်းတီးသူသည် နှဲဘက်ကို မျက်နှာမူ၍ ချထားသည်။

မောင်းဆိုင်းတွင် နှစ်ပေါက်အကြီးမှ သုံးပေါက်အသေးအထိ ခုနစ်လုံး၊ နောက်တစ်တွဲမှာ နှစ်ပေါက်အသေးမှ ခုနစ်ပေါက်အသေးထိ သုံးလုံး၊ စုစုပေါင်း ဆယ်လုံးပါဝင်သည်။

ဒိုးတီးသူသည် စခွန့်ဟုခေါ်သည့် ဒိုးကို ကဖို့အဆစ်အဓိကထား၍ တီးပေးသည်။

ဒိုးနှင့်တွဲတီးသည့် ပတ်လုံးဆယ့်နှစ်လုံးရှိသည်။ သို့ဖြစ်၍





၎င်းကို "ဆယ့်နှစ်လုံးဒိုး" ဟုခေါ်ခြင်းဖြစ်သည်။

၎င်းတို့မှာ အကြီးဆုံးဖြစ်သော ဒိုးကဲကြီးကစပြီး တစ်ဆစ်ဘယ်တော့၊ ဒူးလုံးတေးလက်ခေါ် တျာလက်ခေါ် ပတ်စာတပ်။

ငါးပေါက်၊ လေးပေါက်၊ သုံးပေါက်၊ နှစ်ပေါက်၊ သံမှန်လုံးဆိုသည့် ဒိုးဆယ့်နှစ်လုံး ဖြစ်သည်။

ဒိုးတီးဆရာသည် တေးသွားသံစဉ်များနှင့် ဒိုးတီးနိုင်ပါမှ အပီတီးတတ်သူဖြစ်သည်။

သို့သော် အပီမတီးတတ်သည့် ဒိုးတီးဆရာ၏ လုပ်ငန်းသည်လည်း အရေးပါလေသည်။

ဒိုးတီးဆရာသည် တီးလုံး၊ တီးကွက်များ၏ အဆစ်များ၊ အပိုင်းအဖြတ်များ၊ အဖြည့်အခွက်များကို ဆို့ပေးခြင်း၊ ပို့ပေးခြင်းတို့ကို ဦးဆောင်မှုပေးသူဖြစ်သည်။

သီချင်းမည်မျှကောင်းလှပါသော်လည်း တီးသည့်အဆစ် ကောင်းမှ မင်းသမီး အကကောင်းခြင်းဖြစ်သည်။

မင်းသမီးအကကောင်းရန် ဒိုးတီးသည့် အဆစ်ကလေးများ ကောင်းခြင်းသည် အဓိက ဖြစ်ပေသည်။

အငြိမ့်အဖွဲ့တစ်ပွဲတွင် မင်းသမီးသည် အကကောင်း၊ အဆိုကောင်း၊ ပင်ကိုယ်အသံကောင်းပြီး ရုပ်ရှည်ချောမောလှပဘာ ခန္ဓာကိုယ်ပြေပြစ် ,အချိုးကျသဖြင့် လွန်စွာမာနကြီးတတ်သည်။

မင်းသမီးမာနကြီးမှုကြောင့် တစ်ခါတစ်ရံတွင် အငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အတွင်း၌ အခက်အခဲများ ဖြစ်ပေါ်လာတတ်ပေသည်။

ဤသို့သော အခက်အခဲမျိုးကို ဖြေရှင်းပေးနိုင်သူ ဒိုးတီးဆရာဖြစ်သည်။

အငြိမ့်စင်ပေါ်တွင် မင်းသမီး အလွန်ကကောင်း သည့်အချိန်မျိုးတွင် ဒိုးတီးဆရာက "ဗတတ်. . ဗတတ်. . ဖြေး ဖြေး" ဟူသော အဆစ်မျိုး တီးလိုက်ပါက မင်းသမီးများ အလွန် စိတ်ဒုက္ခ ရောက်တတ်ကြသည်။

ဤသို့သော အဆစ်ကို ကလျှင် ကကွက်မှာ "ဗတတ် ဗတတ်" ဟူ၍တီးသည့် အချိန်တွင် မင်းသမီးသည် တင်းပါး ကလေးလှုပ်ရပြီး. . "ဖြေး. . ဖြေး" ဟူ၍ တီးလိုက်သည့်အချိန် မှာ ဘယ်ဘက်တင်ပါး နှစ်ချက်တိုးကရပြီး နောက်တစ်ခါတွင် တင်ပါးကို ညာဘက်လှုပ်ထိုး၍ ကရသည့် ကကွက်ဖြစ်သည်။

ဤကကွက်မျိုးကို က၍ကောင်းနေစဉ်တွင် မည်သည့် မင်းသမီးမျှ မကလိုကြသဖြင့် မိမိ၏မာနကို လျှော့ချကာ ဒိုးတီး ဆရာနှင့် အဆင်ပြေမှုရ၍၊ အငြိမ့်ပွဲတွင် ပြေလည်အောင် မင်း သမီးတို့ ကကြရသည်။

ဒိုးတီးဆရာနှင့် တွဲ၍တီးရသည့် "အစုံတီ"ခေါ် "အုပ်စုံ တီး" တီးသူ၏ ဘယ်ဘက်မှာ ဘင်ကြီးတစ်လုံးပါသည်။

အဆိုပါဘင်တွင် အငြိမ့်နာမည်၊ အငြိမ့်ခေါင်းဆောင် မင်းသမီး၏ နာမည်ကို ရေးထားသည်။

အပေါ်မှာ တစ်တောင်ခန့်ရှိသော ပဉ္စရူပအရုပ်ကလေး ကို ကန့်လန့်မိုး၍ ချိတ်ထားသည်။





သူ့အောက်မှာ သံမှန်မောင်းတစ်လုံး၊ သံမှန်မောင်း အောက်မှာ ငါးပေါက်မောင်းတစ်လုံးကို ပဒေသာပင်လေးလို တွဲလဲချိတ်ထားသည်။

အုပ်စုံဆိုသည့်အတိုင်း သူ့ရှေ့တည့်တည့်မှာ ဝါးတီးရန် ဗျောက်တုံး၊ ဗျောက်တုံး၏ နံဘေးပေါ်မှာ သံနှင့်ကပ်ရိုက်ထား သည့် သံလွင်စည်း၊ ၎င်းတို့၏ရှေ့မှာ စည်တိုတစ်လုံး၊ ပလုပ်တစ် လုံးရှိသည်။

ညာဘက်ဘေးမှာ လင်းကွင်းကြီး၊ လင်းကွင်းလေး တစ် စုံစီ ရှိသည်။ လင်းကွင်းများ၏ တစ်ဖက်စီကို အောက်ခံခုံ ရိုက် ထားသည်။

အုပ်စုံတီးသူသည် အလွန်လက်သွက်သူဖြစ်သည်။

အငြိမ့်နှဲများတွင် နှဲကြီး၊ နှဲလေးနှင့် ပလွေတို့ ပါသည်။

နှဲတံကို ရှားသားနှင့် ပြုလုပ်ပြီး၊ နှဲချေကို ကြေးနှင့် ပြု လုပ်ထားသည်။

နှဲတံနှင့်တွဲလျက် "သပွတ်" ရှိသည်။

ငွေသပွတ်၊ သံသပွတ်၊ ကြေးသပွတ်ဟူ၍ အမျိုးမျိုးရှိ သည်။

"သပွတ်"ဆိုသည်မှာ ကျောက်တံလောက် အလုံးအ တုတ်ရှိပြီး အခေါင်းပါသည်။ အရှည်မှာ တစ်လက်ခွဲခန့်ရှိသည်။

နှဲသံကို ကြီးချင်ပါက သပွတ်ကို ရှည်ရှည်ထား ရ သည်။

နှဲသံကို သေးချင်ပါက သပွတ်ကို နှဲထဲမြုပ်မှုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသုံး သံမှန်သည် ဆယ့်တစ်လက်မနှင့် ကိုက်သော C(စီ) သံဖြစ်သည်။

C sharp(စီရှပ်) ဆိုသည်မှာ မြန်မာနဲ့ ဆယ့်တစ်လက်မ မတ်တင်းဖြစ်သည်။ မတ်တင်းဖြစ်ရန် နှဲတံကို ဖြတ်ပစ်ရန် မလိုပေ။

သပွတ်ကို မြှုပ်မှုတ်ပါက C sharp(စီရှပ်) ကိုက်သွားပေသည်။ နှဲတွင် အရေးအပါဆုံးမှာ နှဲခင် ဖြစ်သည်။

နှဲခင် ကောင်းကောင်းရရန် ထန်းရွက်ခပ်ရင့်ရင့်ကို ခုတ်ယူကာ မန်ကျည်းရွက်နှင့် ပြုတ်ပြီးမှ မီးဖိုခေါင်မိုးမှာ ကြပ်ခိုးသုံးနှစ်တင်ပြီးမှ ကြေးစည်ပုံလေး လှီးယူရခြင်းဖြစ်သည်။

ထိုကြေးစည်ခေါင်းနေရာမှာ ကြိုးနဲ့ကျပ်နေအောင် တအားစည်းထားသည်။

နှဲခင်ကို လေသွားလမ်းဖောက်ရန် "စကျင်တံ" ကိုသုံးသည်။

စကျင်တံဆိုသည်မှာ ကွန်ပါချွန်လေးမျိုးဖြစ်သည်။ ဝါးသို့မဟုတ် ဆင်စွယ်နှင့်ပြုလုပ်သုံးစွဲကြသည်။

နှဲတံတွင် လက်မပေါက် တစ်ပေါက်နှင့် လက်ပေါက်ခုနစ်ပေါက်၊ စုစုပေါင်း ရှစ်ပေါက်ရှိသည်။

နှဲသည် လေမှုတ်ကိရိယာဖြစ်သဖြင့် အသံရှင်ဖြစ်သည်။ နှဲပညာရှင်ကောင်းလျှင် နှဲသံသည် သီချင်းသီဆိုမှုနှင့် လိုက်ဖက်အောင် ချွဲနွဲ့ညွတ်ပျောင်းစွာ မှုတ်နိုင်သည်။

ဆိုင်းဝိုင်းတွင် ကြေးနောင်တီးသည့် ပညာရှင်သည်းပါ





သည်။

ကြေးနောင်ဝိုင်းတွင် အသားပွတ်လုံးလေးများနှင့် ပန်းပြားခြောက်ချပ်ရှိသည်။ ကြေးနောင်များကို ကြိုးနှင့်သီသည်။

အငြိမ့်ဝိုင်းရှိ ကြေးနောင်သည် လေးပေါက်ဒုံးက သံမှန်များထိ ဆယ့်ရှစ်လုံးရှိသည်။

ကြေးနောင်ဝိုင်းကို တီးသည့် ကြေးလက်ခတ်ဆိုသည်မှာ ဆစ်သားရိုးကို မျက်မှန်ဝိုင်းခန့်ရှိသော ကျွဲရေဝိုင်းကို ဖောက်ပြီး စွပ်ထားခြင်းဖြစ်သည်။

ကြေးနောင်ကို အသံညှိရာတွင် ပျားဖယောင်းနှင့် ခဲပုပ်ကို တံစဉ်းနှင့်တိုက်ပြီး ပျော့ကျလာသော ခဲမှုန့်တို့ ရောနယ်ထားသောကြေးစာကို ကြေးနောင်ဘုကလေးပါ အတွင်းဘက်မှာ ထည့်ပြီး အသံညှိခြင်းဖြစ်သည်။

အငြိမ့်ဆိုင်းဝိုင်းသည် အသံညှိရာတွင် အသံတည်ပေးသည့် ကြေးနောင်သံကို မူတည်၍ အသံညှိကြရသဖြင့် ကြေးနောင်ဆရာသည် ဝိုင်း၏ အသံဆရာဖြစ်သည်။

ကြေးနောင်တီး အလွန်ကောင်းသူများတွင် ရေဦးမြို့မှ ဦးမြဒင်သည် ရွှေမန်းဦးတင်မောင်ဇာတ်မှာ ဆရာကြီး ဦးဘမောင် တီးတုန်းက ကြေးနောင်တီးသည့် ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။

မန္တလေးမြို့မှ ဦးအုံးဖေသည် အငြိမ့်ခေတ်တွင် အလွန်နာမည်ကြီးသည် လေဘာတီမမြရင်၏ ကြေးနောင်တီး အငြိမ့်အဖွဲ့သားတစ်ဦးဖြစ်သည်။ နိုင်ငံကျော် အငြိမ့်မင်းသမီး အမာစိန်၏ ဖခင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးနောင်နှင့် အသံတူသည့် တူရိယာပစ္စည်းများကို သုံးသည့် နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသာ နီးစပ်မှုရှိသည်။

အငြိမ့်တွင် အဓိက တီးဝိုင်းဆရာမှာ ပတ္တလားဆရာဖြစ်သည်။ အငြိမ့်တီးဝိုင်းတစ်ခုလုံးကို သူက ဦးဆောင်သည်။

တစ်ခါတစ်ရံတွင် အငြိမ့်မင်းသမီးက သီချင်းသံ ချိုချိုလေးနှင့် အစပြုတတ်ပါသည်။

"ပ တ္တ၄ လား၂ ဆ၇ ရာ"

" ဘာ၄ လဲ၂ ခင် ဗျာ၇ "

"ကျွန်မ ရ၇ည်း၁ စား၃ ရှာ၄ ပေး၄ပါ "

"အပုတ်၄ ပဲ၂ လား၇၊ ကျုပ်၆ ပဲ၄ ဗျာ၃"

သီချင်းကို ပတ္တလားတီးရင်း မင်းသမီးနှင့် အပြန်အလှန် သီဆိုတတ်ကြသည်။

ဝါးနှင့် လုပ်ထားသည့် ဝါးပတ္တလားသည် အကြီးဆုံးသံမှန်ဒုံးကြီးမှစ၍ အောက်အငယ်ဆုံး အချို့ ခုနစ်ပေါက်ဖျား၊ ခြောက်ပေါက်ဖျားထိ နှစ်ဆယ့်သုံးလုံး၊ နှစ်ဆယ့်လေးလုံး ပါတတ်သည်။

အကြီးဆုံး ပတ္တလားအရွက်သည် တောင်ဆုပ်နီးနီးလောက်ရှိပြီး အငယ်ဆုံးမှာ လက်တစ်ညှိုးလောက်သာရှိသည်။

ပတ္တလားရွက်၏ ထိပ်များမှာ နှစ်လက်မ ခန့်ခွာပြီး အပေါက်နှစ်ပေါက်စီ ဖောက်၍ ကြိုးနှင့် သီထားသည်။

ဝါးပတ္တလား အငြိမ့်ခေတ်တွင် ပတ္တလားတီး အကောင်း





ဆုံး အငြိမ့်ဆရာမှာ ဆန္ဒရား ဦးဘသိန်းဖြစ်သည်။

စန္ဒရား ဦးဘသိန်းသည် ဉာဏ်ထက်ပြီး ဂီတတွင် အလွန်အကင်းပါးသည့် ပုဂ္ဂိုလ်ဖြစ်သည်။

မန္တလေးအငြိမ့်တွင် ပါဝင်သည့် ပစ္စည်းများကို လှည်းတစ်စီးဖြင့် ချောင်ချောင်လေး တင်ဆောင်၍ သယ်ယူနိုင်သည်။

အငြိမ့်ပွဲများတွင် လူရွှင်တော်များသည် စည်းကမ်းကောင်းကြသည်။

အငြိမ့်ပွဲကသည့်အခါ ပျက်လုံးအဖြစ် ရယ်စရာ၊ မောစရာ၊ အပြက်အချော် ဟာသပျက်လုံးများ ပြောကြသော်လည်း အကယ့်အပြင်တွင်မူ သူတို့၏ နှမလေးအရင်းလို၊ သမီးလေးလို စောင့်ရှောက်တတ်ကြသည်။

အနေအထိုင် မတော်မတတ်လျှင် သွန်သင်သည်။

လူရွှင်တော်များတွင် ရှေးခေတ်က ဦးသခို၊ ဦးဓာတ်စိုးတို့ နာမည်ကြီးသည်။

လူရွှင်တော်များတွင် အတွဲလိုက် နာမည်ကျော်ကြားသူများရှိသည်။

အငြိမ့်တွင် ရှေ့ထွက် မင်းသမီးသည် အလွန်အရေးကြီးသည်။ ရှေ့ထွက်မင်းသမီး၏ သီချင်းနှင့် အကများသည် သွက်၍မြူးကြွနေရသည်။

တီးလုံးများသည်လည်း အသွက်အမြူးများဖြစ်သည်။

ရှေ့ထွက်မင်းသမီး၏ အဝတ်အစားများသည် အရောင်ရင့်ရင့် မဝတ်ရပေ။ အရောင်လွင်ပြီး တောက်ပ၍ နုနုရွှရွှ အ

www.burmeseclassic.com



ရောင်မျိုးသာ ဝတ်ရမည်။

မင်းသမီးသည် ပန်းပန်မှု၊ ဆံမြိတ်ချမှုများတွင် ခိုင်မြဲ မှုရှိရန် ဂရုပြုရမည်။

ရှေ့ထွက်မင်းသမီးသည် ကနေစဉ် ပန်းပြုတ်ကျခြင်း ဆံမြိတ်ပြုတ်ကျခြင်းမျိုးဖြစ်ပါက ပွဲပျက်ပေသည်။

မင်းသမီးအဖို့ အငြိမ့်အဖို့ အလွန်ကြန္တြေပျက်ပြီး ဂုဏ် သိက္ခာပြန်ဆယ်ရန် ခက်ခဲတတ်သည်။

လူရွှင်တော်များသည် ရှေ့ထွက်မင်းသမီး ထွက်သည့် အချိန်တွင် အငြိမ့်အတွက် အလွန်အရှိန်ယူရသည့်အချိန် ဖြစ် သည်။

ဆိုခြင်း၊ တီးခြင်း၊ ကခြင်းများအပြင် လူရွှင်တော်များ၏ ပြက်လုံးများက ပရိသတ်ကို ပါးစပ်မစေ့အောင် ရယ်နိုင်စွမ်း ရှိ နေရပါမည်။

အလယ်ထွက်မင်းသမီးကို ဂုတ်စီးဟု ခေါ်နိုင်သည်။

အလယ်ထွက် မင်းသမီးသည် အငြိမ့်ပွဲအတွက် ပရိ သတ်ကို မကြိုက်ကြိုက်အောင် တာဝန်ယူရသူဟု ဆိုရမည်။

အလယ်ထွက်မင်းသမီးသည် ကသည့်အငြိမ့်ပွဲ အ ကြောင်းကို ပြောပြရသည်။ ကထိန်ပွဲ၊ အလှူပွဲ၊ မင်္ဂလာဆောင် ဘုန်းကြီးပျံ၊ ကျောင်းရေစက်ချ၊ ကလေးပုခက်တင်အလှူ စသည့် ဖြင့် ရှင်းလင်းပြရသည်။

အချို့အလှူများတွင် . . တေးထပ်စသည့် အလှူအ ကြောင်းနှင့်စပ်ဆိုင်သော ကဗျာများကို ရေးပေးပြီး ဆိုခိုင်းလျှင်





ည်း ဆိုပြနိုင်ရသည်။

အလယ်တွင် မင်းသမီးသည် တည်ငြိမ်သည့် အရောင်၊ အရောင်ရင့်ရင့်ကို ဝတ်တတ်ကြသည်။

နောက်ထွက်မည့် ခေါင်းဆောင်မင်းသမီး၏ အရည် ချင်းကို သိတတ်စွာ အချိန်ကို ပိုင်းဖြတ်ပေးသည်။

လူရွှင်တော်များသည် ခေါင်းဆောင်မင်းသမီး ထွက် သည့်အချိန်တွင် အရှိန်ထပ်တင်ပေးသည်။

ခေါင်းဆောင်မင်းသမီးသည် အငြိမ့်ခုံပေါ်မှာသာ အလှ ပြင်သည်။

ရှေ့ထွက်မင်းသမီးကနေသည့်အချိန် သူမအလှ မပြင် သေးပေ။ ကနေသူကို ဦးစားပေးသည်။ ပို့ပေးသည်။

ခေါင်းဆောင်မင်းသမီးကို အငြိမ့်ခုံနောက်တွင် လာ ရောက်နှုတ်ဆက်သူများကိုပင် အသံကျယ်ကျယ်မပြောပေ။ ပြုံးပြခြင်း၊ ခေါင်းညိတ်ပြခြင်းမျိုးဖြင့်သာ ပြန်၍ နှုတ်ဆက်လေ့ ရှိသည်။

အငြိမ့်ပွဲတွင် ရှေ့က ဆို. တီး. က နေသူများကို ဦးစား ပေး အလေးထားခြင်းသည် ဇာတ်သဘင်တို့၏ ယဉ်ကျေးသည့် ထုံးတမ်းများဖြစ်သည်။

ခေါင်းဆောင်မင်းသမီးသည် အလယ်ထွက်မင်းသမီး က၍ တစ်ဝက်ခန့်အချိန်ရောက်မှ သနပ်ခါးလူးကား စပြီးအလှ ပြင်သည်။

ရှေ့ထွက် က,ကာနီးမှ ထဘီလဲသည်၊ ဖီး၊ လိမ်း၊ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



စားချိန်သည် ခေါင်းဆောင်မင်းသမီး ထွက်ရမည့်အချိန်နှင့် တိုက်ဆိုင်ဖြစ်သည်။

အလယ်ထွက်မင်းသမီး က,ပြီး သည့်အခါတွင် လူ... တော်များ ထွက်သည်။

"တစ်ပါးကလေး အနားပေးမှ တော်တော့မကိုး" ပြောဆိုကာ မှတ်စရာ၊ သားစရာ လက်ာတစ်ခုရွတ်ပြီး လေ... ထိုးသည်။ ရွတ်ဆိုနေသည့် လက်ာကား နည်းနည်းရှည်သ...

ထိုအချိန်တွင် ခေါင်းဆောင်မင်းသမီးက နဲ့ဆရာ... နားကနေပြီး ကြေးနောင်ဝိုင်းနှင့် ပတ္တလားကြားမှ အငြိမ့်ခုံ... သို့ ထွက်လာသည်။

နေရာရောက်လျှင် ပတ္တလားဘက်လှည့်ပြီး ကွန်ခြေ... နှင့် ထိုင်နေသည်။

ထိုအခိုက်မှာ . ပတ္တလားဆရာသည်ပင်လျှင် သူ... မျက်နှာအလှကို မမြင်ရအောင် ခေါက်ယပ်တောင်လေးကို ... ပြီး ကွယ်ထားတတ်သည်။

ခေါင်းဆောင်မင်းသမီးသည် အလွန်လှပသစ်လွ... တောက်ပသည့် အဝတ်အစားများကို အစွမ်းကုန်ဝတ်ဆင်... သည်။

တလက်လက်တောက်ပသည့် လက်ဝတ်ရတနာများ... ဆင်မြန်းဝတ်ဆင်ထားသည်။

ခေါင်းဆောင်မင်းသမီးကို အငြိမ့်ကြည့် ပရိသတ်မ... မကြိုက်၍ မဖြစ်ပေ။





ခေါင်းဆောင်မင်းသမီးကို ပရိသတ်ကြိုက်ရန် အငြိမ့် တစ်ဖွဲ့လုံးမှာ တာဝန်ရှိသည်ဟု အငြိမ့်အဖွဲ့သားများက ခံယူထားကြသည်။

အငြိမ့်အဖွဲ့အပေါ်မှာ စေတနာမေတ္တာပြည့်ဝကြသည့် အဖွဲ့သားများ၏ ကြိုးပမ်းမှုက ပေါ်လွင်လှသည်။

ခေါင်းဆောင်အငြိမ့်မင်းသမီး သီဆိုမည့် တေးသီချင်းများကိုလည်း အငြိမ့်ဆရာက သီချင်းရေးဆရာထံမှာ အထူးစပါယ်ရှယ် ရေးစပ်ရန် အပ်နှံသည်။

သီချင်းသည် ပထမခြေဆင်း၊ နောက် နရီတစ်ပိုဒ်၊ ထို နောက် ကောရပ်(စ) (chorus) ခေါ် သံပြိုင်ပိုဒ်၊ ပြီးလျှင် အတပိုဒ်၊ နောက်ဆုံး၌ ဘင်ပိုဒ်တို့ စုံညီစွာ ပါဝင်စပ်ဆိုရေးဆွဲထားသည်။

ဘင်ပိုဒ်ဆိုသည်မှာ ဘင်သံနှင့် တီးရသည့် တေးသွားမျိုးဖြင့် ရေးထားခြင်းဖြစ်သည်။

ခေါင်းဆောင်မင်းသမီးဆိုသည်မှာ "ခေါင်းဆောင်" ဟု ဆိုသည့်အတိုင်း အရှိန်ဩဇာကြီးသည်။

အငြိမ့် လူရွှင်တော်များသည် ခေါင်းဆောင်မင်းသမီးနှင့် တွဲ၍ပြက်ရသည့် ပြက်လုံးများကို လွန်စွာကြမ်းတမ်းမှု မပါရှိအောင် ဂရုပြုကြသည်။ လေးစားမှုပြုခြင်းဖြစ်သည်။

ခေါင်းဆောင်မင်းသမီးသည် ခါးတောင်အကျီအဖြူရောင်ကို အဝတ်များသည်။ ထဘီမှာ တောက်ပြောင်လှပသည့် ကြိုက်သော အရောင်ကို ဝတ်ဆင်သည်။

ခေါင်းဆောင်မင်းသမီး၏ ရင်ခံသည် ထဘီနှင့် အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်တူဖြစ်သည်။

ဘီးဆံထုံး ဆံမြိတ်ချ၊ လည်ပင်းမှာ ပုဝါ၊ လက်မှာ ယပ်တောင်ကိုင်ထားသည်။

ထိုခေတ်က အငြိမ့်မင်းသမီးများသည် မျက်တောင်တုများ မတပ်ပါ။

မူလမျက်လုံး မျက်ခုံးများက နဂိုလှကြောင်း ပေါ်လွင်လှသည်။

လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်လုံးဟူသော စာဆိုနှင့် ညီသည့် အငြိမ့်ခေါင်းဆောင်မင်းသမီးတွင် အားသာချက်များစွာ ရှိတတ်သည်။

အချို့မင်းသမီးသည် ရုပ်ချော၊ အသံကောင်း၊ အကကောင်းသည်။ အချို့မင်းသမီးသည် အပြင်ရုပ်မလှသော်လည်း မီးရောင်အောက်တွင် အလွန်လှသဖြင့် မီးစားသည်ဟု ဆိုကြသည်။

မင်းသမီးတို့၏ ရုပ်လှခြင်း၊ အသံကောင်းခြင်း၊ အဆိုကောင်းခြင်း၊ ဖွဲ့ကောင်းခြင်း၊ ပါးနပ်လိမ္မာခြင်းတို့မှာ ပင်ကိုအရည်အချင်းများဖြစ်သည်။

"အက" ဆိုသည်မှာ တီးလုံးတီးကွက်အဆစ်နှင့် အံဝင်ခွင်ကျ တီးပြီးကကြရခြင်းဖြစ်၍ ကြိုးစားယူနိုင်သည့် အရည်အချင်းဖြစ်သည်။

ထိုခေတ်က အသံချဲ့စက်ပေါ်နေသော်လည်း အငြိမ့်တွင် အသံချဲ့စက် မသုံးကြသေးပေ။





မြန်မာ့ယဉ်ကျေးမှုဆိုတာ အနုပညာနှင့် ဆက်စပ်မှုရှိနေကြသည်။

အနုပညာနှင့် ပတ်သက်ပြီး အကြောင်းအရာချင်း မတူကြသော်လည်း အနှစ်သာရရှိတာချင်းတော့ တူသည်။

ပန်းချီဖြစ်စေ၊ ဂီတဖြစ်စေ၊ ဇာတ်သဘင်ပဲဖြစ်စေ ကိုယ်ပိုင်ဟန်နှင့် ယဉ်ကျေးမှုတော့ရှိကြသည်။

ခေတ်မီတိုးတက်လာသော ခေတ်ကာလတွင် အခြားတိုင်းပြည်တို့မှ ဖန်တီးသော အနုပညာများနှင့် ပေါင်းစပ်ဖြေဖျော်ခွင့်တော့ ရှိသည်။

သို့သော် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု မပျောက်ပျက်အောင်တော့ ထိမ်းသိမ်းထားသင့်သည်။

ရှေးအခါက မြန်မာ့ဇာတ်အဖွဲ့ကြီးတွေ အငြိမ့်အဖွဲ့ကြီးတွေ ဆိုင်းအဖွဲ့ကြီးတွေ ရှိခဲ့ကြသည်။

တစ်ဖွဲ့ချင်း ဖြေဖျော်သည်လည်း ရှိသည်။

နှစ်ဖွဲ့ပေါင်းပြီး ဖြေဖျော်သည်လည်း ရှိသည်။

နှစ်ဖွဲ့ပေါင်းကြသည်မှာ ဇာတ်သဘင်အဖွဲ့နှင့် ဆိုင်းအဖွဲ့ ပူးပေါင်းဖြေဖျော်ခြင်းပင်ဖြစ်သည်။

ရွှေစားကြီး စိန်ဗေဒါနှင့် အောင်လံတော် ခင်စိန်ဇာတ်အဖွဲ့တွဲသည်။

ရွှေစားကြီး ဦးဘမောင်ဆိုလျှင် ဦးဖိုးစိန် ဇာတ်အဖွဲ့ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့တို့နှင့် လက်တွဲခဲ့သည်။ ရွှေစားကြီး စိန်ဗေဒါက နေမျိုးဗလကျော်သူဘွဲ့ရသည်။ ရွှေစားကြီး ဦးဟန်ပ



www.burmeseclassic.com

www.burmeseclassic.com



က လက်ာကျော်စွာ ဘွဲ့ရခဲ့ကြသော်လည်း ဆိုင်းဝိုင်းထဲမှာ သံကြောင်၊ သံပျက်တွေ ထည့်တီးတာမျိုး မရှိခဲ့ပေ။

ရွှေမန်းတင်မောင် အလင်္ကာကျော်စွာဘွဲ့ရခဲ့တာ၊ စိန်အောင်မင်း ဝဏ္ဏကျော်ထင်ဘွဲ့ရခဲ့တာတွေကလည်း သရုပ်ပျက်တင်ဆက်မှုများကြောင့် ရခဲ့သည်တော့ မဟုတ်ပေ။

နာမည်ကျော် ဇာတ်အဖွဲ့ကြီးတွေမှာ ဇာတ်ထုပ်ကောင်းကောင်းတွေရှိခဲ့ကြသည်။

ဦးဖိုးစိန်ဆိုလျှင် မင်းကုသဇာတ်၊ ရွှေကျီးညိုဆိုလျှင် သဒ္ဒါသုမနဇာတ်၊ ဦးအောင်မောင်းဆိုလျှင် ပန်းပဲမောင်တင့်တယ်ဇာတ်၊ စိန်အောင်မင်းဆိုလျှင် ချင်းဖဝေးဇာတ်၊ ရွှေမန်းတင်မောင်ဆိုလျှင် လက်ဝဲသုန္ဒရဇာတ်နှင့် နောက်ပိုင်း မဟာဗုဒ္ဓဝင်ဇာတ်တော်များ ကပြရာတွင် သူမတူအောင် ကောင်းခဲ့ကြပေသည်။

ယခုတော့ ပါရမီရှင်ကြီးများ မရှိသလောက် နည်းသွားခဲ့ကြပေပြီ။

အနုပညာမျိုးဆက်များလည်း ထိန်းသိမ်းနိုင်ကြသူများ ရှိကြသကဲ့သို့ ပျက်စီးယိုယွင်းမှုများလည်း ရှိလာခဲ့ကြပေတော့သည်။







# အခန်း (၁၅)

# ကျောက်ပြာသာဒ်သခင် ကကြိုးရှင်

မကြာမီ မိုးရာသီရောက်ပေတော့မည်။ ဇာတ်ပွဲ၊ အငြိမ့်ား နားကြရပေတော့မည်။ မြသရဖူ အငြိမ့်အဖွဲ့မှာလည်း က်ထပ် တစ်ပွဲ၊ နှစ်ပွဲကပြပြီးလျှင် အငြိမ့်အဖွဲ့နားကြတော့ ဖြစ်သည်။

ထိုအခါ မြဝင်းသူက နီမောင်နှင့်တွေ့ပြီး ပြောသည်။

"ကိုနီမောင် ဒီနှစ်တော့ ကျွန်မတို့ အခက်အခဲတွေ့နေ း စောမာလာနဲ့ ကိုနီမောင်လာပြီး အကူအညီပေးကြတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေး အဆင်ပြေသွားကြတယ်၊ ဒီအတွက်လည်း များကြီး ကျေးဇူးတင်ပါတယ်”

နီမောင်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံး လေသည်။

“စောမာလာကတော့ လာမယ့်နှစ်မှာ သူ ကမ တော့ဘူးလို့ ကျွန်မကိုပြောတယ်၊ သူဝါသနာပါတဲ့ အလုပ် နေရတာပဲ၊ နောက်ပြီး ဒီလောက်အောင်မြင်နေတာပဲ သူ ကြောင့် ဆက်မလုပ်တော့တာလဲဟင်”

“သူ့မှာလည်း အကြောင်းအမျိုးမျိုးတွေ ရှိမှာပေါ့ဗျာ”

“ဒါထက် ကျွန်မ ပွင့်ပွင့်လင်းလင်းမေးချင်ပါတယ် မာလာနဲ့ ကိုနီမောင်နဲ့က ချစ်သူတွေလား”

“ဟင့်အင်း . . မဟုတ်ကြသေးပါဘူး”

“ဒါပေမယ့် . . သူ့ကြည့်ရတာ ကိုနီမောင်အပေါ်မှာ တော်ကလေး သံယောဇဉ်ရှိနေပုံပဲ၊ ဘာကြောင့်လည်းဆို ကိုနီမောင်ကို တခြားမိန်းကလေးတွေနဲ့ ရောရောနှောနှော တာ သဘောကျပုံမရဘူး”

“သူနဲ့ကျွန်တော်နဲ့က ခင်မင်တဲ့အဆင့်မှာပဲ ရှိနေ သေးတယ်”

“ဒါပေမယ့် ကိုနီမောင်အနေနဲ့လည်း သွေးမတော် မစပ်တဲ့ မိန်းကလေးတစ်ယောက်ကို အလုပ်ပျက်အကိုင် လိုက်ပြီး အကူအညီပေးနေတာက. . . သူ့အပေါ်မှာထား သံယောဇဉ်ကို အကဲခတ်လို့ရပါတယ်”





“ကျွန်တော် အခုလိုလိုက်ပြီး အကူအညီပေးနေတာ သူ့အတွက်ချည်းသက်သက်တော့ မဟုတ်ပါဘူး၊ မြဝင်းသူတို့ အခက်အခဲကို ဝင်ပြီး အကူအညီပေးနေတာလည်း ပါပါတယ်”

ထိုစကားကြားတော့ မြဝင်းသူ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

“ဘာပဲဖြစ်ဖြစ် ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း ထပ်တင်ပါတယ်၊ အကူအညီပေးလက်စနဲ့ အကူအညီတောင်းရရင်တော့ လာမယ့်နှစ်မှာလည်း ကိုနီမောင်တို့ နှစ်ယောက် အခုလိုလာပြီး လုပ်ပေးနိုင်ရင်တော့ သိပ်ကောင်းမှာပဲ”

“ဒါက ကျွန်တော်သဘောတော့ မဟုတ်ပါဘူး၊ ကာယကံရှင်ရဲ့သဘောကို မေးမြန်းကြည့်ပေးပါ့မယ်၊ တကယ်လို့ လာမယ့်နှစ်မှာ သူဒီမှာ လာပြီးလုပ်ဖြစ်ရင်တောင်မှ ကျွန်တော်ကတော့ လိုက်လာနိုင်တော့မယ် မထင်ဘူး”

“ဘာဖြစ်လို့လဲဟင်. . ”

“ရွာပြန်ရောက်တာနဲ့ ကျွန်တော်တို့ လုပ်နေကျ အလုပ်တွေ ပြန်လုပ်ရဦးမယ်”

“ဒီမှာလုပ်ရင်ကော မဖြစ်ဘူးလား”

“ဒီမှာတော့ ဇာတ်သေတ္တာထမ်းပေးတတ်ရုံကလွဲပြီး တခြားဘာမှ မလုပ်တတ်ပါဘူး”

“ကျွန်မက ရှင့်အတွက် အလုပ်တစ်ခုခု ကြံဖန်ပြီး ပေးထားရင်ကော နေမှာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအလုပ်မျိုးလဲ"

"စာမာလာကို စောင့်ရှောက်ပေးတဲ့ အလုပ်လေ၊ ရှင် လုပ်မယ်ဆိုရင် ရိက္ခာကောင်းကောင်း ပေးထားပါ့မယ်"

"ကျွန်တော် သူနဲ့တိုင်ပင်ပြီးလို့ အဆင်ပြေရင် ပြန်ပြော ပါ့မယ်"

"ကျွန်မကတော့ လာမယ့်နှစ်မှာလည်း ရှင့်ကို ဒီမှာရှိနေ စေချင်တာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုနီမောင်တို့ရှိတော့ ကျွန်မတို့အ တွက် အားကိုးတစ်ခု ရတာပေါ့"

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"

ဟုပြန်ပြောလိုက်သည်။

ပွဲရာသီပိတ်သိမ်းသောအခါ နီမောင်တို့ရော စာမာ လာတို့နှစ်ယောက်ပါ ရွာသို့ ပြန်လာခဲ့ကြသည်။

ရွာရောက်ပြီးနောက်တစ်နေ့မှာပင် စာမာလာတို့ ရွာသို့ လိုက်ပို့ပေးရလေသည်။

ထိုရွာရောက်တော့ သူ့ဆီမှာသိမ်းထားသော ငွေများကို အားလုံး ပြန်ပေးလိုက်သည်။

"စာမာလာက ညကြေးရတဲ့ငွေတွေကို အားလုံးစုပေး ထားပါတယ်၊ တစ်ပြားမှ ယူမသုံးခဲ့ပါဘူး"

"ကျွန်မ အတွက်က ဒီငွေတွေ မလိုပါဘူး"

"ဒါဖြင့် ဘာလုပ်မှာလဲ"

"ကျွန်မအတွက် စေတီတစ်ဆူတည်ပေးပါ၊ ကျွန်မပွဲက ဘဲ့ ရည်ရွယ်ချက်က နာမည်ကြီးချင်လို့မဟုတ်ပါဘူး၊ ရတဲ့ငွေနဲ့





ဘုရားတည်ဖို့ပါပဲ၊ အဲ့ဒီကိစ္စတော့ အစ်ကိုပဲ ဆောင်ရွက်ပေးပါ"

ဟု အကူအညီတောင်းပြန်လေသည်။

နီမောင်က သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်ပြ လိုက်သည်။

"မင်းလုပ်ပေးစေချင်တာတွေကို ဖြစ်အောင်လုပ်ပေး ပါ့မယ်၊ ဒါပေမယ့် မင်းရဲ့ဘဝအမှန်ကိုလည်း ငါ့ကို ပြောပြပေး ပါ"

ထိုသို့မေးလိုက်သောအခါ စာမာလာ မျက်နှာလေးမှာ တစ်ချက်ညှိုးကျသွားလေတော့သည်။

"အစ်ကိုက ဘယ်လိုထင်နေလို့လဲ"

"မင်းနဲ့စတွေ့ကတည်းက သာမန်မိန်းကလေးတစ် ယောက် မဟုတ်ဘူးဆိုတာ ငါရိပ်မိပါတယ်"

"ဟုတ်ပါတယ်၊ အစ်ကိုထင်သလိုပါပဲ ကျွန်မက သာ မာန်လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ကျောက်ပြာသာဒ်သိုက် ကို စောင့်ရှောက်နေရတဲ့ သိုက်နန်းရှင် တစ်ယောက်ပါပဲ"

"ဒါဖြင့် ဒီကျောက်ပြာသာဒ်ရွာကြီးကလည်း မင်းတို့ ဖန်ဆင်းထားတဲ့ နေရာတစ်ခုပဲ မဟုတ်လား"

"ဟုတ်ပါတယ် တခြားလူတွေတော့ မမြင်နိုင်ပါဘူး၊ အစ်ကိုတို့ကိုခေါ်ပြီး ဧည့်ခံတဲ့အချိန်လောက်သာ တွေ့မြင်နိုင် ပါတယ်"

နီမောင်က သူတို့ရောက်နေစဉ် တကယ့်ရွာကြီးတစ်ခု နှင့်မခြား၊ လူသူစည်ကားလှစွာဖြင့် မီးရောင်တထိန်ထိန်နှင့် ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသော ရွာကြီးကိုကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူ့အနေဖြင့် ထိုသို့သိရသော်လည်း ကြောက်ရွံ့ခြင်းတော့ မဖြစ်မိပေ။

စောမာလာတို့အပေါ် သနားစိတ်ပင် ဝင်မိလေသည်။

"ဘယ်လိုကြောင့် အခုလိုလုပ်ရတယ်ဆိုတာလည်း ပြောပေးပါဦး"

ထိုသို့ မေးလိုက်သောအခါ စောမာလာက သနားစရာကောင်းသော သူမဘဝအကြောင်းကို ပြန်ပြောပြလေသည်။

"ကျွန်မက ဟိုဘဝက အငြိမ့်မင်းသမီးခေါင်းဆောင်တစ်ယောက်ပါပဲ၊ ဒေးစွန်ပါဘုရားပွဲမှာ ပွဲလာကရင်းနဲ့ ရုတ်တရက်သေခဲ့ရပြီး ကျောက်ပြာသာဒ်သိုက်နန်းထဲကို ရောက်ခဲ့ရပါတယ်၊ အဲဒီလို ရောက်ခဲ့ရပေမယ့် ကျွန်မတတ်ထားတဲ့ ပညာတွေကတော့ တစ်ခုမှမမေ့ဘဲ အားလုံး မှတ်မိနေခဲ့ပါတယ်"

"ဒါကြောင့်. . မင်းက အဆိုအကပညာတွေအားလုံး တတ်နေတော့တာကိုး၊ ဒါကလည်း ဘဝဟောင်းက စွဲလန်းစိတ်က ဘဝသစ်မှာ ပါလာခဲ့တာထင်ပါရဲ့၊ ဆက်ပြောပါဦး"

"ကျွန်မ သိုက်နန်းရှင် ဘဝရောက်ပေမယ့် စေတီတစ်ဆူတည်ခွင့်တော့ရတယ်၊ စေတီတည်ရင်လည်း သိုက်နန်းထဲက ရွှေငွေတွေနဲ့ မဟုတ်ဘဲ ကိုယ်ပညာနဲ့ ရှာဖွေလို့ရတဲ့ ရွှေငွေနဲ့မှ တည်လိုရမှာမို့ အခုလို ထွက်ပြီးပွဲကတာပါ"

"ဒါဖြင့် ငါနဲ့တွေ့တာလည်း မင်းအတွက် အဖော်လည်းရ ဘေးလူတွေမြင်ရင် ယုတ္တိရှိအောင်လို့ တမင်ဖန်တီးခဲ့တာ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ကျွန်မတို့ဘဝတွေက လူတိုင်းကို အကူအညီတောင်းလို့ မရပါဘူး၊ စိတ်သဘောထားရိုးသားဖြူစင်တဲ့သူမျိုးကိုသာ အကူအညီတောင်းလို့ ရပါတယ်၊ ဒါကြောင့် အစ်ကိုနဲ့တွေ့ဖို့ တမင်ဖန်တီးခဲ့တာပါ. . ."

စောမာလာက ရိုးသားစွာနှင့်ပင် အမှန်အတိုင်း ပြောလေသည်။

"ဒါဖြင့် မြသရဖူ အငြိမ့်အဖွဲ့မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကရော မင်းကပဲ တမင်ဖန်တီးခဲ့တာလား"

"မြယာကုန်းမှာ ပွဲငှားတဲ့ကိစ္စတွေ၊ ခေါင်းဆောင် မင်းသမီး ပွဲမကနိုင်အောင် ဖြစ်ခဲ့တာတွေကတော့ တမင်ဖန်တီးခဲ့တာပါ၊ တချို့ကိစ္စတွေတော့ သူ့ဘာသာ သူ့အကြောင်းနဲ့သူ ဖြစ်ခဲ့တာပါ"

"ငါကြားခဲ့တာတော့ အရင်ကလူမိုက်တွေ ထောင်ထားတဲ့ အငြိမ့်အဖွဲ့တွေနဲ့ ပွဲပြိုင်ကရင် ပွဲဖျက်ခံရတယ်လို့ ကြားတယ်၊ မင်းကတဲ့နောက်ပိုင်းမှာတော့ ပွဲဖျက်မခံရတဲ့အပြင် သူတို့ပွဲတွေပဲ ပွဲပျက်ပြီး ပြန်ပြေးကြရတယ်၊ အဲဒါကရော ဘယ်လိုကြောင့်လဲ"

"ကျွန်မကတဲ့ပွဲကို ဖျက်ဖို့ကြံရင် သိုက်စောင့်တွေကဝင်ပြီး ကာကွယ်ကြတော့ သူတို့ဖျက်ဆီးလို့ ဘယ်ရတော့မလဲ၊ ကျွန်မကိုနှောင့်ယှက်ဖို့ ကြံစည်နေတဲ့ ခင်မောင်ကျော်ကိုတော့ တစ်ခါလောက်ပဲ ပညာပြလိုက်ရတယ် နောက်တော့ မကြံတော့







www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

ထိုစကားကြားတော့ နီမောင်က သဘောကျစွာဖြင့် ရယ်နေလေသည်။ ပြီးမှ မေးသည်။

"ဘုရားတည်ပေးပြီးရင်ကော ဘယ်လိုဆက်လုပ်မှာလဲ ပွဲကဦးမှာလား"

"ဘိုးဘိုးတို့က ဘယ်လိုအမိန့်ချဦးမှန်း မသိသေးပါဘူး အစ်ကိုရယ်. ."

ဝမ်းနည်းနေသော အသံလေးဖြင့် ပြန်ပြောလေသည်။

"ဒါဖြင့် ဘုရားတည်ပြီးသွားရင် မင်းနဲ့လည်း မတွေ့ရ တော့ဘူးထင်ပါရဲ့"

"အစ်ကိုက ကျွန်မနဲ့ တွေ့ချင်သေးလို့လား၊ ကျွန်မရဲ့ ဘဝအမှန်ကို သိရပြီဆိုတော့ ထပ်တွေ့ချင်စိတ်ရှိသေးလို့လား"

နီမောင်က သူမကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက် ပြီးမှ ပြောသည်။

"မင်း ဘယ်ဘဝရောက်နေတယ်ပဲပြောပြော၊ ဘယ်က လာတယ်ပဲပြောပြော၊ ငါကတော့ မင်းနဲ့တွေ့နေရတာ စိတ်ချမ်း သာပါတယ်၊ ကိုယ့်အလုပ်တွေကိုပစ်ပြီး. . မင်းနောက်ကို တ ကောက်ကောက်လိုက်ပြီး စောင့်ရှောက်ပေးနေတာ. . တော်ရုံ သံယောဇဉ်နဲ့ လိုက်ပြီးစောင့်ရှောက်ပေးနေတယ်လို့များ ထင်နေ လို့လား"

ထိုသို့ပြောလိုက်သောအခါ စောမာလာက မျက်လုံး လေး အဝိုင်းသားဖြင့် မော့ကြည့်နေလေသည်။





"အစ်ကိုက ကျွန်မကို တကယ်မေတ္တာရှိလို့လား"

"ရှိတာပေါ့၊ ဒါကြောင့် ဒီလို အတူလိုက်နေပေးတာပေါ့ မင်းမသိသေးဘူးလား"

"ကျွန်မသိပါတယ်၊ ကျွန်မသဘောထားကိုရော အစ်ကို သိတယ် မဟုတ်လား"

"သိတာပေါ့၊ ဒါပေမယ့် ငါတို့နှစ်ယောက်က ဘဝချင်း မတူကြဘူး၊ ဘဝခြားနေတော့ ဘယ်လို နီးစပ်နိုင်မလဲ"

"ဒါကတော့ စေတီတည်ပြီးမှပဲ အဖြေသိရတော့မှာပဲ ကျွန်မလည်း အစ်ကိုနဲ့ မခွဲချင်တော့ပါဘူး"

ဟုပြောဆိုကာ နီမောင်ရင်ခွင်ထဲသို့ ဝင်လာရာ နီမောင် က ထွေးဖက်ထားလိုက်လေသည်။

သူတို့နှစ်ဦးအတွက် ချစ်သူတို့ဘဝရောက်သွားကြပြီ ဖြစ် သော်လည်း လွတ်လွတ်လပ်လပ် ပျော်ရွှင်နိုင်ခြင်းတော့ မရှိ နိုင်ကြပါချေ. . .။

နောက်ပိုင်းရက်များမှာတော့ နီမောင်တို့တတွေမှာ အလုပ်ရှုတ်ကြရပြန်လေသည်။

နီမောင်က ၄င်းမိဘများနှင့် ရွာလူကြီး ဦးပန်းမြိုင်ကိုပါ အသိပေးပြီး ကျောက်ပြာသာဒ်ရွာရှိသောနေရာနှင့် မနီးမဝေး တောင်ကုန်းတစ်ခုပေါ်တွင် စေတီတစ်ဆူတည်ရန် ပြင်ကြလေ သည်။

ထိုနေရာတစ်ဝိုက်မှာတော့ သစ်တောသစ်ပင်များ၊ ချုံ နွယ်ပိတ်ပေါင်းများသာရှိပြီး အချို့နေရာများမှာတော့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ပြာသာဒ်နှင့်တူသော အရာအချို့ကို တွေ့ကြရသည်။ သို့သော် နှစ်ပရိစ္ဆေရ ကြာမြင့်ခဲ့ဟန်ဖြင့် ပြိုကျပျက်စီးနေကြလေသည်။

ဘုရားတည်သော ကိစ္စဖြစ်သောကြောင့် တစ်ရွာလုံးက ဝိုင်းဝန်းကူညီပေးကြသည်။

သို့သော်လည်း ထိုနေရာနှင့် မနီးမဝေးမှာ ကျောက်ပြာသာဒ်ရွာကြီးရှိနေသည်ကိုတော့ နီမောင်မှလွဲပြီး ကျန်သောရွာသူရွာသားများက မမြင်မတွေ့ရပေ။

သို့သော်လည်း မကြာခဏဆိုသလို တောထဲမှာ မိန်းကလေးတစ်သိုက် ထွက်လာကြပြီး သောက်ရေနှင့် ထမင်းဟင်းများ လာရောက်ပို့ပေးကြသည်။

ရွာသူရွာသားများက ထမင်းဟင်းလျှာများကို အလျှံပယ်စားသောက်နေရသဖြင့် သဘောကျသော်လည်း ဘယ်ရွာကလာသည် ဘယ်သွားမည်ကိုတော့ မစပ်စုကြတော့ပေ။

သူတို့သည် ထိုအရပ်ဒေသတွင် နေထိုင်ကြသူများ ဖြစ်သဖြင့် သူတို့တတွေမသိသေးသော. . မသိနိုင်သောအကြောင်းများ ရှိနေသည်ကိုတော့ သဘောပေါက်ကြလေသည်။

ဘုရားတည်ပြီးသဖြင့် ထီးတင်ပွဲရောက်သောအခါ မြသရဖူအငြိမ့်အဖွဲ့ကိုပင် သွားရောက်ခေါ်ပြီး ကပြစေသည်။

ပွဲရာသီ သိမ်းပြီဖြစ်သဖြင့် လူမစုံတော့သော်လည်း ရှိတဲ့လူစုပြီး လိုက်လာကာ ကပြပေးသည်။

ထိုပွဲမှာတော့ ခေါင်းဆောင်မင်းသမီးအဖြစ် စောမာလာကပင် စင်ပေါ်တက်ပြီး ကပြလေသည်။





ပရိသတ်များကတော့ အင်းကြင်းမြိုင်ရွာမှ ရွာလုံးကျွတ်လာကြည့်ကြရုံမကဘဲ နီးစပ်ရာရွာများကပါ လာရောက်အားပေးကြသဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကြိတ်ကြိတ်တိုး စည်းကားနေလေတော့သည်။

ထိုပွဲကရာသို့ အင်းကြင်းမြိုင်ရွာအပါအဝင်၊ ပတ်ဝန်းကျင်ရွာများမှလူများ လာရောက်ပွဲကြည့်ကြသလို. . .

ပရလောကသားများ၊ သိုက်နန်းပေါင်းများစွာမှ ထွက်လာကြပြီး ပွဲကြည့်သူများရှိနေသည်ကိုတော့ နီမောင်တို့မှလွဲပြီး အခြားသူများ မသိနိုင်ကြပါချေ. . .။



☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

# အချစ် သို့မဟုတ် ကကြိုးဆင်သောအရာ

ထိုခေတ်ထိုအချိန်က ဒေးစွန်ပါနယ်တစ်ကြောတွင် ကပြခဲ့သော. . "ကျောက်ပြာသာဒ်သခင် ကကြိုးရှင်" ကသည့် အငြိမ့်ပွဲအကြောင်းမှာ ပြောမဆုံးနိုင်အောင် ဖြစ်ခဲ့ကြလေသည်။

ခေါင်းဆောင်မင်းသမီး ဘယ်လောက်ချောကြောင်း၊ ဘယ်လို အသံကောင်းကြောင်း၊ ဘယ်လိုအကကောင်းကြောင်း ချီးကျူးပြောဆိုမှုများမှာ အချိန်အတော်ကြာသည်အထိ ပြောဆိုနေခဲ့ကြပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အငြိမ့်ပွဲပြီးသောအခါ စောမလာကိုယ်တိုင် ငွေဒင်္ဂါးများ ထည့်ထားသော အထုပ်တစ်ထုပ်ကို ယူလာပြီး ဦးစိန်လှမြင့်အား ပေးလေသည်။

"ကျွန်မရဲ့ အလှူ့ပွဲကိုလာပြီး ကပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီငွေကို ပေးပါတယ်၊ ဇာတ်ဆရာတို့ သုံးချင်ရာသာ သုံးပါ"

ထိုသို့ပေးသောအခါ . . ပထမတော့ အံ့ဩသွားလေသည်။

နောက်တော့မှ စောမာလာ၏အခြေအနေကို သဘောပေါက်သွားကြလေသည်။

ပြန်ကာနီးတော့ မြဝင်းသူက နီမောင်ကိုပြောသည်။

"အခုမှပဲ ကျွန်မလည်း စောမာလာနဲ့ ပတ်သက်ပြီး သဘောပေါက်ပေတော့တယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ လာမယ့်နှစ် ပွဲရာသီမှာ သူ့အဆင်ပြေလို့ လာကမယ်ဆိုရင် ကျွန်မတို့ကတော့ ဝမ်းသာကြရမှာပါပဲ"

"ကျွန်တော် ကြိုးစားပေးပါ့မယ်၊ ဒါထက် သူမပါရင်ကော လာလည်လို့ရမလား"

"ရပါတယ်၊ ကိုနီမောင် အခက်အခဲရှိလို့ပဲဖြစ်ဖြစ်၊ လာလည်ချင်လို့ပဲဖြစ်ဖြစ် အချိန်မရွေး လာလည်နိုင်ပါတယ်၊ ရှင်ဝါသနာပါလို့ ဇာတ်မန်နေဂျာလုပ်မယ်ဆိုရင်တောင် ထားပေးနိုင်ပါတယ် . . ."

ဟု ပြောဆိုပြီး ပြန်သွားကြလေတော့သည်။





ဘုရားပွဲပြီးသောအခါ နီမောင်တို့လည်း မိမိတို့ရွာသို့ ပြန်ခဲ့ကြလေသည်။

နီမောင်တို့ သုံးယောက်လည်း ရွာသို့ပြန်ရောက်လာပြီးနောက် မိမိတို့အလုပ်များကိုပင် ပြန်လည်လုပ်ကိုင်ရန် ပြင်ဆင်ကြရပေတော့သည်။

တစ်ပတ်ခန့်ကြာသောအခါ သူရှိသောရွာသို့ စောမာလာရောက်လာပြန်သည်။

သူမမျက်နှာမကောင်းသည်ကို အကဲခတ်မိသဖြင့် တစ်နေရာသို့ခေါ်သွားပြီး မေးမြန်းကြည့်ရလေသည်။

"မာလာ . . မျက်နှာလည်း မကောင်းပါလား၊ ဘယ်လိုအကြောင်းကိစ္စရှိလို့လည်းဟင်"

"အစ်ကို့ကို ပြောစရာရှိလို့ လာခဲ့တာပါ . . ."

"ပြောလေ . . . ."

စောမာလာက မျက်နှာပေါ်သို့ စီးကျလာသော မျက်ရည်စတို့ကိုသုပ်ရင်း ပြောသည်၊

"ကျွန်မနဲ့အစ်ကို နီးစပ်ဖို့တော့ မလွယ်တော့ဘူး"

"ဘယ်လိုဖြစ်လို့လဲဟင်၊ မာလာရဲ့ ဘိုးဘိုးက ခွင့်မပြုဘူးလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ အစ်ကိုနဲ့ အတူနေမယ်ဆိုရင် ကျွန်မဘဝက ကျွတ်လွတ်ခွင့် မရနိုင်တော့ဘူး နောက်ပြီး အစ်ကို့ကိုလည်း ကျွန်မတို့သိုက်ထဲကို အပြီးခေါ်ထားရမယ်"

"နေ ဆိုတော့လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မသဘောကတော့ လူ့ဘဝနဲ့ ကျွန်မတို့နေရတဲ့ ဘဝက မတူပါဘူး၊ မြင့်မြတ်တဲ့ ဘုံဘဝနဲ့ နိမ့်ကျတဲ့ဘုံဘဝမျိုးလိုပဲ ကွာခြားပါတယ်၊ အစ်ကို့ကို ဘယ်လောက်ပဲချစ်နေပေမယ့် ဒီလိုနိမ့်ကျတဲ့ ဝေမာနိကဘဝမျိုးမှာတော့ တစ်သက်လုံး ခေါ်မထားရက်ပါဘူး"

"ဒါ. . . ဒါပေမယ့်"

"နောက်တစ်ခုလည်း ရှိသေးတယ်၊ အစ်ကိုနဲ့ အတူတူ မနေတော့ဘူးဆိုရင် ကျွန်မ နောက်ထပ်စေတီနှစ်ဆူ တည်ခွင့် ရမယ်. ."

"ဟင်. . ဒါဖြင့် ပွဲကပြီး ငွေရှာလို့ ရသေးတာပေါ့နော်"

"ဟုတ်တယ်၊ စေတီသုံးဆူတည်ပေးပြီးရင် ကျွန်မဒီဘဝကနေ တစ်ခါတည်း လွတ်မြောက်ခွင့်ရမယ်"

"ကောင်းတာပေါ့၊ ဒါပေမယ့် ဘယ်လိုလုပ်ကြမလဲဟင်"

"လာမယ့်နှစ်မှာ ကျွန်မအငြိမ့်ကမယ်၊ ကျွန်မခွေးနည်းစာနဲ့ ရှာလို့ရတဲ့ငွေကို စုထားပြီး ကျန်တဲ့ စေတီနှစ်ဆူတည်ရမယ် ကျွန်မတော့ ဒီလမ်းကိုပဲ ရွေးချင်ပါတယ်၊ အစ်ကို့အနေနဲ့ ကျွန်မကို နားလည်ခွင့်လွှတ်ပေးပါ"

ထိုစကားကြောင့် နီမောင်ရင်ထဲမှာ ဆို့နင့်နေသည်။

ဘယ်လိုစကားမျိုးနှင့် ပြန်ပြောရမှန်းပင် မသိတော့ပေ။ သို့သော်လည်း ထိုကဲ့သို့ပြုလုပ်ခြင်းသာ စောမာလာအတွက် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

အချစ်စိတ်တစ်ခုတည်းကိုပင် ဦးစားပေးပြီး အတူနေ





ရန် ရွေးချယ်ပါက သူမကို ဝေမာနကပြိတ္တာဘုံဘဝမှ မကျွတ်မလွတ်အောင်ထားပြီး ဒုက္ခပေးသလို ဖြစ်ပေတော့မည်။

စေတီသုံးဆူတည်ပြီးပါက ထိုဘုံဘဝမှ ကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝသို့ ရောက်သွားပါက သံသရာခရီးအတွက် များစွာ ကောင်းမွန်သွားပေလိမ့်မည်။

"ကောင်းပါပြီ. . မင်း ဒီဘဝက လွတ်မြောက်ဖို့ အစ်ကိုတို့နှစ်ယောက် အရင်တွေ့စကလိုပဲ ဖြူဖြူစင်စင်နေကြတာပေါ့"

"ကျွန်မလည်း စိတ်မကောင်းပါဘူး၊ ဒီလမ်းကိုရွေးမှသာ ကျွန်မအတွက်သာမကဘူး၊ အစ်ကို့အတွက်ပါကောင်းမှာပါ၊ အစ်ကို့လို ဖြူစင်တဲ့ သူတစ်ယောက်ကို ကျွန်မတို့လို နိမ့်ကျတဲ့ ဘုံဘဝမှာ ခေါ်မထားရက်ပါဘူး. . ."

ဟုပြောရင်း ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်စများကို သုပ်ဖယ်ပစ်နေရာ နီမောင်က သူမလက်ကလေးကို ကိုင်ပြီး နှစ်သိမ့်မှုပေးရလေသည်။

"ဒါဖြင့် ဘုရားတည်ဖို့အတွက် မင်းလုပ်အားနဲ့ ငွေရဖို့အတွက် လာမယ့်နှစ် အငြိမ့်ပြန်ကမှာလားဟင်"

ဟုမေးလိုက်သည်။

"ဟုတ်တယ် သုံးနှစ်လောက်တော့ ကျွန်မ အငြိမ့်ပြန်ကရမယ်၊ ဒါမှာ အစ်ကိုနဲ့ အတူတူနေခွင့်ရမှာလေ၊ အစ်ကိုကရော ကျွန်မနဲ့ အတူလိုက်နေပေးမှာ မဟုတ်လား၊ အစ်ကို့ကို အငြိမ့်ရဲ့ မန်နေဂျာခန့်ပေးမယ်လို့ ပြောထားတယ် မဟုတ်လား"

"အစ်ကိုက ဘာမှမလုပ်တတ်ပါဘူး၊ ဒါပေမယ့် မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပါရမီဖြည့်ပေးတဲ့အနေနဲ့ လိုက်ခဲ့ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ကျွန်မနဲ့ အတူ သုံးနှစ်သုံးမိုး လိုက်ပြီး အကူအညီပေးတဲ့ အစ်ကိုတို့ မိသားစု အတွက်လည်း ရင်းနှီးစားသောက်ဖို့ ကျွန်မပေးထားခဲ့ပါ့မယ်"

"အစ်ကိုတို့ မိသားစုအတွက် ဒါတွေမလိုပါဘူး မာလာ ရယ်"

"သိုက်ထဲမှာရှိတဲ့ ရွှေငွေရတနာတွေကို သုံးသင့်သ လောက်ယူသုံးပြီး ပေးသင့်တဲ့သူကို ပေးခွင့်ရှိပါတယ်၊ ဒီပစ္စည်း တွေယူပြီး ဘုရားတည်ရင်သာ ကျွန်မအတွက် ကုသိုလ်မရတာ ဒီတော့ ကျွန်မပေးတာကိုလည်း အစ်ကို မငြင်းပါနဲ့၊ နောက်ပြီး အစ်ကို့ကို ပြောစရာရှိသေးတယ်"

"ဘာများလဲ. . ."

"မမြဝင်းသူက အစ်ကို့အပေါ်မှာ စိတ်ဝင်စားနေတယ် ဆိုတာ ကျွန်မရိပ်မိပါတယ်၊ အခုကျွန်မတို့က မောင်နှမဘဝကို ပြန်ရောက်သွားပြီဆိုတော့ အစ်ကို ဒါကိုလည်း စဉ်းစားစေချင် တယ်"

နီမောင်ကတော့ သက်ပြင်းတစ်ချက်သာ ချလိုက်ပြီး ဘာမှပြန်မပြောတော့ပေ. . .။

နောက်ပိုင်းမှာတော့ စောမာလာတစ်ယောက် မြသရဖူ အငြိမ့်အဖွဲ့မှာ သုံးနှစ်သုံးမိုး ကဖြစ်လေသည်။

နီမောင်ကတော့ သူမနှင့်အတူပါသွားပြီး နောက်ပိုင်း ပွဲလက်ခံသော မန်နေဂျာအဖြစ် ဆောင်ရွက်ပေးရလေသည်။



စောမာလာကပြပေးသော နှစ်များမှာတော့ မြသရဖူ အငြိမ့်အဖွဲ့မှာ အောင်မြင်မှုများ ရခဲ့လေသည်။

သူမ ကပြနေသောအချိန်များတွင် အခြားအနှောင့်အ ယှက်များလည်း မပေးဝံ့ကြတော့သဖြင့် ဘယ်ရောမဆို အေး အေးချမ်းချမ်း ကပြနိုင်ကြလေသည်။

ထိုကာလများအတွင်းမှာပင် စောမာကပင် ကြားထဲမှ အောင်သွယ်ပေးသဖြင့် နီမောင်နှင့် မြဝင်းသူတို့နှစ်ယောက် လည်း ချစ်သူများအဖြစ်သို့ ရောက်ခဲ့ကြရပေသည်။

စောမာလာကတော့ ကျေနပ်သော အမူအယာဖြင့် ပြုံး နေသော်လည်း တစ်ခါတစ်ရံ သူမမျက်နှာပေါ်တွင် ဝမ်းနည်း ကြေကွဲရိပ်ကလေးများ သမ်းနေတတ်ပေသည်။

မတတ်နိုင်တော့ပါချေ. . . .။

ရုပ်သေးရုပ်မှာ ကြိုးဆွဲရာ ကရသကဲ့သို့၊ လူသားတို့၏ ဘဝမှာလည်း ကံကြမ္မာစေညွှန်းရာအတိုင်းသာ လိုက်နာကြရုံ မှတစ်ပါး အခြားမရှိတော့ပါချေ. . .။

ချစ်ခဲ့ပြီးမှ ထိုအချစ်ကို ဆုံးရှုံးရခြင်းသည်. . .

မချစ်လိုက်ခြင်းထက်တော့ ပိုကောင်းသည်ဟု ဆိုရပေ မည်။

ယခုတော့ နီမောင့်အဖို့ အချစ်တစ်ခုကို ရရှိပြီးမှ ချစ်သူ ကောင်းစားရေးအတွက် ပြန်လည်စွန့်လွှတ်ပေးခဲ့ရသည်။

သို့သော် ထိုဆုံးရှုံးမှုအတွက် ဖြေသိမ့်စရာတစ်ခုတော့ ပြန်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာသည်လည်း "အချစ်"သာလျှင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကျောက်ပြာသာဒ်သခင် ကကြိုးရှင်)ဟု အမည်ပေးထားသည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း. . . ။

အနိဿာဟောတု သုခိအတ္တာနံ ပရိဟရန္တု



စာပြီးချိန်။ ။၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်၊ ကြာသပတေးနေ့၊ ည (၉)နာရီ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com